
www.dhammaransi.com

စာပေလောက

# ရှင်ကျင့်ဝတ်

ရှင်ကျင့်ဝတ်အမေးအဖြေပါရှိသည်

ဓမ္မာစရိယဦးခင်မောင်
စီစဉ်တည်းဖြတ်သည်



ဒိုင်း၊ တရိုးမျိုး

www.dhammaransi.com

၁၇၃၀၉

စာ ပေ လော က
ရှင် ကျင့် ဝတ်

ဦးကြည်ညွန့်
အမှတ်-၂၃၊ ကျောင်းလမ်း၊ ကြို့ကုန်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

# ရှင်ကျင့်ဝတ်

(ရှင်ကျင့်ဝတ် အမေးအဖြေ ပါသည်)

ဓမ္မာစရိယ ဦးခင်မောင်

စီစဉ်တည်းဖြတ်သည်။

A စာပေလောက

www.dhammaransi.com

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် (၀၉၉၀)
မျက်နှာဖုံး ကြိုတင်ခွင့်ပြုချက် အမှတ်(၃၃၂)

.........

မျက်နှာဖုံး
ဖေညွန့်ဝေ

........

မျက်နှာဖုံးပုံနှိပ်
စာပေလောက

........

စောင်ရေ
( ၃၀၀၀ )

.........

ပုံနှိပ်ခြင်း
ပထမအကြိမ်

........

ထုတ်ဝေလ
၁၉၇၃၊ မေလ

........

တန်ဖိုး
၆ ကျပ်

........

ထုတ်ဝေသူ။ ။ဦးခင်ညွန့် (၀၀၇၃) စာပေလောက စာအုပ်တိုက်၊ အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဒေါ်ခင်လှ (၀၁၅၇၈) စာပေလောက ပုံနှိပ်တိုက်၊ အမှတ် ၁၇၃၊ ၃၃ လမ်း ရန်ကုန်မြို့။

www.dhammaransi.com

# မာတိကာ

— နိဒါန်း

## အခန်း—၁


| စဉ် | | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ရှင်ပြုခြင်း | .... | ၁ |
| ၂- | တစပဉ္စက ကမ္မဋ္ဌာန်း | .... | ၂ |
| ၃။ | သင်္ကန်းကပ်ရန် | .... | ၄ |
| ၄။ | သင်္ကန်းတောင်းရန် | .... | ၅ |
| ၅။ | သာမဏေဝတ်ခွင့်တောင်းရန် | .... | ၅ |
| ၆။ | ရှင်သာမဏေ၏ ဆယ်ပါးသီလ တောင်းရန် | .... | ၇ |
| ၇။ | သရဏဂုံပေးခြင်း၊ သရဏဂုံ ခံယူခြင်း | .... | ၉ |
| ၈။ | သာမဏေရ ပဗ္ဗဇ္ဇ ဆယ်ပါးသီလ ခံယူခြင်း | .... | ၁၃ |
| ၉။ | ကာလိက လေးမျိုး | .... | ၁၅ |
| ၁၀။ | ဥပဇ္ဈာယ်ယူခြင်း | .... | ၂၀ |
| ၁၁။ | ဥပဇ္ဈာယ်အင်္ဂါ | .... | ၂၀ |

www.dhammaransi.com



# မာတိကာ

စဉ် စာမျက်နှာ

## အခန်း—၂


၁၂။ ပစ္စည်းလေးပါး .... ၂၃
၁၃။ စီဝရပစ္စဝေက္ခဏာ .... ၂၆
၁၄။ သင်္ကန်းလက္ခာ .... ၂၈
၁၅။ ပိဏ္ဍပါတ ပစ္စဝေက္ခဏာ ... ၂၈
၁၆။ ဆွမ်းလက္ခာ .... ၂၈
၁၇။ လေးဖြာခတ်ဆောင် .... ၂၉
၁၈။ ဣရိယာပထ .... ၂၉
၁၉။ ဘုရားသာသနာ ကျင့်နှစ်ဖြာ .... ၃၀
၂၀။ သေနာသန ပစ္စဝေက္ခဏာ .... ၃၁
၂၁။ ကျောင်းလက္ခာ .... ၃၁
၂၂။ ဘေသဇ္ဇ ပစ္စဝေက္ခဏာ .... ၃၂
၂၃။ ဆေးလက္ခာ .... ၃၄
၂၄။ လိင်ဆယ်ပါး ပါဠိအနက် .... ၃၅
၂၅။ လိင်ဆယ်ပါး .... ၃၅
၂၆။ လိင်ကျခြင်း .... ၃၈
၂၇။ ဒဏ်ဆယ်ပါး ပါဠိအနက် .... ၄၀
၂၈။ ဒဏ်ဆယ်ပါး .... ၄၀

www.dhammaransi.com

## မာတိကာ ( ဂ )

စဉ် စာမျက်နှာ

### အခန်း—၃

၂၉။ သေခိယ .... ၄၄
၃၀။ ပရိမဏ္ဍလဝဂ် .... ၄၄
၃၁။ ဥဇ္ဇဂ္ဃိယဝဂ် .... ၅၀
၃၂။ ခမ္ဘကတဝဂ် .... ၅၃
၃၃။ ကဗဠဝဂ် .... ၆၁
၃၄။ သုရုသုရုဝဂ် .... ၆၃
၃၅။ ပါဒုကဝဂ် .... ၆၇
၃၆။ စုဒ္ဒသခန္ဓကဝတ်ပါဠိအနက် .... ၇၂
၃၇။ ဆရာလေးပါး၊ တပည့်လေးပါး .... ၇၇

### အခန်း—၄

၃၈။ ဝတ်ကျေမှ နိဗ္ဗာန်ရောက် .... ၇၉
၃၉။ သီလလေးမျိုး .... ၈၁
၄၀။ သုံးစွဲခြင်း လေးမျိုး .... ၈၅
၄၁။ လူနတ်ဦးခိုက်ပူဇော်ထိုက်၏ .... ၈၉
၄၂။ ဒသဓမ္မသုတ်ပါဠိတော် နိဿယ .... ၉၃
၄၃။ ၃၂ ကောဋ္ဌာသ ပါဠိအနက် .... ၉၉

www.dhammaransi.com



# မာတိကာ


| စဉ် | | | စာမျက်နှာ |
|---|---|---|---|
| ၄၄။ | ၃၂ ကောဋ္ဌာသ မြန်မာပြန် | .... | ၉၉ |
| ၄၅။ | စွမ်းနိုင်သူများအတွက်ဓုတင်တဆယ့်သုံးချက် | .... | ၁၀၇ |
| ၄၆။ | ဓုတင် တဆယ့်သုံးပါး ပါဠိအနက် | .... | ၁၀၉ |
| ၄၇။ | ရှင်ကျင့်ဝတ် အမေးအဖြေများ | .... | ၁၁၉ |
| ၄၈။ | နိဂုံး | .... | ၁၃၅ |

www.dhammaransi.com

# နိဒါန်း

အပြစ်အပေါင်းတို့မှ ကင်းစင်၍ ကျန်းမာကြံ့ခိုင်သော ရင်သွေးရတနာတပါး ဖွားမြင်နိုင်ရန် ပဋိသန္ဓေ တည်စ ကပင် မိခင်သည် အဘက်ဘက်မှစောင့်ရှောက်ရန် လိုအပ် ပေသည်။ ထို့အတူ မိမိတို့၏ သားငယ်ကို ရှင်ပြုရန် ဆရာ ဘုန်းတော်ကြီးထံ အပ်နှံခြင်းသည် ပဋိသန္ဓေယူခြင်းနှင့် တူ၏ ဟူသော အဋ္ဌကထာဆရာတို့၏ အဆိုအမိန့်သည် ရှင်သာမဏေပြုခြင်း၏ လောကီ-လောကုတ္တရာ နှစ်ဖြာ သော ကိစ္စတွင် မည်မျှ အရေးကြီးကြောင်း ပေါ်လွင် လှပေသည်။

အစ မကောင်းလျှင် အနှောင်း မသေချာ၊ အစ ကောင်းမှ အနှောင်း သေချာသည် ဟူသော စကား အတိုင်း အကျင့်စာရိတ္တ ခိုင်ခံ့၍ ယဉ်ကျေးမှု ဆိုင်ရာ များ ပြည့်ဝကောင်းမွန် သီလဝန္တ ရဟန်းတော်တပါး

www.dhammaransi.com



ဖြစ်ရေးတွင် သာမဏေဘဝသည် အလွန်မှ အရေးကြီး လှပေသည်။

ထိုစကားသည် မှန်၏။ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ သီလဝန္တ ဆရာတော်ကြီးတပါး ဖြစ်ဖို့၊ ဝိနယဓရ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဟူသော သာသနာ့ အာဇာနည်တပါး ထွန်းကားဖို့၊ နောက်ဆုံး အဂ္ဂမဟာ ပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု စသော ဘွဲ့တံဆိပ်တော် မြတ်များ ဆက်ကပ်၍ တိုင်းနိုင်ငံ၏ ဆရာတဆူ အဖြစ် သာသနာ့ အောင်လံတူ ဖြစ်နိုင်ဖို့ အရေးသည်လည်း ဤရှင်သာမဏေယ် ဘဝကပင် စတင်ရသည်မှာ မျက် မြင်အားဖြင့်ပင် ထင်ရှားလှပေသည်။

ထို့ပြင် သာသနာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ သံဃမဟာနာယက ဆရာတော်ကြီးများကို ကြီးကျယ် သောအခမ်းအနားများတွင်ကျိတ်ကျိတ်တိုးမျှတိုးဝှေ့၍ ဖူးမြော်ကြရခြင်း၊ လှူဒါန်းပူဇော်ကြရခြင်း၊ ထိုဆရာ တော်ကြီးများ၏ လောကီ-လောကုတ္တရာ နှစ်ဖြာသော အကျိုးတရား တိုးပွားစေနိုင်သော ဩဝါဒများကို ခံယူ ကြရခြင်း စသည်များသည်လည်း ပဋိသန္ဓေ ဘဝနှင့် အလားတူသော ဤရှင်သာမဏေယ်လေး ဘဝမှ အစကောင်းခဲ့ကြ၍သာ အနှောင်း သေချာရခြင်းများ ပါတကား၊ ပဋိသန္ဓေ ဘဝနှင့်တူသော ဤသာမဏေ ဘဝကပင် ပြည့်စုံလုံလောက်သော အစောင့်အရှောက်

www.dhammaransi.com



ရခဲ့ကြခြင်းကြောင့်သာ ဤမျှအထိသည်ပင် တိုးတက်လာခြင်းပါတကားဟု သဘောပေါက်သင့်ကြပေသည်။

ဤသို့လျှင် လူ့ဘဝအစသည် ပဋိသန္ဓေကစရသကဲ့သို့ မထေရ်ကြီးတပါး၊ မဟာထေရ်ကြီးတပါး၏ ဘဝသည်လည်း ရှင်သာမဏေဘဝကပင် စတင်ရကြောင်းမှာ ထင်ရှားလှပေပြီ။ ထို့ကြောင့် ပဋိသန္ဓေတည်စ ဘဝ၏ အစကာလဖြစ်သော ရှင်သာမဏေငယ်လေးကို ကိုယ်ဝန်ဘဝကပင် စတင်၍ အဘက်ဘက်မှ ပြုပြင် တည်ဆောက်စောင့်ရှောက်သွားရမည့် အရေးသည်ဲ သေးငယ်သောကိစ္စမဟုတ်ကြောင်း လေးလေးနက်နက် သဘောထားအပ်ပေသည်။

အကယ်၍ သာသနာတော်၌ မပျော်ပိုက်၍ လူဝတ်ကြောင် အဖြစ်နှင့်နေစေကာမူ ဤကျင့်ဝတ် စည်းကမ်းများကို လိုက်နာကျင့်ကြံ၍ ထမ်းဆောင် ခဲ့ဖူး သူ ပီပီ သာသနာတော်အကြောင်း ကောင်းကောင်းသိနားလည်သည့် သာသနာတော်ကို ပြုစုတတ် ချီးမြှောက် တတ်သော သူတော်ကောင်း ဒါယကာတယောက်ကောန် ဖြစ်နိုင်သည့်အပြင် မိမိ၏ သားသမီး မြေးမြစ်မှစ၍ မိမိနှင့်နီးစပ်သူ၊ ထိတွေ့သူများကိုပါ ကောင်းသော ကိုယ်ကျင့်တရားများကို ဆင့်ပွားစေနိုင်မည်မှာ မုချဖြစ်ပေသည်။

ထို့ပြင် အလိမ္မာ စာမှာရှိ ဟူသော စကားအရ၊ ယနေ့ မိကောင်းဖခင် သားသမီးများ၊ လိမ္မာယဉ်ကျေး

www.dhammaransi.com



သော လူအများသည် ဤကဲ့သို့သော ဗုဒ္ဓ၏ အဆုံးအမတော်များကို တိုက်ရိုက်အားဖြင့် ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ တနည်းနည်းဖြင့် ခံယူရရှိထားကြသောကြောင့်သာ လိမ္မာတတ်သိ အကျင့်စာရိတ္တ ပြည့်ဝသည့်အခြေသို့ ရောက်ကြရခြင်း ဖြစ်ပေသည်။

ယနေ့ ကလေးသူငယ်တို့အား ထမင်းလုတ် အကြီးကြီး လုပ်မစားနှင့်၊ ထမင်းလုတ်ကြီးနှင့် စကား မပြောနှင့်၊ ထမင်းစားယင် ပျပ်ပျပ်မမြည်စေနှင့်၊ ဟင်းချိုသောက်ယင် ရှူး-ရှူး မမြည်စေနှင့်၊ လက်ကို မလျက်နှင့် လျှာထုတ်မစားနှင့် စသည်ဖြင့် ဆုံးမသြဝါဒ ပေးနေကြခြင်းမှာ ဤဗုဒ္ဓ၏ အဆုံးအမများဖြစ်သော ရှင်ကျင့်ဝတ်များကို ဘုန်းတော်ကြီး ကျောင်းများမှ သွယ်ဝိုက်သောအားဖြင့် ရောက်ရှိလာကြရခြင်း ဖြစ်ပေသည်။

ဤကဲ့သို့လျှင် ရှေးအခါက စာရိတ္တ၏ ပင်မကြီး ဖြစ်ခဲ့သော ဘုန်းတော်ကြီးကျောင်းများမှ ဗုဒ္ဓ၏ အဆုံးအမတော်များကို ဆရာအစဉ်အဆက်နွယ်ယှက်၍ လက်လွှဲကာဆက်ခံကျင့်သုံးခဲ့ကြသောကြောင့် ဗုဒ္ဓဘာသာဝင်တို့၏ ယဉ်ကျေးမှုမှာ ကမ္ဘာတွင် စံတင်လောက်အောင် သားနားခဲ့ပေသည်။ သိမ်မွေ့ခဲ့ပေသည်။

ဤယနေ့အချိန်အခါတွင်မူ ယင်းစာရိတ္တ ကိုယ်ကျင့်တရားများကို အသီးအခြား အရေးတကြီး တမင်လာ အနေဖြင့် သင်ယူဆည်းပူးနေကြရခြင်းမှာ ရှေးကကဲ့သို့

www.dhammaransi.com



လက်လွှဲမပျက် အစဉ်အဆက် နွယ်ယှက် ပေါင်း စပ် မှု မှေးမှိန်ခဲ့ရသောကြောင့် ဖြစ်ပေသည်။

ဆိုလိုသည်မှာ မိမိတို့၏ သားငယ်များကို မိရိုးဖလာ မပျက် ဘုန်းတော်ကြီးကျောင်းများသို့ ပို့အပ်၍ ပညာ သင်ကြားစေခြင်း၊ သက်နိုင်သည့်အရွယ်တွင် ရှင်သာ မဏေအဖြစ် သွတ်သွင်းခြင်း၊ ထိုမှတဆင့်တက်၍ ရဟန်း ပဉ္စင်းဘဝရောက်အောင် ချီးမြှောက်ခြင်းများ လျော့ နည်းခဲ့ကြ၍ ဗုဒ္ဓ၏ယဉ်ကျေးမှု အထွတ်အထိပ် စာရိတ္တ၏ အခြေခံတရားများ လူများအတွင်း စိမ့်ဝင်ပျံ့နှံ့မှု အား နည်းခဲ့ရခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ယနေ့တွင် ထိုအားနည်းချက်၏ တနည်း အားဖြင့် အစ မကောင်းခဲ့ခြင်း၏ အကျိုးဆက်များ အဖြစ်ဖြင့် စာရိတ္တပညာကို တသီးတသန့်ထား၍ အခြေခံ ကျောင်းများမှ စတင်ကာ အပူတပြင်း လေ့လာဆည်း ပူးယင်း သင်ကြားလျက် နေကြရပေသည်။

ဘုန်းတော်ကြီး ကျောင်းများမှလည်း မိမိတို့ဆီသို့ ရောက်လာသော တပည့်သားမြေးများကို ၎င်းတို့အား သ နား သော အား ဖြင့် လည်း ကောင်း၊ တိုင်း ပြည် ၏ အကျိုး၊ အမျိုးဘာသာ၏ အကျိုးကို ရှေးရှုသောအား ဖြင့်လည်းကောင်း၊ သာသနာ့တာဝန်ကို လက်လွှဲ ထမ်း ဆောင်ရန်အတွက်ဟု ရည် ရွယ် ချက် ထား ရှိ ၍ လည်း

www.dhammaransi.com



ကောင်း၊ ကျောင်းသို့ရောက်လာကြသော တပည့်သားငယ်တို့ကို (အမွေတောင်း ယင်း လိုက်ပါလာခဲ့သော သားတော်ရာဟုလာကို သနားတော်မူလှသော မဟာကရုဏာသခင် ဘုရားရှင်သည် သားတော်ရာဟုလာကို နန်းတော်သို့ ပြန်အရောက်မခံပဲ သာသနာ့အမွေ ပေးတော်မူပုံထုံးကို နှလုံးပိုက်၍) သာသနာတော် အတွက် ဆက်လက် ပခုံးပြောင်းနိုင်ဖို့ အရေးကို လေးလေးနက်နက် ဆင်ခြင်ရှုမျှော် စဉ်းစားတော်မူသင့်ကြပါသည်။

www.dhammaransi.com

# နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အခန်း ၁

### ရှင်ပြုခြင်း

ရှင်သာမဏေဝတ်ပေးမှု (ရှင်ပြုခြင်း) ကိုစွဲ (၁) ခေါင်းရိတ်မှု (ဆံချခြင်း)၊ (၂) သင်္ကန်းဝတ်ပေးမှု၊ သင်္ကန်းဆည်းခြင်း၊ (၃) သရဏဂုံပေးမှု၊ ဤသုံးခုကို ပေါင်းစု၍ ရှင်ပြုခြင်းဟု ခေါ်သည်။

---

၁။ ကေသစ္ဆေဒန (ကေသ=ဆံပင်+ဆေဒန=ရိတ်ဖြတ်ခြင်း)
၂။ ကာသာယစ္ဆာဒန(ကာသာယ=သင်္ကန်း+အစ္ဆာဒန+ဖုံးလွှမ်းခြင်း၊ ဝတ်ပေးခြင်း)၊
၃။ သရဏဒါန(သရဏ=သရဏဂုံ+ဒါန=ပေးမှု)။

www.dhammaransi.com



## တစပဉ္စက ကမ္မဋ္ဌာန်း

| ပါဠိ | မြန်မာပြန် |
|---|---|
| အတ္ထိဣမသ္မိံ ကာယေ | ငါ၏ကိုယ်တွင်— |
| ကေသာ | ဆံပင်တသင်း |
| လောမာ | မွေးညှင်းတသီး |
| နခါ | လက်သည်း ခြေသည်း |
| ဒန္တာ | သွားလည်းတထွေ |
| တစော | အရေထူပါး |
| | ရှိလေငြားသည် |
| | လားလား ငါမဟုတ်ချေ |
| | တကား။ |

---

ဘုရားလက်ထက်တော်အခါမှစ၍ ရှင်သာမဏေပြုခါနီးတွင် တစပဉ္စက (တစလျှင် ငါးခုမြောက်ရှိသော) ကမ္မဋ္ဌာန်းကို ပေးလေ့ရှိကြပါသည်။ ရှင်သာမဏေပြုအံ့ဆဲသော မောင်ရှင်လောင်းသည် ဘဝအဆက်ဆက်က အထုံပါရမီရှိခဲ့ပါမူ မိမိ၏ ဦးခေါင်းမှ ယခုပင် ရိတ်ဖြတ်ချလိုက်သော ဆံပင်အစုကို မြင်လိုက်ရသည့် ခဏ၌ပင် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုသွားကြသော ပါရမီရှင်ကလေးများ ဘုရားလက်ထက်တော်အခါက များစွာရှိခဲ့ပါသည်။

www.dhammaransi.com



သို့အတွက် မောင်ရှင်လောင်းအား ကောင်းသော အထောက်အပံ့ ဖြစ်စေခြင်းငှာ ဆရာဘုန်းတော်ကြီးများ သည် အဆိုပါ တစပဉ္စက ကမ္မဋ္ဌာန်းကို ရသမျှအချိန် ကလေးမှာပင် မောင်ရှင်လောင်းအား ဆံချယင်း ဆင် ခြင်သုံးသပ် နှလုံးသွင်းစေကြပါသည်။

ဤသို့ နှလုံးသွင်း ဆင်ခြင်စေရာတွင် ပါဠိတော်သက် သက်မှာ မောင်ရှင်လောင်းအတွက် အခက်အခဲ ရှိနိုင် သောကြောင့် မြန်မာပြန်ကိုသာ နှုတ်က ရွတ်ဆိုစေ၍ ဉာဏ်တွင် သက်ဝင်စေသင့်ပါသည်။

(ဆံချခြင်းကိစ္စ ပြီး၏။)

www.dhammaransi.com

# သက်နှုတ်ပေးမှု

## ဆရာဘုန်းတော်ကြီးထံ သင်္ကန်းကပ်ရန်

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ· ဣမံကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

ဘန္တေ—အရှင်မြတ်ဘုရား၊ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ—အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ နိဗ္ဗာန်ကို၊ သစ္ဆိကရဏတ္ထာယ—မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုပါရခြင်း အကျိုးငှာ၊ ဣမံကာသာဝံ တပည့်တော်၏ လက်၌ရှိသော ဤသင်္ကန်းကို၊ ဂဟေတွာ—ယူတော်မူ၍၊ မံ—တပည့်တော်ကို၊ အနုကမ္ပံ—အစဉ်သနားသည်ကို၊ ဥပါဒါယ—အကြောင်းပြု၍၊ ပဗ္ဗဇေထ—ရှင်သာမဏေ ဖြစ်အောင် ပြုတော်မူပါကုန် အရှင်ဘုရား။

www.dhammaransi.com



## ဆရာဘုန်းတော်ကြီးထံမှ သင်္ကန်းတောင်းရန်

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဧတံကာသာဝံ ဒတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

ဘန္တေ အရှင်ဘုရား၊ သကလ ဝဋ္ဋဒုက္ခ နိဿရဏ နိဗ္ဗာနဿ အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ နိဗ္ဗာန်ကို၊ သစ္ဆိကရဏတ္ထာယ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုပါရခြင်း အကျိုးငှာ၊ ဧတံကာသာဝံ အရှင်ဘုရားလက်၌ ရှိသော ထိုသင်္ကန်းကို၊ ဒတွာ ပေးတော်မူ၍၊ မံ တပည့်တော်ကို၊ အနုကမ္ပံ အစဉ်သနားသည်ကို၊ ဥပါဒါယ အကြောင်းပြု၍၊ သဗ္ဗာဇေထ ရှင်သာမဏေဖြစ်အောင် ပြုတော်မူပါကုန် အရှင်ဘုရား။

## သာမဏေဝတ်ခွင့် တောင်းရန်

ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ။ ဒုတိယမ္ပိ ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာရ ပဗ္ဗဇ္ဇံယာစာမိ။ တတိယမ္ပိ ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံယာစာမိ။

---

မိမိပိုင် သင်္ကန်းဖြစ်စေကာမူ ဆရာဘုန်းတော်ကြီးက ဝတ်ခွင့်မပြုလျှင် မိမိဘာသာ သင်္ကန်း မဝတ်ကောင်း။ ထို့ကြောင့် မိမိသင်္ကန်းကို ဆရာ ဘုန်းတော်ကြီးအား ဆက်ကပ်၍ ထို့နောက်မှ ဆရာဘုန်းတော်ကြီးထံမှ ပြန်လည်တောင်းခံ၍ သင်္ကန်းဝတ်ခွင့် တောင်းရသည်။

www.dhammaransi.com



ဘန္တေ အရှင်မြတ်ဘုရား၊ သံသာရဝဋ္ဋဒုက္ခတော သံသရာဝဋ်ဆင်းရဲမှ၊ မောစနတ္ထာယ ကျွတ်လွတ်ထွက်မြောက်ပါရခြင်း အကျိုးငှာ၊ ပဗ္ဗဇ္ဇံ ရှင်သာမဏေအဖြစ်ကို၊ ယာစာမိ တောင်းပန်ပါ၏ အရှင်ဘုရား။

ဘန္တေ အရှင်မြတ်ဘုရား၊ ဒုတိယမ္ပိ နှစ်ကြိမ်မြောက်လည်း၊ သံသာရဝဋ္ဋဒုက္ခတော သံသရာ ဝဋ်ဆင်းရဲမှ၊ မောစနတ္ထာယ ကျွတ်လွတ်ထွက်မြောက်ပါရခြင်းအကျိုးငှာ၊ ပဗ္ဗဇ္ဇံ ရှင်သာမဏေအဖြစ်ကို၊ ယာစာမိ တောင်းပန်ပါ၏ အရှင်ဘုရား။

ဘန္တေ အရှင်ဘုရား၊ တတိယမ္ပိ သုံးကြိမ်မြောက်လည်း၊ သံသာရ ဝဋ္ဋ ဒုက္ခတော၊ သံသရာဝဋ်ဆင်းရဲမှ၊ မောစနတ္ထာယ ကျွတ်လွတ်ထွက်မြောက်ပါရခြင်း အကျိုးငှာ၊ ပဗ္ဗဇ္ဇံ ရှင်သာမဏေ အဖြစ်ကို၊ ယာစာမိ တောင်းပန်ပါ၏ အရှင်ဘုရား။

(**သင်္ကန်းဝတ်ခြင်းကိစ္စ ပြီး၏။**)

www.dhammaransi.com



## ရှင်သာမဏေ ဆယ်ပါးသီလတောင်းရန်

အဟံ ဘန္တေ တိသရဏေနသဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ။

ဒုတိယမ္ပိ အဟံဘန္တေ တိသရဏေန သဟ သာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ။

တတိယမ္ပိ အဟံဘန္တေ တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ။
(က) ဆရာဘုန်းတော်ကြီး။ ။ယမဟံဝဒါမိ တံဝဒေဟိ
( ရှင် လောင်း အ များ ဆို လျှင် 'တံဝဒေထ' ဟူ ပြောင်းလဲဆိုရန်)။

---

(အရှင်ဘုရား တပည့်တော်သည် သရဏဂုံသုံးပါးနှင့် တကွ ရှင်သာမဏေ၏ ဆယ်ပါးသောသီလကို တောင်းပါ၏။ တပည့်တော်အား ချီးမြှောက်သော အားဖြင့် ဆယ်ပါးသီလကို ပေးသနားတော်မူပါ အရှင်ဘုရား။)

(က) ယံ—အကြင်စကားကို၊ အဟံ၊ ငါသည် ဝဒါမိ—ဆိုအံ့၊ တံ—ထို ငါဆိုသောစကားကို၊ ဝဒေဟိ—လိုက်၍ဆိုလော့ (ငါဆိုတာကို ငါဆိုသည့်အတိုင်း လိုက်၍ဆို။)

www.dhammaransi.com



(၁) ရှင်လောင်း ။ ။အာမဘန္တေ။

(၂) ဆရာဘုန်းတော်ကြီး။ ။နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၃) ရှင်လောင်း။ ။နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

[ဆရာဘုန်းတော်ကြီးက တခေါက်သာ ဆိုပေးသော်လည်း ရှင်လောင်း(များ)က သုံးခေါက်ဆိုရန်။]

---

(၁) အာမဘန္တေ—မှန်ပါ၊အရှင်ဘုရားဆိုသည့်အတိုင်းလိုက်၍ ဆိုပါမည် အရှင်ဘုရား။

(၂) အရဟတော—လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်ရာ အစစ်ဖြစ်တော်မူသော သမ္မာသမ္ဗုဒ္ဓဿ—မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် ငါးတန်ဉေယျ၊ ဓမ္မလုံးစုံ၊တရားပုံကို၊ အကုန်အစဉ် သိမြင်တော်မူသော တဿ ဘဂဝတော ထိုမြတ်စွာဘုရားအား၊ နမော ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

www.dhammaransi.com



## သရဏဂုံပေးခြင်း၊ သရဏဂုံခံယူခြင်း

ဆရာဘုန်းတော်ကြီး။ ။ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

ရှင်လောင်း ။ ။ဆရာဘုန်းတော်ကြီး ဆိုသည့်အတိုင်း လိုက်ဆိုရန်။

ဆရာဘုန်းတော်ကြီး။ ။ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

ရှင်လောင်း ။ ။ဆရာဘုန်းတော်ကြီး ဆိုသည့်အတိုင်း လိုက်ဆိုရန်။

---

ဗုဒ္ဓံ—မြတ်စွာဘုရားကို၊ သရဏံ—ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ—မှီဝဲ ဆည်းကပ်ပါ၏။ ဓမ္မံ—တရားတော်မြတ်ကို သရဏံ—ကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ—မှီဝဲဆည်းကပ်ပါ၏။ သံဃံ—သံဃာတော်မြတ်ကိုဂစ္ဆာမိ—မှီဝဲဆည်းကပ်ပါ၏။ ဒုတိယမ္ပိ နှစ်ကြိမ်မြောက်၊ တတိယမ္ပိ—သုံးကြိမ်မြောက် ဆည်းကပ်ပါ၏။

www.dhammaransi.com



ဆရာဘုန်းတော်ကြီး။ ။တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

ရှင်လောင်း ။ ။ဆရာဘုန်းတော်ကြီး ဆိုသည့်အတိုင်း
လိုက်ဆိုရန်။

ဆရာဘုန်းတော်ကြီး။ ။သရဏ ဂမနံ ပရိပုဏ္ဏံ
(သရဏဂုံပြည့်စုံပြီ။)

ရှင်လောင်း ။ ။အာမဘန္တေ။ (သရဏဂုံပြည့်စုံပါ
ပြီဘုရား။)

(သရဏဒါန=သရဏဂုံပေးခြင်းပြီး၏။)

အထက်က သရဏဂုံသုံးပါးနှင့်တကွ ဆယ်ပါးသော သီလတော်မြတ်ကို ပေးသနားတော်မူပါ ဘုရား ဟု တောင်းခံခဲ့သည့်အတိုင်း ဤမျှသော စကားအစဉ်ဖြင့် ဆရာဘုန်းတော်ကြီးက သရဏဂုံသုံးပါးကို ပေးခဲ့ပြီး ပေပြီ။ တပည့်ကလည်း ခံယူပြီးပေပြီ။

ထို့ကြောင့် ဘုရား တရား သံဃာ ဟူသော ရတနာ သုံးပါးကိုသာ ကိုးကွယ်ရာ အစစ်အမှန်(သရဏ) ဖြစ် သည်ဟု ယုံကြည်သောစိတ်ကို သရဏဂုံစိတ်ဟု ခေါ်ရ

www.dhammaransi.com



သည်။ အာမဘန္တေ—သရဏဂုံ ပြည့်စုံပါပြီဘုရားဟု ဝန်ခံခဲ့သည့်အတိုင်း မိမိသန္တာန်မှာ ရတနာသုံးပါး(သရဏ= ကိုးကွယ်ရာသုံးပါး) ပြည့်စုံ ကြွယ်ဝနေအောင် ပိုက်ဆောက်ထားခြင်း၊ တည်နေအောင်ထားခြင်းကို သရဏဂုံဆောက်တည်ခြင်းဟု ခေါ်ဆိုကြရသည်။

ဤကဲ့ သရဏဂုံပြည့်စုံလျှင်၊ ပြည့်ဝစုံလင်လျှင်၊ ဆရာရော တပည့်ပါ သရဏဂုံကို ပီပီသသ ရွတ်ဆိုပြီးကြလျှင် ရှင်သာမဏေအဖြစ် ရောက်တော့သည် ဖြစ်၏။

ဤနေရာတွင် သရဏဂုံ ပီပီသသ ဖြစ်ဖို့အရေးနှင့် ပတ်သက်၍ အသံထွက်များ (ပြင်းပြင်းထန်ထန် ရွတ်ဆိုရမည့် အက္ခရာများ၊ တင်းတင်းမာမာရွတ်ဆိုရမည့်အက္ခရာများ၊ ယင်းအက္ခရာတို့၏ ဖြစ်ရာဌာန်(ဌာန=နေရာ) ယင်းအက္ခရာများကို ရွတ်ဆိုပုံကရိုဏ်း(ကရဏရွတ်ဆိုပုံ= အသံ ဖြစ်ပေါ်လာအောင် ပြုကြောင်းကို ကရဏ= ကရိုဏ်း) စသည်များကိုလည်းကောင်း၊ နိဂ္ဂဟိတန္တ၊ မကာရန္တ ရွတ်နည်းများကိုလည်းကောင်း ထုတ်ဆောင်၍ ရှင်းလင်းရသော် ရှင်းယင်းနှင့် ရှုပ်ထွေးလာဖွယ်ရာသာ ရှိသည်။

အသံထွက်ဆိုသည့်အတိုင်း ဆရာက အသံထွက်ပြနည်းကို နားထောင်ရမှသာ၊ မြင်ရမှသာ ဌာန်ကရိုဏ်းကျန၍ အသံထွက်အစစ်အမှန်ကို ရနိုင်ပါသည်။

အသံထွက်ကို စာဖြင့်ရေးပြခြင်းဖြင့် စာထဲက အသံထွက်သည်။ မြန်မာသံချင်းကို သင်္ကေတဖြင့် နိုင်ငံခြားသားတယောက်က တီးမှုတ်သလိုသာ ရှိတော့မည်။

ထို့ကြောင့်ရှင်ပြုရမည့်ကလေးကို ကြိုတင်၍ကျောင်းသို့ပို့အပ်ပြီးလျှင် ဌာန်ကရိုဏ်းကျနအောင် ရွတ်နည်းဆိုနည်းများကို လက်ထပ်သင်ပြပေးသောနည်းသည်သာ အကျိုး ပို၍ရှိနိုင်ပါသည်။

နောက်တချက်မှာ မိဘများအနေဖြင့် ကလေးကို ရှင်ပြုရပြီးရော၊ အလှူ အထမြောက်၍ သာသနာ့အမွေခံယူရလျှင်ပြီးရော သဘောထားပြီး သရဏဂုံကိုမျှ ပီသအောင် မရွတ်ဆိုနိုင်သေးသော ရှင်သာမဏေတို့ လိုက်နာ ကျင့်ဆောင်ရသော သိက္ခာပုဒ်များကိုမှ မစောင့်ရှောက် မထိန်းသိမ်းနိုင်လောက်သေးသော အလွန်ငယ်သေးသည့် ကလေးများကို ရှင်ပြု ပေးခြင်းဖြင့် ကလေးအား ချစ်ရာမရောက်၊ နှစ်ရာသို့ ရောက်နိုင်ပေသည်။

www.dhammaransi.com



## သာမဏေရ ပဗ္ဗဇ္ဇ ဆယ်ပါးသီလ ခံယူခြင်း

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၈။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာန ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊

၉။ ဥစ္စာသယန မဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

---

၁။ ပါဏာတိပါတာ—သူ့အသက်သတ်ခြင်းမှ ဝေရမဏိ သိက္ခာပဒံ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို သမာဒိယာမိ၊ ကောင်းစွာ ဆောက်တည်ပါ၏။ (အသေးအဖွဲ့ ဖြစ်သော ပိုးရွ ခြပုံး ပုရွက်ဆိတ်နှင့် ကြမ်းပိုးဥကိုသော်မျှ မသတ်ရ။ သတ်မိလျှင် ဤ သိက္ခာပုဒ် ပျက်တော့၏)။

www.dhammaransi.com



၂။ အဒိန္နာဒါနာ=သူ့ဥစ္စာကို ခိုးဝှက်တိုက်ခိုက်လုယူခြင်းမှ ရှောင်ကြဉ်ရခြင်း (မြက် ဝါးခြမ်း ဖဲတကလေး လောက်မျှကိုပင် မယူရ။ ယူမိလျှင် ဤသိက္ခာပုဒ် ပျက်တော့၏။)

၃။ အဗြဟ္မစရိယာ—မမြတ်သော မေထုန် အကျင့်မှ ရှောင်ကြဉ်ရခြင်း၊ (ဝစ္စမဂ်ကျင်ကြီးစွန့်ရာအပေါက်၊ ပဿာဝမဂ်—ကျင်ငယ်စွန့်ရာ အပေါက်၊ မုခမဂ်—ပါးစပ်ပေါက်၊ ဤသုံးနေရာတွင် တခုခု၌ ဖောက်လွှဲဖောက်ပြန်ကျင့်လျှင် ဤသိက္ခာပုဒ်ပျက်တော့၏။)

၄။ မုသာဝါဒါ—မဟုတ်မမှန် လိမ်လည်လှည့်ပတ် ပြောဆိုခြင်းမှ ရှောင်ကြဉ်ရခြင်း၊ (ပြောင်သလို လှောင်သလို သဘောနှင့်ပင် ဖြစ်စေ၊ မုသား ပြောလျှင် ဤသိက္ခာပုဒ် ပျက်တော့၏။)

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ— မူးယစ် စေတတ်၍ မေ့လျော့ခြင်း၏ အကြောင်း ဖြစ်သော သေရည် အရက်ကို သောက် စား ခြင်း မှ ရှောင်ကြဉ်ရခြင်း၊ (မူးယစ်စေတတ်သော သေရည်အရက်မှန်းသိလျက် သောက်စားလျှင် ဤ သိ က္ခာ ပုဒ် ပျက်တော့၏။ ဤသေရည်သောက်မှု၌ ရဟန်းမှာ သေရည်မှန်း မသိသော်လည်း သေရည်မဖြစ်ခင် သေရည်လုပ်ဖို့မျိုးစေ့ ကိုပင်သောက်လျှင် ပါစိတ်အာပတ်သင့်၍သာမဏေ

www.dhammaransi.com



မှာမူ သေရည်မှန်း သိလျက် သောက်ပါမူ၊ သီလ ပျက်၏။)

၆။ ဝိကာလဘောဇနာ မွန်းလွဲအခါ၌ ထမင်း၊ မုန့် စသော ခဲဖွယ်ဘောဇဉ်ကို စားခြင်းမှ ရှောင်ကြဉ် ရခြင်း (နံနက်စောစော အရုဏ်တက်သည်မှ စ၍ နေ့လယ် မွန်းတည့်တိုင်အောင်သော အချိန်သည် ရဟန်း သာမဏေ ဥပုသ်သည်တို့အတွက် ဆွမ်း ခဲဖွယ် စား ဖွယ် သောက် ဖွယ် တို့ စား သောက် နိုင် သော အချိန်ကာလမည်၏။

မွန်းလွဲအချိန်မှစ၍ နောက်နေ့ အရုဏ်မတက်မီ အချိန်အထိသည် ဝိကာလ-ရဟန်း သာမဏေ ဥပုသ် သည်တို့အတွက် စားသောက်နိုင်သော အချိန်ကာလ မဟုတ်။ ထိုဝိကာလဟု ဆိုအပ်သောတချိန်၌ ဆွမ်း ခဲဖွယ် မုန့်စသည်ကို စားသောက်လျှင် ဤသိက္ခာပုဒ် ပျက်တော့၏။)

## ကာလိက လေးမျိုး

ဤနေရာ၌ ကာလိက လေးမျိုးကို သိထား သင့်၏။

၁။ ယာဝကာလိက။ နံနက်စောစော အချိန်မှ စ၍ မွန်းတည့်အချိန်အထိသာ စားသောက်ကောင်း သော အာဟာရ၊ ဆွမ်း၊ ခဲဖွယ်၊ မုန့် ပဲသားရေစာ စသည်။

www.dhammaransi.com



၂။ ယာမကာလိက။ မွန်း လွဲ အ ခါ်န် မှ စ၍ နောက်ဆုံး ညဉ့်ယံ (အရုဏ်တက်)တိုင်အောင် စား သောက်ကောင်းသော အာဟာရ၊ ဖျော်ရည်၊ဘိလပ် ရည် စ သည် များ (ဆာ လောင် မွတ် သိပ် သော အကြောင်းရှိသော် စားသောက်ကောင်း၏။)

၃။ သတ္တာဟကလိက။ ခုနစ်ရက်ပတ်လုံး စား သောက်ကောင်းသော အာဟာရ၊ စတုမဓူ၊ ထော ပတ်၊ ပျားဆီ သကာ စသည်များ။ (အနာရောဂါ အကြောင်းရှိမှသာ စားသောက်ကောင်း၏။)

၄။ ယာဝဇီဝက။ အ သက် ထက် ဆုံး စား သောက် ကောင်း သော ဆေး။ (အ နာ ရော ဂါ အကြောင်းရှိလျှင် စားသောက်ကောင်း၏။)

၇။ နစ္စ—ကိုယ်တိုင်ကခြင်း၊ သူတပါးကို ကစေခြင်း။ ဂီတ—ကိုယ်တိုင် သီဆိုစေခြင်း၊ သူတပါးကို သီဆို စေခြင်း။ ဝါဒိတ—ကိုယ်တိုင်တီးမှုတ်ခြင်း၊ သူကပါး ကို တီး မှုတ် စေ ခြင်း။ ဝိသူကဒဿန—သာ သ နာ တော်၏ ဆူးငြောင့် ခလုတ်ကန်သင်းသဖွယ် ဖြစ် သော ကခြင်း၊ ထိခြင်း၊ တီးမှုတ်ခြင်းတို့ကို ကြည့်ရှု နားထောင်ခြင်းမှ ရှောင်ကြဉ်ရခြင်း။ (မိမိနေရာ အရပ်သို့ ရောက်လာလျှင်သော်လည်းကောင်း၊ ခရီး သွားယင်း ရင်ဆိုင်တီးနေလျှင်သော်လည်းကောင်း ကြည့်ရှု နားထောင်မိသော်လည်း သိက္ခာ ပုဒ်ကို

www.dhammaransi.com



ကျူးလွန်ရာမရောက်သည့် အတွက် သိက္ခာပုဒ်ကား မပျက်။ သို့သော် သီလညစ်နွမ်းမှုတော့ ဖြစ်နိုင်၏။)

ဂ။ မာလာဓာရဏ–ပန်းအမျိုးမျိုးပန်ခြင်း ၊ဂန္ဓမဏ္ဍန–နံ့သာပျောင်း နံ့သာပျစ်တို့ဖြင့် နိမ့်ရာအရပ်ကို ပြည့်ဖြိုးစေခြင်း၊ ပြေပြစ်အောင်ပွတ်ခြင်း၊ ဂန္ဓဝိလေပန ဝိဘူသန–အရေအဆင်း လှပစေခြင်းငှာ မျက်နှာချေ၊ ပေါင်ဒါမှုန့်၊ နံ့သာဆီတို့ဖြင့် လိမ်းကျံခြင်း ဟူသော၊ ဌာန–ကိလေသာပွားကြောင်း အမှုတို့မှ ရှောင်ကြဉ်ရခြင်း။

ဃ။ ဥစ္စာသယန–ပကတိ လူတို့၏ တထောင့်ထွာထက် အခြေရှိသော ခုတင်၊ ညောင်စောင်း၊ အင်းပျဉ်၊ ထိုင်ခုံ စသော မြင့်သောနေရာနှင့် မဟာသယန–အခြေ၌ ခြသေ့၊ သစ်၊ ကျား၊ သားရဲ၊ ရုပ်တပ်သော၊ မြတ်သောနေရာ၊ ကြီးကျယ်ဆန်းပြား ခမ်းနားသော နေရာတို့၌ နေထိုင်အိပ်စက်ခြင်းမှ ရှောင်ကြဉ်ရခြင်း။ (ဤ၌ အခြေ တထောင့်ထွာထက် ပိုနေလျှင် ဖြတ်ပြီးမှသာ ထိုင်ကောင်း၊အိပ်ကောင်းသည်။တထောင့်ထွာအထိ ခွင့်ပြုတော်မူသည်။)

မဟာသယနနှင့် ပတ်သက်၍ ကြီးကျယ် ဆန်းပြား ခမ်းနားသော အခင်းဟူသည်၊ ဂေါနက–လက်လေး

www.dhammaransi.com



သစ်ထက်လွှန်သော အမွေးရှည်ကော်ဇောကြီး၊ စိတ္တက-အကွက်အပြောက်တို့ဖြင့် ဆန်းကြယ်စွာ ချုပ်လုပ်ထား သော သားမွေးအခင်း၊ ပဋိက-အဖြူထည်သက်သက် ရက်လုပ်ထားသော သားမွေးအခင်း၊ ပဋလိက-ဆေး ရောင်အမျိုးမျိုးတို့ဖြင့် ပန်းပြောက်ခြယ်လျက် သားမွေး ဖြင့် ရက်လုပ်ထားသော အခင်းများကို ခုတင်၊ ကုလား ထိုင်ပေါ်၌ ကိုယ် တိုင် ခင်း ၍ မထိုင်ကောင်း၊ မအိပ် ကောင်း၊ ကြမ်းပြင်ပေါ်၌ကား ခင်း၍ထိုင်ကောင်း၊ အိပ်ကောင်း၏။ လူတို့က ခုတင်၊ ကုလားထိုင်ပေါ်မှာ ခင်းပေးသော် ထိုင်ရုံမျှ ထိုင်ကောင်း၏၊ လဲလျောင်း၍ ကား မအိပ်ကောင်း။

တူလိက-လဲမှို့ ဝါဂွမ်းတို့ဖြင့် အဆာသွတ်ထားသော မွေ့ရာ စသော အခင်းကိုကား မည်သည့်နေရာတွင် မည် သူတို့က ခင်းပေးစေကာမူ မည် သို့မျှ မထိုင်ကောင်း၊ မအိပ်ကောင်း၊ လုံးဝ ခွင့်ပြုတော်မမူ။

ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ-ရွှေငွေကို ခံယူခြင်းမှ ရှောင်ကြဉ်ရခြင်း။ (ဇာတရူပ-ရွှေဟူသမျှလက်ကောက်၊ ဆွဲကြိုး၊ မည်သည့်ပုံစံအသွင်ဖြင့်ရှိစေ ကိုယ်တိုင်လည်း အလှူမခံရ၊ သူတပါးကိုလည်း အလှူမခံခိုင်းရ၊ အနီး၌ ထားသည်ကိုလည်း မသာယာအပ်။ ရဇတ-ဟူသည်၊ ကဟာပဏ စက္ကူဖြစ်စေ၊ ငွေ သ တ္တု ဒင်္ဂါး ကျပ်ပြား

www.dhammaransi.com



ဟူသမျှ၊ လောဟမာသက – ကြေးပဲပိုက်ဆံ၊ မူးစေ့၊ မတ်စေ့၊ ပြားစေ့ ဟူသမျှ၊ ဇာတုမာသက–ချိတ်ပဲပိုက်ဆံ၊ ဒါရုမာသက – သစ်သား ပဲပိုက်ဆံ စသော အရောင်းအဝယ် ပြုလုပ်နိုင်သော ဆိုင်ရာ အစိုးရ မင်းများ က ငွေကြေးပိုက်ဆံဟု သတ်မှတ်ပြဋ္ဌာန်းထားသမျှ အားလုံးကို ကိုယ်တိုင်လည်း မခံယူရ၊ သူတပါးကိုလည်း မခံယူစေရ၊ အနီး၌ဖြစ်စေ၊ တနေရာရာ၌ဖြစ်စေ၊ အပ်နှံ၍ လှူသည်ကိုလည်း မသာယာကောင်းပေ။)

www.dhammaransi.com



## ဥပဇ္ဈာယ်ယူခြင်း

သာမဏေ (ကိုရင်)။ ။ဥပဇ္ဈာယော မေဘန္တေဟောဟိ။
(သုံးခေါက်ဆိုရန်)

ဘန္တေ အရှင်ဘုရား၊ တံ့ အရှင်ဘုရားသည်၊ မေ ဘုရားတပည့်တော်၏၊ ဥပဇ္ဈာယော၊ အပြစ်ကြီး အပြစ်ငယ်ကို လွဲဖယ်မပြု နေ့ညဥ့်ကြည့်ရှု ဆုံးမတတ်သော ဥပဇ္ဈာယ် ဆရာမြတ်သည်၊ ဟောတိ ဖြစ်တော်မူပါအရှင်ဘုရား။

---

## ဥပဇ္ဈာယ်အင်္ဂါ

တပည့်ပရိသတ်တို့ကိုမွေးမြူ၍ တသီးတသန့်ကျောင်း တဆောင် မီးတပြောင် ကျောင်းထိုင်ပြီး ဥပဇ္ဈာယ်ပေးနိုင်သော ဆရာသည် (၁) ဝါတော် ဆယ်ဝါရပြီးဖြစ်ရခြင်း၊ (၂) ဘိက္ခုပါတိမောက်ကို အကျယ်ဖွင့်ပြရာဖြစ်သော ဘိက္ခုဝိဘင်း၊ ဘိက္ခုနီပါတိမောက်ကို အကျယ်ဖွင့်ပြရာဖြစ်သော ဘိက္ခုနီဝိဘင်းဟုခေါ်သော ဝိဘင်းနှစ်မျိုးကိုတတ်သိနားလည်ထားရခြင်း၊ (၃) ကံကြီးကံငယ် ပြုလုပ်ဖွယ် နည်းတို့ကို တတ်သိနားလည်

www.dhammaransi.com



ဆရာဘုန်းတော်ကြီး။ ။ပါသာဒိကေန သမ္ပာဒေဟိ (ကိုရင်အများ ဆိုလျှင် 'သမ္ပာဒေထ'ဟု ဆိုရန်)။

ပါသာဒိကေန–ကြည်ညိုဖွယ်ရာကို ဆောင်တတ်သော ကိုယ်အမူအရာ နှုတ်အမူအရာဖြင့် သမ္ပာဒေဟိ၊ သီလ သမာဓိ ပညာ ဟူသော သိက္ခာသုံးပါးကို ပြည့်စုံအောင် စောင့်ထိန်းလော့။

---

ထားရခြင်း၊ (၄) မဟာဝါခန္ဓက၊ စူဠဝါခန္ဓကဥ္စလာသော အနုစိတ်သိက္ခာပုဒ်များကို တတ်သိနားလည်ထားရခြင်း၊ (၅) နာမ်တရား ရုပ်တရားတို့ကို မိမိကိုယ်တိုင်ကွဲကွဲပြားပြား (နာမရူပ ပရိစ္ဆေဒ) ပိုင်းပိုင်းခြားခြား သိနားလည်၍ သူတပါးတို့အားလည်း ပိုင်ပိုင်နိုင်နိုင် ဟောပြောပြသနိုင်ခြင်း ဟူသော ဤအင်္ဂါငါးပါးနှင့် ပြည့်စုံပြီး ပုဂ္ဂိုလ်များသာ အိမ်တဆောင် မီးတပြောင် ဟူသကဲ့သို့ ကျောင်းခွဲထိုင်နိုင်၍ တပည့်ပရိသတ်တို့ကို မွေးမြူပြီး ဥပဇ္ဈာယ်ပေးနိုင်သည်။

www.dhammaransi.com



ပဆောင်ပုဒ်။ ။ဆယ် ဝါပြည့် တင်း၊ ဝိဘင်း နှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နှာမ်ရုပ်ပိုင်ပိုင်၊ ဟောပြနိုင်၊ ကျောင်းထိုင်ငါးအင်္ဂါ။

ဥပဇ္ဈာယ်ဆရာ (ငါ၏ အပြစ်ကြီးငယ်ကို ထာဝရ ကြည့်ရှုဆုံးမ မည့်ဆရာ)ဟု စိတ်ထဲ၌ မှတ်ယူထားခြင်းကို ဥပဇ္ဈာယ်ယူခြင်းဟု ခေါ်သည်။

သရဏဂုံပေး သော အ ရာ ကို ပဗ္ဗဇ္ဇာစရိယ=ရှင်ပြု ပေးသောဆရာဟု ခေါ်၏။သာမဏေဖြစ်ပြီးသောအခါ တွင် ဤပဗ္ဗဇ္ဇာစရိယနှင့် မလုံလောက်ပေ။ အပြစ်ကြီး ငယ်တို့ကို နေ့ညဥ့်မပြတ် အမြဲကပ်၍ ကြည့်ရှုဆုံးမတတ် သော ဥပဇ္ဈာယ်ဆရာ ရှိရသေး၏။ (ဥပ=ကပ်၍+ဈာယ= ကြည့်ရှုဆုံးမတတ်သောဆရာ) ဤကဲ့သို့ ဥပဇ္ဈာယ် မရှိ သောသူကို ရှင်သာမဏေ ရဟန်းပြုပေးသူမှာ ဒုက္ကဋ် အာပတ်သင့်၏။

www.dhammaransi.com

# အခန်း ၂

## ပစ္စည်းလေးပါး

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးကို ပစ္စည်းလေးပါးဟု ခေါ်၏။ ဤပစ္စည်းလေးပါးတို့သည် သာသနာ့ဝန်ထမ်း ရဟန်း သာမဏေများ၌ မရှိလျှင် မဖြစ်သော ပစ္စည်းများ ဖြစ်၏။ ဤပစ္စည်းများကို လူတို့က ဤရဟန်း သာမဏေ များသည် သုပ္ပဋိပန္နော-ကောင်းမွန်စွာ နေထိုင် ကျင့်ကြံ ကြသည်။ ဥဇု ပဋိပန္နော ဖြောင့်မှန်စွာ ကျင့်ကြံနေထိုင်ကြသည်။ ဉာယပဋိပန္နော နိဗ္ဗာန်အကျိုးငှာ ကျင့်ကြံနေထိုင်ကြသည်။ သာမိစိပဋိပန္နော လောကုတ္တရာတရားနှင့် လျော်ညီစွာ ကျင့်ကြံ နေထိုင်ကြသည်ဟု ယုံကြည်၍ ပစ္စယာနုဂ္ဂဟ ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက် ထောက်ပံ့ကြခြင်း ဖြစ်သည်။

ထို့ကြောင့် ထိုပစ္စည်းများကို ပေါ့ပေါ့တန်တန် သဘော ထား၍ သုံးစွဲလျှင် အပြစ်မကင်း ရှိတော့သည်။ အပြစ်မကင်း

ဟူသည်မှာ မိမိတို့ဘက်က တာဝန်မကျေလျှင် တာဝန်ကြွေးတင်သကဲ့သို့ မိမိတို့စားသောက်သုံးစွဲသော ပစ္စည်းများကို ဆင်ခြင်၍ မသုံးစွဲပဲ အမှုမဲ့အမှတ်မဲ့ သုံးစွဲလျှင် ကြွေးယူ၍ သုံးစွဲရာရောက်တော့၏။ ဤကဲ့သို့ ကြွေးယူ၍ သုံးစွဲခြင်း၊ (ဣဏ–ပရိဘောဂ = ဣဏ = ကြွေးယူ၍ + ပရိဘော = သုံးစွဲခြင်း) မဖြစ်ရအောင် ဘုရားရှင်သည် သာဝကတို့အား ဤပစ္စည်းလေးပါးတို့ကို သုံးစွဲရာ၌ ဆင်ခြင်ဖို့ရာ ပစ္စဝေက္ခဏာ-ဆင်ခြင်ပုံ ဆင်ခြင်နည်းများကို ဟောတော်မူထားသည်။

---

ဤတွင် ပစ္စည်းက လေးမျိုးဖြစ်သည့်အတွက် ဆင်ခြင်နည်းကလည်း လေးပါးပင်ရှိ၏။ ဤဆင်ခြင်နည်းများကို ရှေးက ရှင်သာမဏေများသည် ပုတီးစိပ်ယင်း ဆင်ခြင်ကြ၍ ပုတီးစိပ်လေးပုဒ်ဟု အသိများကြသည်။ အမှန်စင်စစ်မှာမူ ပုတီးစိပ်ရုံသက်သက်၊ နှုတ်ကရွတ်ရုံသက်သက်ဖြင့် ဆင်ခြင်ရာမရောက်နိုင်။ သဘောအဓိပ္ပာယ်ကို တိတိပပ ထင်မြင်အောင် ဆင်ခြင်မှသာလျှင် အပြစ်ကင်းရှင်း ကြွေးမြီတင်ခြင်းမှ ကင်းလွတ်နိုင်ပေမည်။

ထို့ကြောင့် ရှေးဆရာတော်ကြီးများသည် ဤပစ္စဝေက္ခဏာလေးပုဒ်ကို ပါဠိသက်သက် ရွတ်ဆိုနေသည်ထက် မိမိတို့ ဘာသာစကားအလျောက် သဘော

www.dhammaransi.com



အဓိပ္ပာယ်ပေါက်၍ နှလုံးသွင်း ဆင်ခြင်နိုင်စေခြင်းငှာ လက်ဖြင့် စီကုံး၍ သွန်သင်ညွှန်ပြမှု ပြုခဲ့ကြပေသည်။

ထိုပစ္စည်းလေးပါးတို့ကို ဆင်ခြင်သည့်အခါ သင်္ကန်း အတွက်ဆိုလျှင် သင်္ကန်းကို ပြင်ဝတ် တိုင်း ဝတ် တိုင်း ဆွမ်း အ တွက် ဆို လျှင် ဆွမ်း လုတ် တိုင်း လုတ် တိုင်း၊ ကျောင်းအတွက် ဆိုလျှင် ကျောင်းကို အသုံးပြုတိုင်း ပြုတိုင်း ဆင်ခြင်ရမည်ဖြစ်၏။ ဤသို့မှ အနုစိတ်၍ မဆင်ခြင်မိခဲ့သော် အရုဏ်မတက်မီ တချိန်ချိန်မှာမူ ကောန် ဆင်ခြင်ရမည် ဖြစ်၏။ ဆွမ်းမစားမီအချိန်၊ ဆွမ်းစားပြီး အချိန်၊ ညဥ့်ဦးညဥ့်ယံအချိန်၊ သန်း ခေါင် ယံ အချိန်၊ မိုးသောက်ယံ (အရုဏ်မတက်မီနောက်ဆုံး)အချိန်တွင်မှ မဆင်ခြင်မိပါမူ ထိုနေ့အဖို့ ပစ္စည်းလေးပါးကို သုံး ဆောင်ခြင်း၌ (ဣဏ ပရိဘောဂ) ကြွေးယူ၍ သုံးစွဲခြင်း သို့ ရောက်တော့၏။ ကြွေးတင်တော့၏။

ဆေးပစ္စည်းအတွက်မှာမူ သုံး စွဲ မှု ပြုနေဆဲတွင်ပင် တပါတည်း အကြောင်းတင်၍ ဆင်ခြင်မှု ပြုရပေသည်။ အကြောင်းမရှိပဲ သုံးဆောင်မှုပြုလျှင်ပင် သာမဏေတွင် ဒုက္ကဋ်ထိုက်၍ ရဟန်းတွင် အာပတ်သင့်ပေသည်။

www.dhammaransi.com



## ပုတီးစိပ်ဟုခေါ်သော ပစ္စဝေက္ခဏာ ပါဠိအနက်

### စီဝရ ပစ္စဝေက္ခဏာ (သင်္ကန်းဝတ်ရုံတိုင်း ဆင်ခြင်ရန်)

ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ။ ယာဝဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ၊ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ၊ ယာဝဒေဝ ဟိရိကောပိန ပဋိစ္ဆာဒနတ္ထံ။

ယောနိသော=သင့်သော အကြောင်းအားဖြင့်၊ ပဋိသင်္ခါ= ပဋိသင်္ခါယ ပညာဖြင့် ဆင်ခြင်၍၊ စီဝရံ-သင်္ကန်းကို၊ ပဋိသေဝါမိ မှီဝဲပါ၏။ သီတဿ-အအေးကို၊ ယာဝ ပဋိဃာတာယဧဝ-ပယ် ဖျောက်နိုင်ရုံ အကျိုးငှာသာလျှင်၊ ဥဏှဿ--အပူကို၊ ယာဝပဋိ ဃာတာယဧဝ -ပယ်ဖျောက်နိုင်ရုံ အကျိုးငှာသာလျှင်၊ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ - မှက်၊ ခြင်၊ လေ၊

---

ဥဏှဿ အပူဟု သာမညဆိုသော်လည်း မီး၏အပူကို ယူ၍၊ ဝါတာတပ (ဝါတ—အာတပ) ၌ အာတပ—ကို နေ၏အပူ ယူရမည်။

နေ့ပူ၊ မြေ၊ ကင်း၊ သန်းတို့၏ အတွေ့အထိတို့ကို၊ ယာဝ· ပဋိဃာတာယဝေ-ပယ်ဖျောက်နိုင်ရုံ အကျိုးငှာသာလျှင်၊ စီဝရံ-သင်္ကန်းကို၊ ပဋိသေဝါမိ-မှီဝဲပါ၏။ ယာဝ-ဟိရိကောပိန ပဋိစ္ဆာဒနတ္ထံဝေ-အရှက်အကြောက်ကို ဖျက်ဆီးတတ်သော ကျဉ်းမြောင်းရာ အရပ်ကို ဖုံးလွှမ်းခြင်း အကျိုးငှာသာလျှင်၊ (ဟိရိဂုဏ်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းနိုင်ရုံ အကျိုးငှာသာလျှင်)၊ စီဝရံ သင်္ကန်းကို၊ ပဋိသေဝါမိ မှီဝဲပါ၏။

---

သင်္ကန်းလင်္ကာ။ ။ချမ်းပူကိုဖျက်၊ ခြင်မှက်လေနေ၊
ကင်းမြွေလွှဲသန်၊ ဟိရိဂုဏ်ကို၊
ကုန်စေတတ်စွာ၊ ကိုယ်အင်္ဂါကို၊ လုံပါစေလို၊ ကိုယ်ကို
စမ္ပာယ်၊ ဆင်ခြင်မယ်ဟု၊ စိတ်ဝယ်မတန်း၊ ဤသင်္ကန်းကို၊
ဖုံးလွှမ်းဝတ်ရုံပါသတည်း။

## ပိဏ္ဍပါတ ပစ္စဝေက္ခဏာ
## (ဆွမ်းခဲဖွယ် အာဟာရမှီဝဲတိုင်း ဆင်ခြင်ရန်)

ပဋိသင်္ခါယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ။နေဝဒဝါယ နမဒါယ နမဏ္ဍနာယ နဝိဘူသနာယ ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ ယာပနာယ ဝိဟိံသုပရတိယာ ဗြဟ္မစရိယာ နုဂ္ဂဟာယ၊ ဣတိပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ၊ နဝဉ္စဝေဒနံ နဉ္ပါဒေဿာမိ၊ ယာတြာစ မေ ဘဝိဿတိ၊ အနဝဇ္ဇတာစ ဖာသုဝိဟာရောစ။

ယောနိသော-သင့်သော အကြောင်းအားဖြင့်၊ ပဋိသင်္ခါ–ပဋိသင်္ခါယ ပညာဖြင့် ဆင်ခြင်၍၊ ပိဏ္ဍပါတံ–ဆွမ်း အစရှိသော အာဟာရကို၊ ပဋိသေဝါမိ–မှီဝဲပါ၏။ဒဝါယ–ရွာသူသားငယ် တို့ကဲ့သို့ မြူးတူးပျော်ပါး ကစားခြင်းငှာ၊ နေဝပဋိသေဝါမိ–မမှီဝဲပါ၊ (မှီဝဲသည် မဟုတ်ပါ။) မဒါယ–သက်ရှေ့ လက်ပမ်း

---

ဆွမ်းလင်္ကာ။ ။ဤသည့် စားဖွယ်၊ အာမယ်မယ် ကို၊ မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊မသုံးပါဘူး၊ ခေလးဖြာခေတ်ဆောင်၊ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတမ်း၊ မမောပန်းဌြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုက်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း။

www.dhammaransi.com



သည်တို့ကဲ့သို့အား ဟူသော မာန်ယစ်ခြင်းငှာ၊ နပဋ္ဌိသေဝါမိ- မမှီဝဲပါ၊ မဏ္ဍနာယ-နန်းတွင်းသူ ပြည့်တန်ဆာမတို့ကဲ့သို့ ကိုယ် လက် အင်္ဂါ ပြည့် ဖြိုး စေ ခြင်း ငှာ၊ နပဋ္ဌိသေဝါမိ-မမှီဝဲပါ၊ ဝိဘူသနာယ-ကျွမ်းသမား၊ ကချေသည်တို့ကဲ့သို့ အရေအဆင်း ကြည်လင်စေခြင်းငှာ၊ နပဋ္ဌိသေဝါမိ-မမှီဝဲပါ၊ဣမဿကာယဿ ဤရူပကာယ၏၊ ယာဝ ဋ္ဌိတိယာဧဝ-တည်တံ့နိုင်ရုံ အကျိုးငှာ သာလျှင်၊ယာဝ ယာပနာယဧဝ-ဣရိယာပထ-မျှတနိုင်ရုံအကျိုး ငှာသာလျှင်၊ ယာဝ ဝိဟိံသူပရတ္တိယာဧဝ-ဆာလောင် မွတ်သိပ် ခြင်း ဆင်းရဲကင်းရုံ အကျိုးငှာသာလျှင်၊ ယာဝဗြဟ္မစရိယာ နုဂ္ဂဟာယဧဝ-မြတ်စွာဘုရား၏ သာသနာတော်ကို ချီးမြှောက် နိုင်ရုံ အကျိုးငှာသာလျှင်၊ (သာသနမဂ္ဂဗြဟ္မစရိယ နှစ်ပါးကို ချီးမြှောက်နိုင်ရုံ အကျိုးငှာသာလျှင်)၊ ပိဏ္ဍပါတံ-ဆွမ်း အစ ရှိသော အာဟာရကို၊ ပဋ္ဌိသေဝါမိ-မှီဝဲပါ၏။ ဣတိ-ဤသို့ မှီဝဲခြင်းဖြင့်၊ ပုရာဏံ-အ ဟောင်း ဖြစ် သော၊ ဝေဒနဉ္စ- ဆာ

---

**လေးဖြာခတ်ဆောင်။** ။ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ကို (မြေ၊ ရေ၊ လေ၊ မီး) ခတ်ကြီးလေးပါးဟု ခေါ် သည်။

**ဣရိယာပထ။** ။လျှောင်း ထိုင် ရပ် သွား၊ လေးပါး ဣရိယာ ယူသည့်အတိုင်း(တိဋ္ဌ - ရပ် ခြင်း၊ စရံ-သွားခြင်း၊နိသိန္နော- ထိုင်ခြင်း၊သယာနော- လျောင်းခြင်း (အိပ်ခြင်း)တို့ကို ဣရိယာပထ- ဣရိယာ ပုဒ် လေးပါးဟု ခေါ် သည်။

www.dhammaransi.com



လောင်မွတ်သိပ်ခြင်း ဆင်းရဲဝေဒနာကိုလည်း၊ ပဋိဟင်္ခါမိ–ငါပယ်ဖျောက်အံ့၊ နဝံ–အသစ်ဖြစ်သော၊ ဝေဒနဉ္စ–နိုင်းဆမရှိ စားမိ၍ရသော ဆင်းရဲဝေဒနာကိုလည်း၊ နဥပ္ပါဒေဿာမိ–မဖြစ်စေအံ့၊ မေ–ငါ့အား၊ ယာတြာစ ဣရိယာပထ မျှတခြင်းသည်လည်းကောင်း၊ အနဝဇ္ဇတာစ အပြစ်မရှိခြင်းသည်လည်း ကောင်း၊ ဖာသုဝိဟာရောစ–ချမ်းသာစွာ နေရခြင်းသည်လည်း ကောင်း၊ ဘဝိဿတိ ဖြစ်လတ္တံ့၊ ဣတိ–ဤသို့ ဆင်ခြင် နှလုံးယှဉ်၍၊ ပိဏ္ဍပါတံ–ဆွမ်း အစရှိသော အာဟာရကို ပဋိသေဝါမိ မှီဝဲပါ၏။

---

ဘုရားသာသနာ၊ ကျင့်နှစ်ဖြာ။ ။ကျမ်းစာ ပိဋကတ်တို့ကို သင်အံလေ့ကျက်ခြင်း တတ်မြောက် ပြီး လျှင် လည်း ပြန်လည်၍ စာပေပို့ချခြင်း ဟူသော ဂန္ထဓုရ (ဂန္ထ = စာပေကျမ်းဂန်+ဓုရ–အားထုတ်ခြင်း၊ သင်အံလေ့ကျက်ခြင်း၊ ပို့ချခြင်း) တာဝန်နှင့် ဘာ ဝ နာ က မ္မ ဋ္ဌာန်း စီးဖြန်းခြင်း ဟူသော ဝိပဿနာဓုရ(ဝိပဿနာ–အထူးထူးအထွေထွေ (အနိစ္စ၊ ဒုက္ခ၊ အနတ္တ–မမြဲပုံ၊ မကောင်းပုံ၊ အနှစ်သာရ မရှိပုံတို့ကို) ရှုမြင် ဆင်ခြင် သုံး သပ် ခြင်း ဋ္ဌ+မုရ–အားထုတ်ပွားများခြင်း) တာဝန်နှစ်ပါးကို (တပါးပါးကို ဖြစ်စေ) ထမ်းဆောင်နေမှသာ သာသနာ့ဝန်ကို ထမ်းဆောင်ရာရောက်သည်။

www.dhammaransi.com



## သေနာသန ပစ္စဝေက္ခဏာ
## (ကျောင်းအိပ်ရာနေရာကို အသုံးပြုတိုင်း ဆင်ခြင်ရန်)

ပဋိသင်္ခါ ယောနိသော သေနာသနံ ပဋိသေဝါမိ။ ယာဝဒေဝ သီတဿ ပဋိဃာတာယ၊ ဥဏှဿ ပဋိဃာတာယ၊ ဍံသမကသ ဝါတာတပ သရိသပ သမ္ဖဿာနံ ပဋိဃာတာယ၊ယာဝဒေဝ ဥတုပရိဿယ ဝိနောဒန ပဋိသလ္လာ နာရာမတ္ထံ။

ယောနိသော–သင့်သောအကြောင်းအားဖြင့်၊ ပဋိသင်္ခါ ပဋိသင်္ခါယ–ပညာဖြင့် ဆင်ခြင်၍၊ သေနာသနံ – ကျောင်းအိပ်ရာနေရာကို၊ ပဋိသေဝါမိ – မှီဝဲပါ၏။ သီတဿ – အအေးကို၊ ယာဝ ပဋိဃာတာယဧဝ –ပယ်ဖျောက်နိုင်ရုံအကျိုးငှါသာလျှင်၊ ဥဏှဿ – အပူကို၊ ယာဝ ပဋိဃာတာယဧဝ –ပယ်ဖျောက်နိုင်ရုံ အကျိုး ငှါ သာ လျှင်၊ ဍံသ မကသ ဝါတာတပ သရိသပ သမ္ဖဿာနံ – မှက်၊ခြင်၊လေ၊နေပူ၊ မြွေ၊ကင်း၊သန်းတို့၏ ကိုက်ခဲခြင်း အတွေ့အထိတို့ကို၊ ယာဝ ပဋိဃာတာယဧဝ – ပယ်ဖျောက်

---

ကျောင်းလင်္ကာ။ ။ချမ်းပူကိုဖျက်၊ ခြင်မှက်လေနေ၊ ကင်းမြွေဝေးမှု၊ဥတုဆေးကျမ်း၊
မသမ်းကင်းစင်၊ စိတ်ကြည်လင်ကြောင်း၊ နေရာကျောင်းကို၊ ကိန်းအောင်းမှီခိုပါသတည်း။

www.dhammaransi.com



နိုင်ရုံ အကျိုးငှာသာလျှင်၊ သေနာသနံ – ကျောင်းအိပ်ရာနေရာကို၊ ပဋိသေဝါမိ – မှီဝဲပါ၏။ ယာဝ ဧဝ ဥတုပရိဿယ ဝိနောဒန ပဋိသလ္လာနာရာမတ္ထံဝေ – ဥတုဘေးရန်ကို ပယ်ဖျောက်နိုင်ရုံ၊ တပါတည်း ကိန်းအောင်းခြင်း၌ မွေ့လျော်နိုင်ရုံ အကျိုးငှာသာလျှင်၊ သေနာသနံ – ကျောင်းအိပ်ရာနေရာကို၊ ပဋိသေဝါမိ မှီဝဲပါ၏။ (ဤ၌လည်း ဥတုသာ – မိုးပူ၊ အာတပ – နေပူလု ခွဲခြားမှတ်ပါ။)

## ဘေသဇ္ဇ ပစ္စဝေက္ခဏာ
## (ဆေးပစ္စည်းကိုမှီဝဲသည့်အခါတိုင်းဆင်ခြင်ရန်)

ပဋိသင်္ခါ ယောနိသော ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ ပဋိသေဝါမိ။ ယာဝ ဒေဝ ဥပ္ပန္နာနံ ဝေယျာ ဗာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ အဗျာဗဇ္ဈ ပရမတာယ။

---

ဆေးဟူသည် လျက်ဆား စသည်နှင့်ထောပတ်၊ဆီဦး၊ ဆီ၊ ပျားရည်၊ သကာရည်၊ သကြား၊ ထန်းလျက်များ ကို ခေါ်သည်။

ဤဆေးများကို ရောဂါ ဝေဒနာတခုခု ထင်ရှား ဖြစ်နေခြင်း၊ ယခုဖြစ်နေဆဲမဟုတ်သော်လည်း ဖြစ်လာ နိုင်စရာ သိသိသာသာ ထင်ရှားသောအခါများ၌ သုံး

www.dhammaransi.com



ယောနိသော- သင့်သောအကြောင်းအားဖြင့်၊ ပဋိသင်္ခါ၊ ပဋိသင်္ခါယ - ပညာဖြင့်ဆင်ခြင်၍၊ ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ - အနာရောဂါ၏ ဆန့်ကျင်ဘက် အသက်၏ အရံ အတားဖြစ်သော ဆေးကို၊ ပဋိသေဝါမိ - မှီဝဲပါ၏။ ဥပ္ပန္နာနံ ဖြစ်ပြီး ဖြစ်လတ္တံ့ကုန်သော၊ (ဖြစ်ပြီး ဝေဒနာနှင့်တူကုန်သော)၊ ဝေယျာဗာဓိကာနံ – ဓာတ်ချောက်ချားခြင်း စသည်တို့ကြောင့် ဖြစ်ကုန်သော၊ ဝေဒနာနံ - ဆင်းရဲဝေဒနာ အနာရောဂါတို့ကို ယာဝပဋိဃာတာယဧဝ - ပယ်ဖျောက်နိုင်ရုံ အကျိုးငှာသာလျှင်၊ ယာဝ အဗျာပဇ္ဈ ပရမတာယဧဝ—ဆင်းရဲကင်းပျောက် ချမ်း သာရောက်ရုံအတိုင်း အရှည်အကျိုးငှာသာလျှင်၊ ဂိလာနပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ—အနာရောဂါ၏ ဆန့်ကျင်ဘက် အသက်၏ အရံအတားဖြစ်သောဆေးကို၊ ပဋိသေဝါမိ—မှီဝဲပါ၏။

---

ဆောင်ကောင်းသည်။ မှတ်သိပ်ဆာလောင်ရုံသက်သက် ဖြင့် အတုံးအခဲလိုက် (ဝိကာလ နေလွဲအခါ၌) မသုံး ဆောင်ကောင်း၊ မှတ်သိပ်ဆာလောင်သောအခါ အရည် အဖြစ်နှင့်သာ သုံးဆောင် ကောင်းသည်။ သို့သော် အဖတ်မပါသော ဖျော်ရည်၊ မီးနှင့် ချက်မထားသော ဖျော်ရည်၊ ဘိလပ်ရည်သာ သုံးဆောင်ကောင်းသည်။

ဤဆေးပစ္စည်းတို့ကို သုံးဆောင်သောအခါ၌ သုံး ဆောင်ဆဲ ခဏ၌ပင် သူ့နေရာနှင့်သူ တပါတည်း၊ တခါ

www.dhammaransi.com



တည်း အကြောင်းပြချက် တင်၍ ဆင်ခြင် ရသည်။ အကြောင်းပြချက်မရှိပဲ သုံးဆောင်လျှင် အပြစ်ရှိသည်။ ဆာလောင် မွတ်သိပ်သောကြောင့် စားလိုသည့်အခါပင် ဖြစ်စေ၊ မွတ်သိပ် ဆာလောင်မှုကို ပယ်ဖျောက်၍ ဗုဒ္ဓ မြတ်စွာ၏ သာသနာ့ တာဝန်ကို ထမ်းဆောင်နိုင်ရန် အကျိုးငှာသာ ဤဆေးကို သုံးဆောင်ပါသည် ဟူသော အကြောင်းပြချက်ထား၍ ဆင်ခြင်ပါမှသာ သုံးဆောင် ထိုက်၏။

ဆေးလင်္ကာ။

နာကျင်ခံခက်၊ နှိပ်စက်ပိစိး၊ ဖြင်ပြီးဖြစ်တာ၊ ဝေဒ နာကို၊ စွန့်ခွာပယ်လျှင်း၊ ဆင်းရဲကင်း၍၊ လူမင်းမြတ်စွာ၊ သာသနာကို၊ ကြည်သာရွှင်လန်း၊ ဖြည့်နိုင်စွမ်းဖို့၊ ရည် မှန်း သုံးဆောင်ပါသတည်း။

ဆွမ်း သင်္ကန်း ကျောင်း ဆေး လေးပါးလုံးအတွက် ပေါင်းရုံး၍ ဆင်ခြင်ရန် လင်္ကာ

ပိန္ဍပ်၊ ဆိမ်း၊ ထီးတောင်ဝှေးစ၊ ဟူသမျှကို၊ အေးမြ ချမ်းပူ၊ မြေငူသစ်ငုပ်၊ ခလုတ်ဆူးငြောင့်၊ မနှောင့်အေး ချမ်း၊ မသမ်းကင်းစင်၊ စိတ်ကြည်လင်၍၊ အားအင် ပြည့်မှာ၊ သာသနာကို၊ ကောင်းစွာကျင့်ဆောင်၊ ဖြည့် နိုင်အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း။

www.dhammaransi.com



## လိင်ဆယ်ပါး ပါဠိအနက်

ဒသဟင်္ဂေဟိ သမန္နာဂတော သာမဏေရော နာသေတဗ္ဗော။ ပါဏာတိ ပါတီဟောတိ၊ အဒိန္နာဒါယီဟောတိ၊ အဗြဟ္မစာရီ ဟောတိ၊ မုသာဝါဒီဟောတိ၊ သုရာမေရယမဇ္ဇပါယီဟောတိ၊ ဗုဒ္ဓဿအဝဏ္ဏံဘာသတိ၊ ဓမ္မဿအဝဏ္ဏံဘာသတိ၊ သံဃဿအဝဏ္ဏံ ဘာသတိ၊ မိစ္ဆာဒိဋ္ဌိကော ဟောတိ၊ ဘိက္ခုနိ ဒူသကောဟောတိ၊ ဣမေဟိ ဒေဒသ ဟင်္ဂေဟိ သမန္နာဂတော သာမဏေရော နာသေတဗ္ဗော။

---

### လိင်ဆယ်ပါး

လိင်ဆယ်ပါးဟူသည်....

၁။ ပါဏာတိပါတ သိက္ခာပုဒ်ကို ကျူးလွန်ခြင်း၊

၂။ အဒိန္နာဒါန သိက္ခာပုဒ်ကို ကျူးလွန်ခြင်း၊

၃။ အဗြဟ္မစရိယ သိက္ခာပုဒ်ကို ကျူးလွန်ခြင်း၊

၄။ မုသာဝါဒ သိက္ခာပုဒ်ကို ကျူးလွန်ခြင်း၊

၅။ သုရာမေရယ သိက္ခာပုဒ်ကို ကျူးလွန်ခြင်း၊

(ဤငါးပါးသည် သာမဏေ၏ ဆယ်ပါးသီလ ရှေ့ပိုင်းတွင် ပါဝင်သော သိက္ခာပုဒ် ငါးပါးတည်း။)

၆။ ဗုဒ္ဓဿ အဝဏ္ဏ ဘာသန–ဗုဒ္ဓရှင်တော်မြတ်၏ ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားကို ပြောဆိုခြင်း၊ (ဘုရား မဟုတ်ဘူး၊ အလုံးစုံကို မသိနိုင်ဘူး စသည်ဖြင့် ပြောဆိုခြင်း။)

www.dhammaransi.com



ဒသဟိ–ဆယ်ပါးကုန်သော၊ အင်္ဂေဟိ–အကြောင်းအင်္ဂါတို့နှင့် သမန္နာဂတော–ပြည့်စုံသော၊ သာမဏေရော–သာမဏေကို၊ နာသေတဗ္ဗော–အသင်္ကန်းကိုဖျက် လူထွက်စေအပ်၏။ ပါဏာတိပါတီ–သူ့အသက်ကိုသတ်ခြင်းရှိသည်၊ ဟောတိ–ဖြစ်၏။ အဒိန္နာဒါယီ–အရှင်မပေးသော သူ့ဥစ္စာကို ခိုးယူခြင်းရှိသည်၊ ဟောတိ–ဖြစ်၏။ အဗြဟ္မစာရီ–မမြတ်သော မေထုန်အကျင့်ကို ကျင့်ခြင်းရှိသည်၊ ဟောတိ–ဖြစ်၏။ မုသာဝါဒီ–မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းရှိသည်၊ ဟောတိ–ဖြစ်၏။ သုရာမေရယမဇ္ဇပါယီ-မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်ကို သောက်ခြင်းရှိသည်၊ ဟောတိ–ဖြစ်၏။

---

၇။ ဓမ္မဿ အဝဏ္ဏ ဘာသန–တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ (ဤတရားကိုကျင့်လို့ ဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင် စသည်ဖြင့် ပြောဆိုခြင်း)။

၈။ သံဃဿ အဝဏ္ဏ ဘာသန – သံဃာတော်၏ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို ပြောဆိုခြင်း (အရိယာ အဖြစ်ရောက်ပြီးသော သံဃာတော်ကို ကောင်းမွန်စွာ ကျင့်သူမဟုတ်၊ ဖြောင့်မှန်စွာ ကျင့်သူမဟုတ် စသည်ဖြင့် ပြောခြင်း၊ မဂ်၌တည်သော ပုဂ္ဂိုလ်လေးယောက်၊ ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးယောက်ကိုမဂ္ဂဋ္ဌာန်လေးယောက်

www.dhammaransi.com



ဗုဒ္ဓဿ—မြတ်စွာဘုရား၏၊ အဝဏ္ဏံ—ကျေးဇူးမဲ့ကဲ့ရဲ့သောစကား ကို၊ ဘာသတိ—ပြောဆို၏။ ဓမ္မဿ—တရားတော်မြတ်၏၊ အဝဏ္ဏံ—ကျေးဇူးမဲ့ကဲ့ရဲ့သော စကားကို၊ ဘာသတိ—ပြောဆို၏။ သံဃဿ သံဃာတော်၏၊ အဝဏ္ဏံ ကျေးဇူးမဲ့ကဲ့ရဲ့သော စကားကို၊ ဘာသတိ—ပြောဆို၏။ မိစ္ဆာဒိဋ္ဌိကော—မှားသော အယူရှိသည်၊ ဟောတိ—ဖြစ်၏။ ဘိက္ခုနိဒူသကော—ဘိက္ခုနီမကို ဖျက်ဆီးသည်၊ ဟောတိ—ဖြစ်၏။ ဒသဟိ—ဆယ်ပါးကုန်သော၊ ဣမေဟိ အင်္ဂေဟိ—ဤအကြောင်းအင်္ဂါတို့နှင့်၊ သမန္နာဂတော—ပြည့်စုံသော၊ သာမဏေရော သာမဏေကို၊ နာသေတဗ္ဗော—အသင်္ကန်းကို ဖျက် လူထွက်စေအပ်၏။

---

ဖလဋ္ဌာန်လေးယောက်ဟု ခေါ်သည်။ ရှစ်ယောက်သော အရိယာသံဃာ (ပရမတ္ထသံဃာ)မည်၏။ မဂ်ဖိုလ် မရသေးသော ပုထုဇဉ် သံဃာကို သမုတိ သံဃာဟု ခေါ်သည်။

၉။ မိစ္ဆာဒိဋ္ဌိ—မှားယွင်းသော အယူရှိခြင်း၊ (ကံနှင့် ကံ၏အကျိုးကို မယုံကြည် လက်မခံခြင်း၊ မည်သူမဆို ဤဘဝမှသေလျှင် ဘဝပြတ်တော့၏။ နောက်ထပ်မဖြစ်ရဟု ဥစ္ဆေဒဒိဋ္ဌိ—စသော အယူရှိခြင်း။)

၁၀။ ဘိက္ခုနိ ဒူသက — ဘိက္ခုနီမ၌ မေထုန်ကျင့်ခြင်း။ (ဘိက္ခုနီမကို ကျူးလွန် ဖျက်ဆီး ခြင်း သည်

www.dhammaransi.com



အဗြဟ္မစရိယ မမြတ်သော မေထုန်အကျင့်ပင် ဖြစ်၍ အဗြဟ္မစရိယတွင် ပါဝင်ပြီး ဖြစ်သော်လည်း ဘိက္ခုနီမ၌ ကျူးလွန်ခြင်းသည် အဗြဟ္မစရိယထက် အပြစ်ကြီးလေးကြောင်းကို ပြတော်မူလိုသည့်အတွက် တသီးတခြား ထပ်၍ ပြတော်မူလေသည်။)

အဗြဟ္မစရိယ—မမြတ်သော မေထုန်အကျင့်ကို လူမ၊ တိရစ္ဆာန်မတို့၌ ကျူးလွန်မိသော်လည်း နောင်တရ၍ နောင်အခါ စောင့်စည်းပါမည် ဟူသော စိတ်ရှိလျှင် ရှင်သာမဏေအဖြစ် ထပ်ဖြစ်ခွင့်ရှိသည့်အပြင်၊ အသက်စေ့သည့်အခါ ရဟန်း အဖြစ်သို့ပင် တက်လှမ်းနိုင်ခွင့်ရှိသည်။ ဘိက္ခုနီဒူသက – ဘိက္ခုနီမ၌ ကျူးလွန်မိသူကား ရှင်သာမဏေအဖြစ်ပင် ဆက်လက်ရပ်တည်ခွင့် မရနိုင်။ ရဟန်းဘဝ ရောက်နိုင်ဖို့မူကား ပြောဖွယ်ရာ မရှိတော့ချေ။

## လိင်ကျခြင်း

သူ့အသက်သတ်ခြင်း စသော ပြစ်မှုဆယ်ပါးတွင် တပါးပါး ကျူးလွန်သော သာမဏေကို အသွင်ကို ပျက်လုထွက်စေထိုက်၏ဟု ဘုရားရှင်၏ အမိန့်တော်နှင့်အညီ လိင်—သာမဏေ၏အသွင်သဏ္ဍာန်မှ လျှောကျရလောက်အောင် ကျူးလွန်ခြင်း ဖြစ်၍ လိင်ကျသည် (အသွင်သဏ္ဍာန်မှ လျှောကျသည်)ဟု ခေါ်ရသည်။

www.dhammaransi.com



ဤကဲ့သို့ ဖြစ်မှုဆယ်ပါးတွင် တပါးပါး ကျူးလွန်မိ၍ လိင်ကျသော သာမဏေသည် ထိုကျူးလွန်သော ခဏ၌ပင်လျှင် ရှေးက ခံယူထားသည့် သရဏဂုံသုံးပါး၊ ဥပဇ္ဈာယ်ခံယူထားမှု၊ သံဃိက ကျောင်းအိပ်ရာနေရာ၌ နေထိုင်နိုင်မှု အခွင့်အလမ်း ဟူသမျှ အကုန်ရပ်စဲတော့သည်။ သံဃလာဘ်ဟူသမျှနှင့် မည်သို့မျှ ဆက်စပ်မှု မရှိတော့။ သက်န်းပတ်ထားသည့် သ ဘော သက် သက် မျှ (အသွင်သဏ္ဌာန်မျှ)သာ ကြွင်းကျန်ရစ်တော့သည်။

ထို့ကြောင့် ထိုသာမဏေသည် နောင်တရ၍ နောင်အခါ စောင့်စည်းလိုမှု၊ စိတ်အားထက်သန်မှု ရှိနေပါသေးလျှင် နဂိုဝတ်မြဲအတိုင်း သင်္ကန်းဝတ်လျက်နှင့်ပင် သရဏဂုံ ထပ်ယူစေခြင်း၊ ဥပဇ္ဈာယ်ထပ်ယူစေခြင်း ကိစ္စတို့ကို ဆောင်ရွက်စေသင့်သည်။

သို့သော် ၎င်းသာမဏေသည် အပြစ်တွေ ဗလပွေ ရှုပ်ပွနေသူ ဖြစ်သည့်ပြင်၊ နောင်အခါတွင်လည်း စောင့်စည်း ထိန်းသိမ်းရန် အလားအလာမရှိသူ ဖြစ်ခဲ့သော် အသွင်ကိုဖျက် လူထွက်စေပြီးလျှင် ကျောင်းမှ နှင်ထုတ်လိုက်ရပေမည်။

www.dhammaransi.com



## ဒဏ်ဆယ်ပါး ပါဠိအနက်

ဒသ ဟင်္ဂေဟိ သမန္နာ ဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတဗ္ဗံ။ ဝိကာလဘောဇနော ဟောတိ၊ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနော ဟောတိ၊ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနော ဟောတိ၊ ဥစ္စာသယန မဟာသယနော ဟောတိ၊ ဇာတရူပရဇတ ပဋိဂ္ဂဟဏော ဟောတိ၊ ဘိက္ခူနံ အလာဘာယ ပရိသက္ကတိ၊ ဘိက္ခူနံ အနတ္ထာယ ပသက္ကတိ၊ ဘိက္ခူနံ အဝါသာယ ပရိသက္ကတိ၊ ဘိက္ခူ အက္ကောသတိ၊ ဘိက္ခူ ဘိက္ခူတိ ဘေဒေတိ။ ဣမေဟိ ဒသဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံကာတဗ္ဗံ။

---

### ဒဏ်ဆယ်ပါး

သဲဒဏ်၊ ရေဒဏ်၊ ထမ်း စေမှု၊ ထင်းထမ်းစေမှု၊ ကျောင်းဝိုင်းအတွင်း အမှိုက်ရှင်းစေမှု တခုခုအား ပြုစေခြင်းကို ဒဏ်ပေးသည်ဟု ခေါ်၏။ ဒဏ်ပေးထိုက်သော ပြစ်မှု ဆယ်ပါးကား....

၁။ ဝိကာလဘောဇန သိက္ခာပုဒ်ကို ကျူးလွန်ခြင်း၊
၂။ နစ္စ ဂီတ သိက္ခာပုဒ်ကို ကျူးလွန်ခြင်း၊
၃။ မာလာဂန္ဓ သိက္ခာပုဒ်ကို ကျူးလွန်ခြင်း၊

www.dhammaransi.com



ဒသဟိ—ဆယ်ပါးကုန်သော၊ အင်္ဂေဟိ—အကြောင်းအင်္ဂါတို့နှင့်၊ သမန္နာဂတဿ—ပြည့်စုံသော၊ သာမဏေရဿ—သာမဏေကို၊ ဒတ္တုကမ္မံ—ဒဏ်ပေးအပ်သော အမှုကို၊ ကာတဗ္ဗံ—ပြုအပ်၏။ ဝိကာလဘောဇနော—နေလွဲညစာ စားခြင်းရှိသည်၊ ဟောတိ—ဖြစ်၏။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနော—သာသနာတော်၏ ငြောင့်တံကျင်သဖွယ်ဖြစ်သော ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၌ ကြည့်ရှုနားထောင်ခြင်း ရှိသည်၊ ဟောတိ—ဖြစ်၏။ မာလာဂန္ဓဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနော—ပန်းပန်ခြင်း နံ့သာလိမ်းကျံခြင်း၊ နံ့သာပျောင်းတို့ဖြင့် နိမ့်ရာအရပ်တို့၌ အပြေအပြစ်ပြုခြင်းရှိသည်၊ ဟောတိ—ဖြစ်၏။ ဥစ္စာသယန မဟာသယနော—

၄။ ဥစ္စာသယန မဟာသယန သိက္ခာပုဒ်ကို ကျူးလွန်ခြင်း၊

၅။ ဇာတရူပ သိက္ခာပုဒ်ကို ကျူးလွန်ခြင်း၊

(ဤငါးပါးသည် သာမဏေ၏ ဆယ်ပါးသီလ ရှေ့ပိုင်းတွင်ပါဝင်သော သိက္ခာပုဒ် ငါးပါးတည်း။)

၆။ ရဟန်းတော်များကို ဆွမ်း စသော လာဘ်လာဘ မရအောင် ပြုလုပ်အားထုတ်ခြင်း၊

၇။ ရဟန်းတော်များကို နေမြဲကျောင်း၌ မ နေ နိုင်အောင် ပြုလုပ်အားထုတ်ခြင်း၊

www.dhammaransi.com



ပကတိ လူတို့၏ တထောင့်တွာထက် အနေမြဲရှိသော ညောင်စောင်း အင်းပျဉ်ဟု ဆိုအပ်သော မြင့်သောနေရာ၊ အခြေ၌ ခြင်္သေ့၊ သစ်၊ ကျား၊ သားရဲရုပ်တပ်သော မြတ်သောနေရာ၌ နေခြင်းရှိသည်၊ ဟောတိ—ဖြစ်၏။ ဇာတရူပရဇတ ပဋိဂ္ဂဟဏော— ရွှေငွေကို ခံယူခြင်းရှိသည်၊ ဟောတိ—ဖြစ်၏။ ဘိက္ခုနံ—ရဟန်းတို့၏၊ အလာဘာယ—လာဘ်မရစေခြင်းငှာ၊ ပရိသက္ကတိ—လုံ့လပြု၏။ ဘိက္ခုနံ—ရဟန်းတို့အား၊ အနတ္ထာယ—အကျိုးမဲ့ ဖြစ်စိမ့်သောငှာ၊ ပရိသက္ကတိ—လုံ့လပြု၏။ ဘိက္ခုနံ—ရဟန်းတို့အား၊

---

၈။ ရဟန်းတော်များကို အကျိုးမဲ့ဖြစ်အောင် ပြုလုပ်အားထုတ်ခြင်း၊

၉။ ရဟန်းတော်များကိုဆဲရေးတိုင်းထွာကြိမ်းမောင်းခြိမ်းခြောက်ခြင်း၊

၁၀။ ရဟန်းတော် အချင်းချင်း ကွဲပြားအောင်၊ မသင့်မြတ်အောင်၊ ကုန်းချောရန်တိုက်ခြင်းများဖြစ်၏။

ဤဆယ်ပါးတွင် တပါးပါးကျူးလွန်သော သာမဏေကို သူ ဝင် ထွက် သွား လာ နေ သော ကျောင်းသို့ မလာနှင့်ဟု တားမြစ် ပိတ်ပင်သောအားဖြင့် ဒဏ်ပေးထိုက်၏။

www.dhammaransi.com



အဝါသာယ – နေမြဲကျောင်း၌ မနေစိမ့်သောငှာ၊ ပရိသက္ကတိ–
လုံ့လပြု၏။ ဘိက္ခူ–ရဟန်းတို့ကို၊ အက္ကောသတိ–ဆဲရေး၏။
ပရိဘာသတိ–ရေရွတ်၏၊ ခြိမ်းခြောက်၏။ ဘိက္ခူရဟန်းတို့ကို၊
ဘိက္ခူဟိ–ရဟန်းတို့နှင့်၊ ဘေဒေဟိ–ကုန်းတိုက်သဖြင့် ကွဲစေ၏။
ဒသဟိ–ဆယ်ပါးကုန်သော ဣမေဟိအင်္ဂေဟိ–ဤအကြောင်း
အင်္ဂါတို့နှင့်၊ သမန္နာဂတဿ – ပြည့်စုံသော သာမဏေရဿ–
သာမဏေကို၊ ဒဏ္ဍကမ္မံ–ဒဏ်ပေးအပ်သောအမှုကို၊ ကာတဗ္ဗံ–
ပြုအပ်၏။

---

ဤသို့ ဒဏ်ပေးရာတွင် နောင် ရှောင်ကြဉ် လိမ့်မည်
ဟူသော သူ့အပေါ် သနားကြင်နာသော စိတ်ထား
ဖြင့်သာ ဒဏ်ပေးသင့်၏။ လူထွက်သွားစေလိုသောစိတ်၊
ပျက်စီးစေလိုသော စိတ်ထားမျိုးဖြင့် မပေးအပ်။ထို့ပြင်
ငါဒဏ်ပေးမယ်ဆိုပြီး ကျောက်ဖျာအပူပေါ် အိပ်ခိုင်း
ခြင်း၊ အုတ်ခဲ ရွက်ခိုင်းထားခြင်း၊ ရေထဲ နှစ်ခြင်းမျိုး
မပြုအပ်ပေ။

www.dhammaransi.com

အခန်း ၃

# သေခိယ ပါဠိ အနက်

## ပရိမဏ္ဍလဝဂ်

ဣမေ ခေါပနာယသ္မန္တော သေခိယာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

(၁) ပရိမဏ္ဍလံ နိဝါသေဿာမီတိ သိက္ခာ ကရဏီယာ။
(၂) ပရိမဏ္ဍလံ ပါရုပိဿာမီတိ သိက္ခာ ကရဏီယာ။
(၃) သုပ္ပဋိစ္ဆန္နော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

အာယသ္မန္တော—အရှင်တို့၊ သေခိယာ=သေခိယ မည်ကုန်သော၊ ဣမေခေါပနဓမ္မာ—ဤ သိက္ခာ ပုဒ် တို့ သည်၊ ဥဒ္ဒေသံ—သရုပ်အားဖြင့် ရွတ်ပြအပ်ကုန်သည်၏ အဖြစ်သို့၊ အာဂစ္ဆန္တိ—ရောက်ကုန်၏။

---

## သေခိယ

သင်ထိုက် ကျင့်ထိုက်သောသိက္ခာပုဒ်များဟုခေါ်၏။ ဤသေခိယ-သင်အပ် ကျင့်အပ်သော သိက္ခာပုဒ်များတွင် နေနည်း၊ ထိုင်နည်း၊ နေပုံ ထိုင်ပုံတို့နှင့် ပတ်သက်၍

www.dhammaransi.com



၁။ ပရိမဏ္ဍလံ—အဝန်းညီစွာ၊ နိဝါသေဿာမိ=သင်းပိုင်ကို ဝတ်အံ့၊ ဣတိ=ဤသို့၊ သိက္ခာ—အကျင့်ကို (သင့်ခြင်း၊ ကျင့်ခြင်း၊ အားထုတ်ခြင်းကို) ကရဏီယာ—ပြုကျင့်အပ်၏။

၂။ ပရိမဏ္ဍလံ—အဝန်းညီစွာ၊ ပါရုပိဿာမိ—ကိုယ်ဝတ်ကို ရုံအံ့၊ ဣတိ—ဤသို့၊ သိက္ခာအကျင့်ကို၊ ကရဏီယာ—ပြုကျင့်အပ်၏။

---

နေတတ်ထိုင်တတ် သွားတတ်လာတတ်အောင် သွန်သင်ဟောပြအပ်သော သိက္ခာပုဒ်များ၊ စားပုံသောက်ပုံနှင့် ပက်သက်၍ စားတတ် သောက်တတ် အောင် သွန်သင်ညွှန်ပြအပ်သော သိက္ခာပုဒ်များ၊ ဧည့်သည် အာဂန္တုအဖြစ်နှင့် ကျင့်ဆောင်ရမည့်ဝတ်၊ အိမ်ရှင်အာဝါသိကများ၏ ကျင့်ဆောင်ရမည့်ဝတ် စသည်ဖြင့် ဝတ်ကြီးဝယ်ငယ် အသွယ်သွယ်တို့ဖြင့် ရဟန်း သာမဏေတို့အား ကမ္ဘာပေါ်တွင် အယဉ်ကျေး ဆုံးသော ပုဂ္ဂိုလ်များဖြစ်အောင် ဗုဒ္ဓရှင်တော်မြတ်သည် ဟောပြ သွန်သင်စုံလင်စွာ ဆုံးမတော်မူခဲ့ပေသည်။

သို့ကြောင့် ဗုဒ္ဓရှင်တော်မြတ် ဟောပြတော်မူသည့်အတိုင်း လိုက်နာဆောင်ရွက် ပြုကျင့်လိုက်သော အကျင့်မြတ်တို့ကို လိုက်နာဆောင်ရွက် နေထိုင်ကျင့်ကြံသွားပါလျှင် “ရဟန်းကျင့်ဝတ်၊ တပါးတတ်က၊ လူနတ်ဦးခိုက်၊

www.dhammaransi.com



၃။ သုပ္ပဋိစ္ဆန္နော-ကောင်းစွာ ဖုံးလွှမ်းလျက်၊ အန္တရဿရေ-ရွာတွင်း၌ ဂမိဿာမိ-သွားအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

---

ပုဇော်ထိုက်၏" ဟူသည်နှင့်အညီ လူကြီး လူ ကောင်း အများပင်လျှင် "အဥ္စလိကရဏီယော" လက်အုပ်ချီမိုး ရှိခိုးဦးချထိုက်သောပုဂ္ဂိုလ်အဖြစ်သို့ ရောက်နိုင်ပေသည်။

မလိုက်နာ မကျင့်သုံးသော ရှင်သာမဏေ ရဟန်းတို့ အဖို့တွင်မူ လောလောဆယ်အားဖြင့် ဘုရားရှင်၏ အမိန့်တော်ကို သွေဖည်လွန်ဆန်သည့်အတွက် သာမဏေတွင် ဒဏ်ထိုက်၍ ရဟန်းတော်များတွင် အာပတ်သင့်ရောက်ပြီး "ရဟန်းကျင့်ဝတ် တပါးချွတ်က၊ လူနတ်မကြိုက်၊ ကဲ့ရဲ့ထိုက်၏"ဟု ဆိုသည့်အတိုင်း ပစ္စုပ္ပန်လောကတွင်လည်း ဗုဒ္ဓဘာသာဝင် အများပင်လျှင် ကြည်ညိုသဒ္ဓါ မပွားနိုင်ရုံမျှမက၊ ဘာသာခြားသာသာဝသို့ ရောက်သွားနိုင်ပေသည်။ ဘာသာခြားများ အမြင်တွင်မူကား ပြောဖွယ်ရာမရှိ၊ ကဲ့ရဲ့ဖွယ်အတိ ဖြစ်မည်မှာ ဧကန်ပင် ဖြစ်တော့မည်။

ထို့ကြောင့် ကြည်ညိုဖွယ်ရာကို ဆောင်တတ်သော ကိုယ်အမူအရာ၊ နှုတ် အ မူ အ ရာ တို့နှင့် ပြည့်စုံအောင် စောင့်ထိန်းကြလော့ဟု ဆရာဥပဇ္ဈာယ်၏ မိန့်မှာချက်နှင့် အညီ ကြည်ညိုဖွယ်ရာသော ကိုယ်အမူအရာ၊ နှုတ်အမူ

www.dhammaransi.com



အရာတို့ကို မှချပေးစွမ်းနိုင်သော ဗုဒ္ဓရှင်တော်မြတ်၏ ပညတ်ထုတ်ဖော် အမိန့်တော်မြတ်ကို မိမိကိုယ် အသက်ကိုပင် စွန့်လိုက်ရစေကာမူ သိက္ခာပုဒ်တော် များကို မဖျက်မိအောင် စောင့်စည်းလိုက်နာထိုက်လှပေသည်။

(ခါးမှာ ဝတ်အပ်သော အဝတ်ကို 'သင်းပိုင်'ဟု ခေါ်သည်။ သင်းပိုင်ကို ဝတ်သောအခါ ချက်ကို ဖုံးမိအောင် ဝတ်ရသည်။ ချက်ပြူးမဝတ်ရ။ အောက်ဘက်အတိုအရှည်မှာ ဒူးဆစ်အောက် လက်ရှစ်သစ်ခန့် ချပြီး ဝတ်ရသည်။ ရှေ့ဘက်ရော နောက်ဘက် ပါ ဝိုင်းနေအောင် ဝတ်ရသည်။ ဤကဲ့သို့ဝတ်မှ ပရိမဏ္ဍလ-ဝန်းဝိုင်းနေအောင် ဝတ်ရာရောက်သည်။)

(ကိုယ်မှာခြုံထားသော သင်္ကန်းကို'ကေသိ'ဟု ခေါ်သည်။ ကျောင်းတွင်းမှာနေစဉ် ပခုံးတဘက်ဖော်၍ ကိုယ်ပေါ်မှာခြုံထားခြင်းကို သင်္ကန်းရန်းသည်ဟုခေါ်သည်။ မြို့ရွာထဲ သွားသည့်အခါ လည်ပင်း၏ နောက်ပိုင်းကိုလည်း ဖုံးမိအောင်၊ လက်ကောက်ဝတ်အထက် ဗယ်ဘက်သက်ကိုလည်း လိပ်ပတ်လျက် ပခုံးနှစ်ဘက်လုံး ခြုံငုံထားခြင်းကို သင်္ကန်းရုံခြင်းဟုခေါ်သည်။ ဤကေသိကို ရန်းသည့်အခါ၊ ရုံသည့်အခါတို့၌ သင်းပိုင်၏အထက်သက်ရှစ်သစ်မြင့်၍ညီညွတ်ဝန်းဝိုင်းစွာရုံရ၊ရန်းရသည်။)

www.dhammaransi.com



(၄) သုပ္ပဋိစ္ဆန္နော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

(၅) သုသံဝုတော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

(၆) သုသံဝုတော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

(၇) ဩက္ခိတ္တစက္ခု အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၈။ ဩက္ခိတ္တစက္ခု အန္တရဃရေ နိသီဒိဿာ မီတိသိက္ခာကရ ဏီယာ။

---

(သုပ္ပဋိစ္ဆန္န=မြို့တွင်းရွာတွင်း၌ သွားလာ နေထိုင်သည့်အခါ လက်ကောက်ဝတ် အပြင်ဘက် လက်ဖျားခြေသလုံးအပြင်ဘက် လက်ဖျားနှင့် ဦးခေါင်းဟူသော ဤသုံးနေရာတို့ကိုသာဖော်၍ ကျန်သော ကိုယ်အင်္ဂါ အစိတ်အပိုင်းများကို ဖုံးဖိ၍ သွားလာနေထိုင်ခြင်းသည် ကောင်းစွာ ဖုံးလွှမ်းခြင်းမည်၏။)

(ဩက္ခိတ္တစက္ခု=မြို့တွင်း ရွာတွင်းသို့သွားသည့်အခါ ရထားတံပိုးတပြန်လောက် လေးတောင်ခန့်သာ ကြည့်၍ သွားခြင်းကို စက္ခုငြှာချပြီးသွားခြင်းဟုခေါ်သည်။)

www.dhammaransi.com



၉။ န ဥက္ခိတ္တကာယ အန္တရဃရေ ဂမိဿာ မိတိ သိက္ခာ ကရဏီယာ။

၁၀။ န ဥက္ခိတ္တ ကာယ အန္တရဃရေ နိသီဒိဿာ မိတိ သိက္ခာ ကရဏီယာ။

## ပရိမဏ္ဍလဝဂ္ဂေါ ပဌမော

၄။ သုပ္ပဋိစ္ဆန္နော-ကောင်းစွာ ဖုံးလွှမ်းလျက်၊ အန္တရဃရေ-ရွာတွင်း၌၊ နိသီဒိဿာမိ-နေအံ့၊ ဣတိ-သို့၊ သိက္ခာ-ကို ကရဏီယာ-၏။

၅။ သုသံဝုတော-ကောင်းစွာ လက်ခြေတို့ကို စောင့်စည်းလျက်၊ အန္တရဃရေ-၌၊ ဂမိဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

၆။ သုသံဝုတော-လျက်၊ အန္တရဃရေ-၌၊ နိသီဒိဿာမိ-အံ့၊ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

၇။ ဩက္ခိတ္တ စက္ခု-လေးတောင်ခန့်မျှကိုသာ ကြည့်လျက် ချအပ်သော မျက်လွှာရှိသည်ဖြစ်၍၊ အန္တရဃရေ-၌၊ ဂမိဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ကရဏီယာ-၏။

၈။ ဩက္ခိတ္တစက္ခု-လေးတောင်ခန့်မျှကိုသာကြည့်၍ ချအပ်သော မျက်လွှာရှိသည်ဖြစ်၍၊ အန္တရဃရေ-၌၊ နိသီဒိဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

www.dhammaransi.com



၉။ ဥက္ကိတ္တကာယ–သက်န်းကို မြှောက်ပင့်လျက်၊ အန္တရဃရေ–၌၊ နဂမိဿာမိ–မသွားအံ၊ ဣတိ–သို့၊ သိက္ခာ–ကို၊ ကရဏီယာ–၏။

၁၀။ ဥက္ကိတ္တကာယ–လျက်၊ အန္တရဃရေ–၌၊ နနိသီဒိဿာမိ–မနေအံ့၊ ဣတိ–သို့၊ သိက္ခာ–ကို၊ ကရဏီယာ–၏။

ပဌမော-ရှေးဦးစွာသော၊ ပရိမဏ္ဍလဝဂ္ဂေါ–ပရိမဏ္ဍလဝဂ်တည်း။

## ဥဇ္ဇဂ္ဃိကဝဂ်

(၁၁) နဥဇ္ဇဂ္ဃိကာယ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

(၁၂) န ဥဇ္ဇဂ္ဃိကာယ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

(၁၃) အပ္ပသဒ္ဒေါ အန္တရဃရေ ဂမိဿာမီတိ သိက္ခာကရဏီယာ။

(၁၄) အပ္ပသဒ္ဒေါ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

---

(ပရိမဏ္ဍလသိက္ခာပုဒ်ကို အစထား၍သိက္ခာပုဒ်ဆယ်ခုပေါင်းစုထားခြင်းကို ပရိမဏ္ဍလဝဂ်ဟု ခေါ်၏။ ဝဂ္ဂ–အပေါင်းအစု။)

www.dhammaransi.com



၁၁။ ဥဇ္ဇင်္ဂိကာယ-ပြင်းစွာရပ်လျက်၊ အန္တဃရေ-၌၊ နဂ မိဿာမိ-မသွားအံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ကရဏီယာ-၏။

၁၂။ ဥဇ္ဇင်္ဂိကာယ-လျက်၊ အန္တရဃရေ-၌၊ နိသီဒိဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

၁၃။ အပ္ပသဒ္ဒေါ-ငယ်သောအသံ ရှိသည်ဖြစ်၍၊ အန္တရဃ ရေ-၌၊ ဂမိဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

---

မြို့တွင်း ရွာတွင်း၌ ကျယ်လောင်သော အသံနှင့် စကားမပြောရသော်လည်း တရားကိုကား အများကြား လောက်အောင် ဟောကောင်း၏။ ဤ၌ အပ္ပသဒ္ဒ=ငယ် သောအသံ တိုးသောအသံနှင့် မဟာသဒ္ဒ=ကျယ်လောင် သော အသံ ဟူသည် ၁၂ တောင် အကျယ် အဝန်း အတွင်း ခြောက်တောင်စီခြားလျက် ပုဂ္ဂိုလ်သုံးယောက် ထိုင်နေကြရာတွင် ပထမပုဂ္ဂိုလ် ပြောသော စကားကို ဒုတိယ အလယ်ပုဂ္ဂိုလ်သည် စကားလုံးကို ကွဲကွဲပြားပြား ကြားရ၍ တတိယအစွန်ပုဂ္ဂိုလ်အနေဖြင့် အသံမျှကိုသာ ကြားရပြီး စကားလုံးကို ကွဲကွဲပြားပြား မကြားရသော ဤအနေအထားသည် အပ္ပသဒ္ဒဖြစ်၏။ တတိယပုဂ္ဂိုလ် ပါ စကားလုံး ကွဲကွဲပြားပြား မကြားရသောအသံသည် မဟာသဒ္ဒ ကျယ်လောင်သောအသံဖြစ်သည်ဟူ၏။)

www.dhammaransi.com



၁၄။ အပ္ပသဒ္ဒေါ-၍၊ အန္တရဃရေ-၌၊ နိသီဒိဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

၁၅။ နကာယပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၆။ နကာယပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၇။ နဗာဟုပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၈။ နဗာဟုပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၉။ နသီသပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၂၀။ နသီသပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၅။ ကာယပ္ပစာလကံ-ကိုယ်ကို လှုပ်၍လှုပ်၍၊ အန္တရဃရေ-၌၊ နဂမိဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

၁၆။ ကာယပ္ပစာလကံ-ဤ၊ အန္တရဃရေ-၌၊ နနိသီဒိဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

၁၇။ ဗာဟုပ္ပစာလကံ-လက်ရုံးကို လှုပ်၍လှုပ်၍၊ အန္တရဃရေ-၌၊ နဂမိဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

www.dhammaransi.com



၁၈။ ဗာဟုပ္ပစာလကံ-ဤ၊ အန္တရဃရေ-၌၊ နနိသီဒိဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

၁၉။ သီသပ္ပစာလကံ—ဦးခေါင်းကို လှုပ်၍လှုပ်၍၊ အန္တရဃရေ—၌၊ နဂမိဿာမိ—အံ့၊ ဣတိ—သို့၊ သိက္ခာ—ကို၊ ကရဏီယာ—၏။

၂၀။ သီသပ္ပစာလကံ—ဤ၊ အန္တရဃရေ—၌၊ နနိသီဒိဿာမိအံ့၊ ဣတိ—သို့၊ သိက္ခာ—ကို၊ ကရဏီယာ-၏။

ဒုတိယော - နှစ်ခုမြောက်သော၊ ဥဇ္ဇဂ္ဃိကဝဂ္ဂေါ= ဥဇ္ဇဂ္ဃိကဝဂ်တည်း။

## ခမ္ဘကတဝဂ်

(၂၁) နခမ္ဘကတော အရဃန္တရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

(၂၂) နခမ္ဘကတော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

(၂၃) နဩဂုဏ္ဌိတော အန္တရဃရေ ဂမိဿာ မီတိ သိက္ခာ ကရဏီယာ။

(၂၄) နဩဂုဏ္ဌိတော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၂၁။ ခမ္ဘကတော-ခါးထောက်လျက်၊ အန္တရဃရေ-၌၊ နဂမိဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ၏။

www.dhammaransi.com



၂၂။ ခမ္ဘကတော-လျက်၊ အန္တရဃရေ-၌၊ နန္ဒိသိဒိဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

၂၃။ ဩဂုဏ္ဌိတော- ဦးခေါင်းခြုံလျက်၊ အန္တရဃရေ-၌၊ နဂမိဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

၂၄။ ဩဂုဏ္ဌိတော-လျက်၊ အန္တရဃရေ-၌၊ နနိသိဒိဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

၂၅။ နဥက္ကုဋိကာယ အန္တရဃရေ ဂမိဿာမိတိ သိက္ခာ ကရဏီယာ။

၂၆။ နပလ္လတ္ထိကာယ အန္တရဃရေ နိသိဒိဿာမိတိ သိက္ခာ ကရဏီယာ။

၂၇။ သက္ကစ္စံ ပိဏ္ဍပါတံပဋိဂ္ဂဟေဿာမိတိသိက္ခာကရဏီယာ။

၂၀။ ပတ္တသညီ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမိတိ သိက္ခာ ကရဏီယာ။

၂၅။ ဥက္ကုဋိကာယ-ဖဆုံနင်းလျက်၊ ဖဝါးစွန်း နင်းလျက်၊ အန္တရဃရေ-၌၊ နဂမိဿာမိ-မသွားအံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

၂၆။ ပလ္လတ္ထိကာယ-လက်အာယောဂပတ်၊ ပုဆိုးအာယောဂပတ်ဖွဲ့လျက်၊ အန္တရဃရေ-၌၊ နနိသိဒိဿာမိ - မနေအံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

၂၇၊ သက္ကစ္စံ-လေးစားသောအား သတိထားလျက်၊ ပိဏ္ဍပါတံ-ဆွမ်းကို၊ ပဋိဂ္ဂဟေဿာမိ-ခံယူအံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

www.dhammaransi.com



၂၇။ ပတ္တသညီ—သပိတ်၌ အမှတ်ရှိသည်ဖြစ်၍၊ ပိဏ္ဍပါတံ—ဆွမ်းကို၊ ပဋိဂ္ဂဟေဿာမိ ခံယူအံ့၊ ဣတိ—သို့၊ သိက္ခာ—ကို၊ ကရဏီယာ-၏။

၂၈။ သမသူပကံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမိတိ သိက္ခာ ကရဏီယာ။

၃၀။ သမတိတ္တိကံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမိတိ သိက္ခာ ကရဏီယာ။

ခမ္ဘကတဝဂ္ဂေါ တတိယော။

၃၁။ သက္ကစ္စံ ပိဏ္ဍပါတံ သုဥ္စိဿာမိတိ သိက္ခာ ကရဏီယာ။

၂၉။ သမသူပကံ—ဆွမ်း၏လေးဖို့တဖို့ပဲ နောက်တင်းနှင့်မျှရုံ၊ ပိဏ္ဍပါတံ—ကို၊ ပဋိဂ္ဂဟေဿာမိ-ခံယူအံ့၊ ဣတိ-သို့၊ သိက္ခာ—ကို၊ ကရဏီယာ-၏။

---

(ဥက္ကုဋိက=ဖနောင့်က မြေ၌မထိပဲ ခြေဖျားဖြင့်သာ ထောက်၍ သွားခြင်း၊ ခြေဖျားက မြေ၌မထိပဲ ဖနောင့်ဖြင့်သာ ထောက်၍ သွားခြင်းကို ဖဝါးစွန်း နင်းလျက် သွားခြင်းဟုခေါ်သည်။ စကားဆွံ့အ,ခြင်း၊စကားမပြည့်မစုံပြောခြင်းကို ဆွံ့သည်အ,သည်ဟု ခေါ်သကဲ့သို့ ဤ၌လည်း ဖဝါးအပြည့်အစုံ မနင်းပဲ အစွန်း တစ်ခုဖြင့်သာ ထောက်၍ သွားခြင်းကို ဖဆွံ့(ဖဝါးဆွံ့) နင်းခြင်း ဟု ခေါ်သည်။)

www.dhammaransi.com



၃၀။ သမတိတ္တိကံ—သပိတ်အတွင်းအနားရေးနှင့်မျှရုံ၊ ပိဏ္ဍပါတံ—ကို၊ ပဋိဂ္ဂဟေဿာမိ=အံ့၊ ဣတိ -သို့၊ သိက္ခာ—ကို၊ ကရဏီယာ—၏။
တတိယော -သုံးခုမြောက်ဖြစ်သော—ခမ္ဘကတဝဂ္ဂေါ-တည်း။

၃၁။ သက္ကစ္စံ—လေးစားသောအားသတိထား၍၊ ပိဏ္ဍပါတံ-ကို၊ ဘုဉ္ဇိဿာမိ—စားအံ့၊ ဣတိ—သို့၊သိက္ခာ—ကို၊ ကရဏီယာ—၏။

(၃၂) ပတ္တသညီပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
(၃၃) သပဒါနံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာကရဏီယာ။
(၃၄) သမသူပကံ ပိဏ္ဍပါတံဘုဉ္ဇိဿာမီတိသိက္ခာကရဏီယာ။
(၃၅) နတူပက တောဩမဒ္ဒိတွာ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၂။ ပတ္တသညီ=သပိတ်၌အမှတ်ရှိသည်ဖြစ်၍၊ ပိဏ္ဍပါတံ-ကို၊ ဘုဉ္ဇိဿာမိတိ—အံ့၊ ဣတိ—သို့၊ သိက္ခာ—ကို၊ ကရဏီယာ - ၏။

---

(သမသူပက=ပဲဟင်းမှတပါး သား ငါး ဟင်းများကိုမူ တတ်နိုင်သူများက လောင်းလှူခြင်းဖြစ်၍ လေးပုံ-တစ်ပုံထက်လည်း ပိုမို၍ ခံယူနိုင်ပါသည်။)

www.dhammaransi.com



၃၃။ သပဒါနံ - အစဉ်အတိုင်း ပိဏ္ဍပါတံ - တို၊ ဘုဉ္ဇိဿာမိ အံ့၊ ဣတိ - သို့၊ သိက္ခာ - ကို၊ ကရဏီယာ - ၏။

၃၄။ သမသူပကံ - ဆွမ်း၏ လေးဖို့တစ်ဖို့ ပဲနောက်ဟင်းနှင့်မျှရုံ၊ ပိဏ္ဍပါတံ - ကို၊ ဘုဉ္ဇိဿာမိ - အံ့၊ ဣတိ- သို့၊ သိက္ခာ - ကို၊ ကရဏီယာ - ၏။

၃၅။ ထူပကတော - ဆွမ်းဦးဆွမ်းထိပ်မှ၊ ဩမဒ္ဒိတွာ - နှိပ်၍ နှိုက်၍၊ ပိဏ္ဍပါတံကို၊ နဘုဉ္ဇိဿာမိ အံ့၊ ဣတိ သို့ သိက္ခာ ကို၊ ကရဏီယာ၏။

---

(သပဒါန=သပိတ်ထဲ ၊ ပန်းကန်ပြားထဲ၌ရှိသောဆွမ်းကို မိမိဘက်ကစ၍ အစဉ်အတိုင်း ယူစားရသည်။ ဟိုနားကယူလိုက်၊ သည်နားကယူလိုက်နှင့်မစားရ)။

(သမသူပက=ယခင်သမသူပကသိက္ခာပုဒ်မှာ ဆွမ်းခံရာတွင် ကျင့်ရသော သိက္ခာပုဒ်ဖြစ်၍ ယခု သမသူပက သိက္ခာပုဒ်သည် စားသောက်ရာတွင် ကျင့်ရသော သိက္ခာပုဒ်ဖြစ်သည်။ ဉာတိ=ဆွေမျိုးတော်စပ်သူများနှင့် ပဝါရိတ=ပစ္စည်း လေးပါးဖြင့် ဖိတ်ထား သူများ၏ ဆွမ်းကျွေးရာ၌ ပဲဟင်းကို လေးပုံတ ပုံထက်ပို၍ စားသော်လည်း အပြစ်မရှိပေ။)

(**ထူပက**=သပဒါန သိက္ခာပုဒ်က ဟိုနားက ယူလိုက် ဒီနားကယူလိုက်ဖြင့် စားခြင်းကိုတားမြစ်၍ ယခု ထူပက သိက္ခာပုဒ်က ဆွမ်းဦးထိပ်မှ နှိုက်စားခြင်းကို တားမြစ်ခြင်းဖြစ်၏။ လိုရင်းချုပ်သော် အစဉ်အတိုင်း စားမှသာ အပြစ်မှလွတ်ပေမည်။)

www.dhammaransi.com



၃၆။ နသုပံဝါ ဗျဉ္စနံဝါ ဩဒနေန ပဋိစ္ဆာဒေဿာမိ ဘိယျောကမျတံ ဥပါဒါယာတိ သိက္ခာ ကရဏီယာ။
၃၇။ နသူပံဝါ ဩဒနံဝါ အဂိလာနော အတ္တနော အတ္ထာယဝိညာပေတွာ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
၃၈။ နဥဇ္ဈာနသညီ ပရေသံ ပတ္တံ ဩလောကေဿာမီတိသိက္ခာ ကရဏီယာ။
၃၆။ သူပံဝါ–ဟင်းကိုလည်းကောင်း၊ ဗျဉ္စနံဝါ–ဟင်းလျာကိုလည်းကောင်း၊ ဘိယျောကမျတံ–များစွာ အလိုရှိသူ၏အဖြစ်ကို၊ ဥပါဒါယ–အကြောင်းပြု၍၊ဩဒနေန–ဆွမ်းဖြင့်၊ နပဋိစ္ဆာဒေဿာမိ–မဖုံးလွှမ်းအံ့၊ ဣတိ–သို့၊ သိက္ခာ–ကို၊ ကရဏီယာ–၏။

(ပဋိစ္ဆာဒန=သူပ-ပဲဟင်း စသည်၊ ဗျဉ္စန-ဟင်းလျာဟု ဆိုသော်လည်း ချက်ပြီးသော သားဟင်း ငါးဟင်းကို ဆိုလိုသည်။ မည်သည့်ဟင်းကိုပင်ဖြစ်စေ နောက်ထပ်လိုချင်သေးသည့်အတွက် မရိုးမသား ဆွမ်းဖြင့်ဖုံးထားခြင်း မပြုကောင်း၊ လူတို့ဘာသာအကြောင်းရှိ၍ ဖုံးဖိကောင်းလိုက်လျှင်ကား အပြစ်မရှိပါ။)

(သူပေါဒနဝိညတ္တိ=ဉာတိ ဟူသော ဆွေမျိုးလည်းမဟုတ်၊ ပဝါရိတ ဟူသော ပစ္စည်းလေးပါးဖြင့် ဖိတ်ထားသူလည်း မဟုတ်သော သူတို့၌ ဆွမ်း စသောပစ္စည်းများ၊ အယုတ်သဖြင့် ရေကိုပင်ဖြစ်စေမတောင်းကောင်း။ ဆွမ်းကိုဖြစ်စေ၊ အခြားပစ္စည်း လေးပါးကို

www.dhammaransi.com



၃၇။ သုပ်ပံဝါ-ဟင်းကိုလည်းကောင်း၊ ဩဒနံဝါ-ဆွမ်းကို လည်းကောင်း၊ အဂိလာနော-ဂိလာနမဟုတ်ပဲ၊ အတ္တနော-မိမိ၏၊ အတ္ထာယ-အကျိုးငှာ၊ ဝိညာပေတွာ-တောင်း၍၊ နဘုဉ္ဇိဿာမိ-မစားအံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

၃၈။ ဥဇ္ဈာနသညီ—ကဲ့ရဲ့လိုသော အမှတ်ရှိသည်ဖြစ်၍၊ ပရေသံ—သူတပါးတို့၏၊ ပတ္တ-သပိတ်ကို၊ ဌနဩလောကေဿာမိ-မကြည့်အံ့၊ ဣတိ—သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

---

ဖြစ်စေ အလိုရှိလျှင် ဆွမ်းရပ်သလို အနားသို့ရပ်ရသည်။ ဘာအလိုရှိပါသလဲဟုမေးမှ ဆွမ်းအလိုရှိသည်၊ ဆေးအလိုရှိသည် စသဖြင့် ပြောပြနိုင်သည်။ ဤကဲ့သို့ရဟန်းသာမဏေတို့ အသုံးအနှုန်းဖြစ်သော လုပ်ထုံးလုပ်နည်းဖြင့်သာ ဆောင်ရွက်ရသည်။ မလှူချင်လှူချင် အောင်လည်း ဆွဲဆောင်၍ မပြောကောင်း။ ထိုသို့ထပ်၍ ပြောမှ ရရှိလာသော ပစ္စည်းများကား မသန့်ရှင်းတော့သည်အတွက် မိမိတဦးတည်းသာမက အခြား ရဟန်းသာမဏေများပါ မသုံးကောင်းတော့ပေ။)

(**ဥဇ္ဈာနသညီ**=ကဲ့ရဲ့လို၍ဟု ဆိုသောကြောင့် ဆွမ်းမရလျှင် ပေးလိုလှူလို၍ ဖြစ်စေ၊ များနေလျှင် အလှူခံလို၍ဖြစ်စေ ရိုးသားသောစိတ်ဖြင့်ကြည့်လျှင်မူ အပြစ်မရှိပါ။)

www.dhammaransi.com



၃၉။ နာတိမဟန္တံ ကဗဠံ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

၄၀။ ပရိမဏ္ဍလံ အာလောပံ ကရိဿာမီတိ သိက္ခာ ကရ-ဏီယာ။ သက္ကစ္စ ဝဂ္ဂေါ စတုတ္ထော။

၃၉။ အတိမဟန္တံ—အလွန် ကြီးစွာ၊ ကဗဠံ-ဆွမ်းလုတ်ကို၊ နကရိဿာမိ မပြုအံ့၊ ဣတိ-သို့၊ သိက္ခာ-ကို ကရဏီယာ-၏။

---

(အတိမဟန္တအရ ကျမ်းစာတို့၌ ဒေါင်းဥလောက် မကြီးရဟု ဆိုသော်လည်း မြင်မကောင်းအောင်၊ ပါး စပ်ထဲ၌ မဆံ့မပြဲ ပြည့်သိပ်နေအောင် မစားရပေ။ ထိုသို့စားခြင်းသည် ယဉ်ကျေးသောသူတို့၏ လုပ်ရပ် မဟုတ်ချေ။

(**ပရိမဏ္ဍလ အာလောပ**=ဆွမ်းလုတ်ကို အတင်းဖိ၍ ယူလိုက်သဖြင့် ဆွမ်းလုတ်တွင် အောက်က ပန်းကန် အရာနှင့် ထောင့်တွေ အချွန်တွေဖြစ်၍ ပါးစပ်ထဲသို့ သိုသိုသိပ်သိပ် မဝင်နိုင်၊ ပါးစပ်နှုတ်ခမ်းနှင့် ဆွမ်းလုတ် ထောင့်များ တိုက်ခိုက်၍ ပန်းကန်ထဲသို့ ဆွမ်းလုံးများ ပြန့်ကြဲ၍ကျပေမည်။ဆွမ်းလုတ်ထောင့်များလွတ်အောင် ပါးစပ်ကို အလွန်အကျယ် ဟနေရပါလျှင်လည်း အမြင် မတော်ရှိလှသည်။ ထို့ကြောင့် ဆွမ်းလုတ်ကိုယူလျှင်ယူ

www.dhammaransi.com



၄၀။ ပရိမဏ္ဍလံ၊ ဝန်းဝိုင်းစွာ၊ အာလောပံ-ဆွမ်းလုတ်ကို၊ ကရိဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။ စတုတ္ထော-သော၊ သက္ကစ္စဝဂ္ဂေါ-တည်း။

## ကဗဠဝဂ်

၄၁။ န အနာဟဋေ ကဗဠေ မုခဒွါရံ ဝိဝရိဿာမီတိ သိက္ခာ ကရဏီယာ။

၄၂။ န ဘုဉ္ဇမာနော သဗ္ဗံ ဟတ္ထံ မုခေ ပက္ခိပိဿာမီတိ သိက္ခာ ကရဏီယာ။

၄၃။ န သကဗဠေန မုခေန ဗျာဟရိဿာမီတိ သိက္ခာ ကရဏီယာ။

၄၁။ ကဗဠေ - ဆွမ်းလုတ်သည်၊ အနာဟဋေ-ခံတွင်းဝသို့ မရောက်မီ၊ မုခဒွါရံ - ခံတွင်းဝကို၊ နဝိဝရိဿာမိ- မဖွင့်အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

---

ချင်း ပါးစပ်ထဲသို့ မသွင်းသေးပဲ လက်မကလေးဖြင့် အနည်းအပါးလှည့်ပတ်၍ ပြုပြင်လိုက်ပြီးမှ စားလျှင် သိုသိုသိပ်သိပ်လည်း ဖြစ်မည်။ တလုတ်ပြီး တလုတ် အပြေးအလွှား စားရာလည်းမရောက်။ ထိုအချိန်အတွင်း ဆွမ်းနှင့် ပတ်သက်သော ဆင်ခြင်ဖွယ် (ပစ္စဝေက္ခဏာ) တင်၍လည်း စားသောက်နိုင်ပေသည်။)

www.dhammaransi.com



၄၂။ ဘုဥ္ဇမာနော = သုံးစားသောငါသည်၊ သဗ္ဗံ ဟတ္ထံ—အလုံးစုံသောလက်ကို၊ မုခေ—ခံတွင်း၌၊ နပက္ခိပိဿာမိ—မထည့်အံ့၊ ဣတိ—သို့၊ သိက္ခာ—ကို၊ ကရဏီယာ—၏။

၄၃။ သကဗဠေန—ဆွမ်းလုတ်နှင့်တကွသော၊ မုခေန-ခံတွင်းဖြင့်၊ နဗျာဟရိဿာမိ-စကားမဆိုအံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ—၏။

(၄၄) နပိဏ္ဍုက္ခေပကံ ဘုဥ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
(၄၅) နကဗဠာဝစ္ဆေဒကံ ဘုဥ္ဇိဿာမီတိ သိက္ခာကရဏီယာ။
(၄၆) နအဝဂဏ္ဍကာရကံ ဘုဥ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
(၄၇) နဟတ္ထနိဒ္ဓုနကံ ဘုဥ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
(၄၈) နသိတ္ထာဝကာရကံ ဘုဥ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
(၄၉) နဇိဝှာ နိစ္ဆာရကံ ဘုဥ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
(၅၀) နစပုစပုကာရကံ ဘုဥ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

ကဗဠဝဂ္ဂေါ ပဥ္စမော။

---

(ကဗဠ—ဆွမ်းလုတ်မရောက်ခင် ပါးစပ်ကို တဟဟ လုပ်နေခြင်းသည်လည်း မယဉ်ကျေးသောသူတို့၏ လုပ်ရပ် ဖြစ်သောကြောင့် ဆွမ်းလုတ်ရောက်မှ ပါးစပ်ကို ဣန္ဒြေရစွာ ဖွင့်ဟ၍ စားရသည်။)

(ဘုဥ္ဇမာန-သဗ္ဗံဟတ္ထံ အလုံးစုံသောလက်ဟုဆိုသော်လည်း တချောင်းတလေမျှပင် ပါးစပ်တွင်းသို့ မသွင်းရ။ ဤအပြုအမူသည်လည်း ဆွမ်းလုတ်ကို ပါးစပ်ထဲသို့ လက်ချောင်းဖြင့် အတင်းထိုးသိပ်နေသလိုရှိလှ၍ ယဉ်ကျေးသော သူတို့၏ လုပ်ရပ် မဟုတ်ချေ။)

www.dhammaransi.com



၄၄။ ပိဏ္ဍုက္ခေပကံ – ဆွမ်းလုတ်ကို မြှောက်၍ မြှောက်၍၊ နဘုဥ္ဇိဿာမိ – မစားအံ့၊ ဣတိ–သို့၊ သိက္ခာ – ကို၊ ကရဏီယာ–၏။

၄၅။ ကဗဠာဝစ္ဆေဒကံ – ဆွမ်းလုတ်ကို ကိုက် ဖြတ်၍၊ နဘုဥ္ဇိဿာမိ-အံ့၊ဣတိ–သို့၊သိက္ခာ-ကို၊-ကရဏီယာ–၏။

၄၆။ အဝဂဏ္ဍကာရကံ–မျောက်ကဲ့သို့ ပါးစောင်၌ ထား၍ ထား၍၊ နဘုဥ္ဇိဿာမိ=အံ့၊ ဣတိ–သို့၊ သိက္ခာ–ကို၊ ကရဏီယာ=၏။

၄၇။ ဟတ္ထနိဒ္ဓုနကံ – လက်ကို ခါ၍ခါ၍၊ နဘုဥ္ဇိဿာမိ–အံ့၊ ကရဏီယာ–၏။

၄၈။ သိတ္ထာဝကာရကံ--ဆွမ်းလုံးကိုကြဲ၍ကြဲ၍နဘုဥ္ဇိဿာမိ-အံ့၊ ဣတိ–သို့၊ သိက္ခာ–ကို၊ ကရဏီယာ–၏။

၄၉။ ဇိဝှာနိစ္ဆာရကံ–လျှာကိုထုတ်၍ထုတ်၍၊ နဘုဥ္ဇိဿာမိ–အံ့၊ ဣတိ–သို့၊ သိက္ခာ–ကို၊ ကရဏီယာ–၏။

၅၀။ စပုစပုကာရကံ–စပ်စပ်အသံကိုပြု၍၊ ပျပ်ပျပ်အသံကို ပြု၍၊ နဘုဥ္ဇိဿာမိ–အံ့၊ ဣတိ–သို့၊ ကရဏီယာ–၏။ ပဥ္စမော – ငါးခု မြောက် သော၊ ကဗဠဝဂ္ဂေါ – ဝဂ် တည်း။

## သုရုသုရုဝဂ်

(၅၁) နသုရုသုရုကာရကံ ဘုဥ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

(၅၂) နဟတ္ထနိလ္လေဟကံ ဘုဥ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

www.dhammaransi.com



(၅၃) နပတ္တာနိလ္လေဟကံ ဘုဥ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
(၅၄) နသြင္ဒနိလ္လေဟကံ ဘုဥ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။
(၅၅) နသာမိသေန ဟတ္ထေန ပါနီယထာလကံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။
(၅၆) နသသိတ္ထကံ ပတ္တဓောဝနံ အန္တရဃရေ ဆဍ္ဍေဿာမီတိ သိက္ခာ ကရဏီယာ။

၅၁။ သုရုသုရုကာရကံ—ရှုတ်ရှက်အသံကိုပြု၍၊ ရှူးရှူးအသံပြု၍၊ နဘုဥ္ဇိဿာမိ-အံ့၊ဣတိ-သို့၊သိက္ခာ ကရဏီယာ-၏။
၅၂။ ဟတ္ထနိလ္လေဟကံ-လက်ကိုလျက်၍လျက်၍၊နဘုဥ္ဇိဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ သရဏီယာ-၏။
၅၃။ ပတ္တာနိလ္လေဟကံ-သပိတ်ကို ခြစ်၍ခြစ်၍၊နဘုဥ္ဇိဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-က၊ ကရဏီယာ-၏။
၅၄။ သြင္ဒနိလ္လေဟကံ-နှုတ်ခမ်းကို လျက်၍လျက်၍၊ နဘုဥ္ဇိဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။
၅၅။ သာမိသေန-ဆွမ်း စသော အာ မိ သ နှင့် တ ကွ သော၊ ဟတ္ထေန-လက်ဖြင့်၊ ပါနီယထာလက-သောက်ရေခွက်ကို၊ နပဋိဂ္ဂဟေဿာမိ-မကိုင်အံ့၊ ဣတိ-သို့၊သိက္ခာ-ကို ကရဏီဟာ-၏။
၅၆။ သသိတ္ထကံ-ဆွမ်းလုံးနှင့် တကွသော၊ ပတ္တဓောဝနံ-သပိတ်ဆေးရေကို၊ အန္တရဃရေ-ရွာတွင်း၌၊ နသဍ္ဍေဿာမိ-မစွန့်အံ့၊ ဣတိ-သို့၊ သိက္ခာ-က၊ကရဏီယာ-၏။

www.dhammaransi.com



(၅၇) နဆတ္တပါဏိဿ အဂိလနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(၅၈) နဒဏ္ဍပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

---

(ပါးစပ်၌ ထမင်းလုတ်ကြီး ရှိလျက်နှင့် စကားပြောခြင်း၊ ထမင်းလုတ်ကို ကိုက်ဖြတ်၍စားခြင်း၊ ပါးစပ်ကြီးဖောင်းကား နေအောင် ပလုတ် ပလောင်း စားခြင်း၊ လက်တခါခါနှင့်စားခြင်း၊ ထမင်းလုံးတွေကို ကြဲသည်ကြဲ ထမင်းလုံးဖိတ်အောင် စားခြင်း၊ လျှာထုတ်၍ စားခြင်း၊ တပျပ်ပျပ်မြည်အောင်၊ ရှူးရှူးမြည်အောင် စားခြင်း၊ လက်ကို သပိတ်ကို ဇွန်းကို နှုတ်ခမ်းကို လျက်ပြီးစားခြင်း ဟင်းစ ကျွေးစတို့ဖြင့် ပေကျံနေသောလက်ဖြင့် သောက်ရေခွက်ကို ကိုင်ခြင်း၊ (လက်ဖက်စားမပြီးခင်လည်း ဆီပေနေသောလက်ဖြင့် လက်သုတ်ပဝါ စသည်ကို ကိုင်ခြင်း) စားပြီးသား ထမင်းလုံးတွေနှင့် သပိတ်ဆေးရေကို လူမြင်မကောင်းအောင် သွန်ခြင်း စသည်ဖြင့် မယဉ်ကျေးသောသူတို့၏ စားပုံသောက်ပုံမျိုးကို ဗုဒ္ဓ၏ ယဉ်ကျေးသောအဖွဲ့အစည်းမှ ပုဂ္ဂိုလ်များသည် ဤအပြုအမူမျိုးများမှ ရှောင်ကြဉ်ရမည်သာ ဖြစ်ပေသည်။ ဆွမ်းစားမှုနှင့် သက်ဆိုင်သော သိက္ခာပုဒ် ၂၆ ပုဒ် ပြီး၏)။

www.dhammaransi.com



(၅၉) နသတ္တပါဏိဿ အဂိလာနဿ ဓမ္မံ ဒေါသေဿာမီတိ သိက္ခာ ကရဏီယာ။

(၆၀) န အာဝုဓပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

သုရုသုရု ဝဂ္ဂေါ ဆဋ္ဌော။

၅၇။ ဆတ္တပါဏိဿ-ထီးလက်၌ရှိသော၊ အဂိလာနဿ-မနာမဖျားသောသူအား၊ ဓမ္မံ-တရားကို(ပါဠိအဋ္ဌကထာကို) နဒေသေဿာမိ-မဟောအံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

၅၈။ ဒဏ္ဍပါဏိဿ-တုတ် တောင်ဝှေးလက်၌ရှိသော၊ အဂိလာနဿ-မနာမဖျားသောသူအား၊ ဓမ္မံ-တရားကို၊ (ပါဠိအဋ္ဌကထာကို)၊ န ဒေ သေ ဿာ မိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

၅၉။ သတ္တပါဏိဿ-ဓားလက်၌ရှိသော၊ အဂိလာနဿ-အား ဓမ္မံ-ကို၊ နဒေသေဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

၆၀။ အာဝုဓပါဏိဿ-လေးလက်၌ရှိသော၊ အဂိလာနဿ-အား၊ ဓမ္မံ-ကို၊ နဒေသာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

ဆဋ္ဌော-ခြောက်ခုမြောက်သော၊ သုရုသုရုဝဂ္ဂေါ-တည်း။

www.dhammaransi.com



## ပါဒုကဝဂ်

(၆၁) နပါဒုကာ ရုဠှဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(၆၂) နဥပါဟနာရုဠှဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(၆၃) နယာနဂတဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(၆၄) နသယနဂတဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(၆၅) နပလ္လတ္ထိကာယ နိသိန္နဿ အဂိလာနဿဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(၆၆) နဝေဌိတ သီသဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၁။ ပါဒုကာရုဠှဿ—ခြေနင်းစီးသော၊ အဂိလာနဿ—အား၊ ဓမ္မံ—ကို၊ နဒေဿာမိ-အံ့၊ ဣတိ—သို့၊ သိက္ခာကို၊ ကရဏီယာ—၏။

၆၂။ ဥပါဟနာဂုဠှဿ—ဖိနပ်စီးသော၊ အလိလာနဿ—အား၊ ဓမ္မံ—ကို၊ နဒေသေဿာမိ—အံ့၊ ဣတိ—သို့၊ သိက္ခာ-ကို၊ ကရဏီယာ—၏။

၆၃။ ယာနဂဿ၊ ယာဉ်စီးသော၊ အဂိလာနဿ-အား၊ ဓမ္မံ-ကို၊ နဒေသေဿာမိ—အံ့၊ ဣတိ—သို့၊ သိက္ခာ—ကို၊ ကရဏီယာ၏။

www.dhammaransi.com



၆၄။ သယနဂတဿ-အိပ်ရာ၌ နေသော၊ အဂိလာနဿ-အား၊ ဓမ္မံ—ကို၊ နဒေသေဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

၆၅။ ပလ္လတ္ထိကာယ- လက်အာယောဂပတ်၊ ပုဆိုးအာယောဂပတ်ဖွဲ့လျက်၊ နိသိန္နဿ-ထိုင်နေသော၊ အဂိလာနဿ-အား၊ ဓမ္မံ-ကို၊ နဒေသေဿာမိ—အံ့၊ ဣတိ-သို့၊ သိက္ခာကို၊ ကရဏီယာ-၏။

၆၆။ ဝေဌိတသီသဿ- ဦးရစ်ပေါင်းသော၊ အဂိလာနဿ-အား၊ ဓမ္မံ-ကို၊ နဒေသေဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

---

## (တရားဟောပြောမှုနှင့်သက်ဆိုင်သော သိက္ခာပုဒ် ၁၆ ပုဒ်)

(တရားဟောပြော ပြသသော အလုပ်သည် အလွန်မြင့်မြတ်သော အလုပ်ဖြစ်၏။ မြင့်မြတ်သော အလုပ်ကို မြင့်မြတ်သော အနေအထားမျိုးဖြင့်သာ ပြုလုပ်သင့်၏။ အောက်ကျ နောက်ကျသော အနေမျိုးဖြင့် မပြုလုပ်ရဟု ဘုရားရှင် တားမြစ်တော်မူသည်။ သို့သော် မကျန်းမမာဖြစ်နေသူအား မည်သည့်အနေအထားရှိစေကာမူခွင့်လွှတ်ရမည်ဖြစ်ပေသည်။ တရားဟူရာတွင်လည်း ပါဠိတော်နှင့် အဋ္ဌကထာတို့၌ တိုက်ရိုက်လာသော ပါဠိစကားများကိုသာ တားမြစ်တော်မူသည်။ အခြားဘာသာ စကားဖြင့် ဟောပြောခြင်းကိုကား တားမြစ်တော်မမူပေ။)

www.dhammaransi.com



(၆၇) နသြဂ္ဂုဏ္ဍိတ သီသဿအဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(၆၈) နဆမာယ နိသီဒိတွာ အာသနေ နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(၆၉) နနီစေအာသနေ နိသီဒိတွာ ဥစ္စေ အာသနေ နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

(၇၀) နဌိတော နိသိန္နဿအဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ ကရဏီယာ။

(၇၁) နပစ္ဆတောဂစ္ဆန္တော ပုရတော ဂစ္ဆန္တဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာကရဏီယာ။

---

(ပါဒုကနှင့်ဥပါဟန=ကုလားလူမျိုး ဟိန္ဒူများစီးလေ့ ရှိသော သဲကြိုး အစား အဖျားဉ္စ ကြေးဖု ဖြစ်စေ၊ သစ်သားဖု ဖြစ်စေ တပ်၍ ခြေဖျား ဖြင့် ညှပ်ကာ စီးရသော ခုံဖိနပ်ကဲ့သို့သောဖိနပ်ကို=ပါဒုကခြေနင်းဟုပေါ်သည်။

ထိုပါဒုကခြေနင်းမှ ကြွင်းသော သဲကြိုးတပ် ဖိနပ်၊ နောက်ပိတ်စွပ် ရသော ဖိနပ်၊ ကွင်းထိုး ဖိနပ် စသော အမျိုးမျိုး အစားစား တို့သည် ဥပါဟနတွင် သွင်းယူရသော ဖိနပ်များပင်ဖြစ်၏။)

(၇၂) နုဥပ္ပထေန ဂစ္ဆန္တော ပထေန ဂစ္ဆန္တသ္သ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၇။ ဩဂုဏ္ဌိသီသဿ ဦးခေါင်းခြုံသော၊ အဂိလာနဿ-အား ဓမ္မံ-ကို၊ နဒေသေဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

၆၈။ ဆမာယံ-မြေ၌၊ နိသိဒိတွာ-နေ၍၊ အာသနေ-နေရာ၌၊ နိသိန္နဿ-နေသော၊ အဂိလာနဿ-အား၊ ဓမ္မံ-ကို၊ နဒေသေဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

၆၉။ နီစေ-နိမ့်သော၊ အာသနေ-နေရာ၌၊ နိသီဒိတွာ-နေ၍၊ ဥစ္စေ-မြင့်သော၊ အာသနေ-နေရာ၌၊ နိသိန္နဿ-နေသော၊ အဂိလာနဿ-အား၊ ဓမ္မံ-ကို၊ နဒေသေဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

၇၀။ ဌိတော-ရပ်လျက်၊ (ရပ်သောသူသည်) နိသိန္နဿ-ထိုင်သော၊ အဂိလာနဿ-အား၊ ဓမ္မံ-ကို၊ နဒေသေဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

၇၁။ ပစ္ဆတော-နောက်မှ၊ ဂစ္ဆန္တော-သွားသောသူသည်၊ ပုရတော-ရှေ့မှ၊ ဂစ္ဆန္တဿ—သွားသော၊ အဂိလာနဿ-အား၊ ဓမ္မံ-ကို၊ နဒေသေဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာ-ကို၊ ကရဏီယာ-၏။

၇၂။ ဥပ္ပထေန-ခရီး မဟုတ်သဖြင့်၊ ဂစ္ဆန္တော-သွားသော သူသည်၊ ပထေန-ခရီး ဟုတ်သဖြင့်၊ ဂစ္ဆန္တဿ-သွားသော၊ **အဂိလာနဿ-အား၊ ဓမ္မံ-ကို၊ နဒေသေဿာမိ-အံ့၊ ဣတိ-သို့၊ သိက္ခာကို၊ ကရဏီယာ-၏။**

www.dhammaransi.com



(၇၃) နဠိတော အဂိလာနေနာ ဥစ္စာရံ ဝါ ပဿာဝံ ဝါ၊ ကရိဿာ မီတိ သိက္ခာ ကရဏီယာ။

(၇၄) နဟရိတေ အဂိလာနေန ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ကရိဿာမိ ဝါ သိက္ခာ ကရဏီယာ။

(၇၅) နဥဒကေ အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ကရိဿာမိတိ သိက္ခာ ကရဏီယာ။
ပါဒုကဝဂ္ဂေါ သတ္တမော။

၇၃။ ဠိတော—ရပ်လျက်၊ အဂိလာနော—မနာမဖျားပဲ၊ ဥစ္စာရံ ဝါ—ကျင်ကြီးကိုလည်းကောင်း၊ ပဿာဝံ ဝါ—ကျင်ငယ်ကိုလည်းကောင်း၊ နကရိဿာမိ—မပြုအံ့၊ မစွန့်အံ့၊ ဣတိ—သို့၊ သိက္ခာ—ကို၊ ကရဏီယာ—၏။

---

(သုံးဆောင်ကောင်းသော ရေ၌ ကျင်ကြီး စသည် မစွန့်ကောင်း ဆိုသော်လည်း၊ ရေတွင်း ရေကန် စသော နေရာမျိုးကို ဆိုလိုသည်။ မြစ်ကြီးချောင်းကြီးတို့၌ စွန့်သည့်အတွက်ကား ရေမပျက် နိုင်သော ကြောင့် လည်းကောင်း၊ လှေသင်္ဘော စီးသွားစဉ်၌ ရေလွတ်ရာ နေရာကို မရနိုင်သော ကြောင့် လည်းကောင်း စွန့်ကောင်းသည်သာ။)

www.dhammaransi.com



၃၄။ အဂ္ဂိလာနော— မနာမဖျားပဲ၊ ဟရိတော—စိမ်းစိုသော မြက် သစ် ပင် ပေါ် ၌၊ ဥစ္စာရံဝါ—ကျင်ကြီးကိုလည်း ကောင်း၊ ပဿာဝံဝါ—ကျင်ငယ်ကို လည်းကောင်း၊ ခေဠဝါ—တံတွေးကို လည်းကောင်း၊ နကရိဿာမိ—မပြုအံ့၊ ဣတိ—သို့၊ သိက္ခာ—ကို၊ ကရဏီယာ—၏။

၃၅။ အဂ္ဂိလာနော — မနာမဖျားပဲ၊ ဥဒကေ — သုံးဆောင်ကောင်း သော ရေ ၌၊ ဥစ္စာရံဝါ — ကျင်ကြီးကိုလည်းကောင်း၊ ပဿာဝံဝါ—ကျင် ငယ် ကို လည်းကောင်း၊ ခေဠဝါ—တံတွေးကိုလည်းကောင်း၊ နကရိဿာမိ—မပြုအံ့၊ ဣတိ—သို့၊ ကရဏီယာ—၏။

သတ္တမော— ခုနစ် ခု မြောက် သော၊ ပါဒုကဝဂ္ဂေါ—ဝဂ်တည်း။

## စုဒ္ဒသ ခန္ဓကဝတ် ပါဠိအနက်

စုဒ္ဒသ ခန္ဓက ဝတ္တာနိနာမ ခန္ဓကေ ဝုတ္တာနိ။ ကတံ.... အာဂန္တုကဝတ္တံ အာဝါသိကဝတ္တံ ဂမိကဝတ္တံ အနုမောဒနဝတ္တံ ဘတ္တဂ္ဂဝတ္တံ ပိဏ္ဍစာရိကဝတ္တံ အာရညိကဝတ္တံ သေနာသနဝတ္တံ ဇန္တာဃရဝတ္တံ ဝစ္စကုဋိဝတ္တံ ဥပဇ္ဈာယဝတ္တံ သဒ္ဓိဝိဟာရိကဝတ္တံ အာစရိယဝတ္တံ အန္တေဝါသိကဝတ္တဥ္စာတိ ဣမာနိစုဒ္ဒသ ခန္ဓကဝတ္တာနိ၊ တောနိစ သဗ္ဗေသံ သဗ္ဗဒါစ ယထာရဟံ စရိတဗ္ဗာနိ။

www.dhammaransi.com



စုဒ္ဒသ – တဆယ့်လေးပါးကုန်သော၊ ခန္ဓကဝတ္တာနိနာမ= ခန္ဓကဝတ်မည်သည်တို့ကို၊ ခန္ဓကေ–မဟာဝါ စူဠဝါခန္ဓက၌၊ ဘဂဝတာ – မြတ်စွာ ဘုရား သည်၊ ဝုတ္တာနိ–ဟောတော်မူအပ် ကုန်၏။ကထံဝုတ္တာနိ–အဘယ်သို့ ဟောတော်မူသင့်ကုန်သနည်း။

အာဂန္တုကဝတ္တဥ္စ–ဒွါရာမ်အတွင်းသို့မဝင်မီဖိနပ်ချွတ်ခြင်း၊ ထီးရုပ်ခြင်း၊ ဦးခေါင်းခြုံကိုဖွင့်ခြင်း၊ ဦးခေါင်း၌ တပ်အပ်သော သင်္ကန်းကို ပခုံးသို့ချခြင်း၊ အာဝါသိက ရဟန်းကြီးကို ရှိခိုး ခြင်း စသော အာဂန္တုက ရဟန်းသာမဏေသို့ ပြုရာသော ဝတ် လည်းကောင်း၊ (သူတပါးတို့၏ ကျောင်းတိုက်သို့ ခေတ္တခဏ သွားသော ရဟန်းသာမဏေကို အာဂန္တုက ဧည့်သည်ဟု ခေါ် သည်။)

အာဝါသိကဝတ္တဉ္စ–အာဂန္တုက ရဟန်းကြီးကို မြင်လျှင် ခရီးဦးကြိုဆိုခြင်း၊ သပိတ်သင်္ကန်းကို လှမ်းယူခြင်း၊ အာဂန္တုက ရဟန်းကြီးကို ရှိခိုးခြင်း၊ ခြေဆေးရေ ခြေဆေးအင်းပျဉ်စသည် တို့အနီး၌ ထားခြင်း စသော အာဝါသိက ရဟန်းသာမဏေတို့ ပြုရာသော ဝတ်လည်းကောင်း (မိမိတို့နေမြဲကျောင်း၌အတော် ကြာကြာနေသော ရဟန်းသာမဏေကို အာဝါသိက ကျောင်း နေ ပုဂ္ဂိုလ်ဟု ခေါ်သည်။)

ဂမိက ဝတ္တဥ္စ–သစ်ဘဏ္ဍာ မြေဘဏ္ဍာ စသည်တို့ကို မှီးခြင်း၊ တံခါးမ လေသာတံခါးတို့ကိုပိတ်ခြင်း၊ ပန်ပြော၍ သွားခြင်း စသော ခရီးသွားအံ့သော ရဟန်းသာမဏေတို့ပြုရာသော ဝတ် လည်းကောင်း (သစ်သားဖြင့် ပြုလုပ်ထားသော ခုတင်၊ကုလား

လိုင်၊ စားပွဲ စသည်ကို သစ်ဘဏ္ဍာဟုခေါ်သည်။ မြေဖြင့်ပြုလုပ်ထားသော အိုးခွက်ပန်းကန်စသည်ကို မြေဘဏ္ဍာဟုခေါ်သည်)။

အနုမောဒနဝတ္တဉ္စ—မထေရ်ကြီး တရားဟောခြင်း၊ မထေရ်ကြီးက တိုက်တွန်းမှ ဟောခြင်း၊ ပန်လျှောက်၍ ဟောခြင်း စသော တရားဟောရာ၌ ကျင့်ရသော ဝတ်လည်းကောင်း၊ (ဆွမ်းဒါယကာ၊ ကွမ်းဒါယကာတို့ကို ဝမ်းမြောက်ဝမ်းသာရှိရအောင် တရားဟောခြင်းကို အနုမောဒနာပြုခြင်းဟု ခေါ်သည်။ အနု-အဖန်တလဲလဲ+မောဒနာ=ဝမ်းမြောက်စေခြင်း)။

ဘတ္တဂ္ဂဝတ္တဉ္စ-တရားဟောခြင်း၊ ရဟန်းကြီးတို့ကို တိုးဝှေ့၍ မနေခြင်း၊ ရဟန်းငယ်တို့ကို နေရာဖြင့် မတားမြစ်ခြင်း စသော ဆွမ်းစားဇရပ်၌ ပြုရသော ဝတ်လည်းကောင်း (ဆွမ်းစားရာဌာနဖြစ်သော ကျောင်း၊ ဇရပ်၊ အိမ် စသည်ကို ဘတ္တဂ္ဂ ခေါ်သည်။ ဘတ္တ=ဆွမ်း+ဂ=ယူရာနေရာ)။

ပိဏ္ဍစာရိကဝတ္တဉ္စ—သစ်ဘဏ္ဍာ မြေဘဏ္ဍာ စသည်တို့ကို မှီးခြင်း၊ သပိတ်ကို ရေဆေးခြင်း၊ ခါးပန်းကို ပွဲချည်ခြင်း၊ သင်းပိုင် ကိုယ်ဝတ်သင်္ကန်းတို့ကို အဝန်းညီစွာဝတ်ရုံခြင်း၊ သေခိယနှင့်အညီ သွားခြင်း၊ မနှေးမလျင် ရွာတွင်းသို့ဝင်ခြင်း၊ မရှည်မကြာ ရပ်ခြင်း စသော ဆွမ်းခံရဟန်းသာမဏေတို့ ပြုရသော ဝတ်လည်းကောင်း (ပိဏ္ဍ=ဆွမ်းအလုံးငှာ+စာရိက=လှည့်လည်သူ)။

အာရညိကဝတ္တံဉ္စ— သောက်ရေသုံးရေ တည်ထားခြင်း၊ မီးပွတ် ခုံ ပွတ် ကျည် တောင်ဝှေးထားခြင်း၊ အရပ် လေးမျက်နှာ နက္ခတ်တာရာတို့ကို မှတ်သားခြင်း စသော တောနေရဟန်း သာ

www.dhammaransi.com



မဏောတို့ ပြုရသော ဝတ်လည်းကောင်း [သူခိုး ဒမြ စသူတို့က တောင်းလာလျှင် အဆင်သင့် မရခဲ့သော်ရန်မူတတ်သောကြောင့် အဆင်သင့်ရဖို့ရာ သောက်ရေသုံးရေ တည်ထားရသည်။ ပွတ်ခုံ ပွတ်ကျည်ကို မီးအတွက် ထားရသည်။ ရှေးက မီးပွတ်ရသော ပွတ်ခုံ(ခွက်)၊ ပွတ်ကျည် (ကျည်ပွေ့ကဲ့သို့အရာ) ယခုခေတ် အလျောက်သော် မီးခြစ်ဗူး၊ မီးခတ် စသည် ထားရသည်။ သူခိုး ဒမြ စသူတို့က မေးလာလျှင် ပြောမပြနိုင်သော် ရန်မူတတ်သော ကြောင့် အရှေ့အနောက် နက္ခတ်တာရာတို့ကို သိထားရသည်။ လေ့လာထားရသည်။ အရည=တော၌+ဇ္ဇက=နေလေ့ရှိသူ]။

သေနာသနဝတ္တ – ညောင်စောင်း အင်းပျဉ် အိပ်ရာနေရာ တို့ကို တံမြက်လှည်းခြင်း စသော ကျောင်း၌ ပြုရသော ဝတ် လည်းကောင်း၊

[မိမိထက်သတင်းကြီးသူ(ဝါကြီးသူ)နှင့်အတူတူ တကျောင်း တည်း၌နေလျှင် စာသင်မှု၊စာအံမှု၊ပြဿနာမေးမှု၊တရားဟောမှု၊ မီးထွန်းမှု၊ တံခါးဖွင့်မှု၊ တံခါးပိတ်မှုများကို ထိုသီတင်းကြီး အား ခွင့်တောင်းပြီးမှ ဆောင်ရွက်ရသည်။ ခွင့်မတောင်းပဲ ကိုယ်လုပ်ချင်ရာလုပ်သည့် သဘောဖြစ်လျှင် ရဟန်းငယ်မှာ အာ ပတ်သင့်၍ ရှင်သာမဏေတို့မှာ ဒဏ်ထိုက်သည်။ သေန=အိပ်ရာ+ အာသန =နေရာ]။

ဇန္တာဃရဝတ္တ–ပြာကိုစွန့်ခြင်း၊ တံမြက်လှည်းခြင်း စသော ဇရုံး အိမ်၌ပြုရသော ဝတ်လည်းကောင်း (မီးဖို့နှင့်တွဲထားသော ရေချိုးအိမ်ကို ဇန္တာဃရ–ဇရုံး အိမ်၊ မီးတင်းကုပ်ဟုခေါ်သည်)။

ဝစ္စကုဋိဝတ္တဥ–ချောင်းဟန့်ခြင်း၊သင်္ကန်းတန်း၌ သင်္ကန်းကို တင်မနေ့းမလျင်ဝင်ခြင်း၊ သင်းပိုင်ကိုပင့်၍ မ ဝင်ခြင်း၊ နင်းခုံ၌ နင်းမိမှ သင်းပိုင်ကို ပင့်ခြင်း၊ ကြမ်းသော ကနုတံ စသည်ဖြင့်၍ မသုတ်သင်ခြင်း၊ သန့်သက်ရေဆေးခြင်း၊ နင်း ခုံ ၌ နင်း လျက် သင်းပိုင်ကို ဖုံးလွှမ်းခြင်း စသော ကျင်ကြီးအိမ် (ကုဋိအိမ်၌) ပြုရသောဝတ်လည်းကောင်း (ဖင်ဆေးရေကို သန့်သက်ရေဟု ခေါ်သည်)။

ဥပဇ္ဈာယဝတ္တဥ–နံနက်စောစောထ၍ ကိုယ်ဝတ်ကို လက်ကတော့တင်၍ မျက်နှာသစ်ရေ ဒန်ပူကပ်ခြင်း၊ ယာဂုဆွမ်းကပ်ခြင်း၊ သပိတ်ခွက်ဆေးခြင်း၊ ကျောင်းအိပ်ရာနေရာတို့ကို သုတ်သင်ခြင်း၊ နေလှန်းခြင်း၊ တံမြက်လှည်းခြင်း၊ နေရာခင်းခြင်း စသည်ဖြင့် ဥပဇ္ဈာယ်ဆရာ၌ သဒ္ဓိဝိဟာရိက တပည့်တို့က ပြုရသော ဝတ်လည်းကောင်း၊

သဒ္ဓိဝိဟာရိက ဝတ္တဥ – သင်္ဂုဟ်ထောက်ပင့် ချီး မြှင့် ခြင်း စသည်ဖြင့် သဒ္ဓိဝိဟာရိက တပည့်တို့၌ ဥပဇ္ဈာယ် ဆရာက ပြုရသော ဝတ်လည်းကောင်း၊

(သဒ္ဓိ = အတူ + ဝိဟာရိက = နေလေ့ရှိသူ)

အာစရိယဝတ္တဥ=နံနက်စောစောထ၍ ကိုယ်ဝတ်ကို လက်ကတော့တင်ပြီးလျှင် မျက်နှာသစ်ရေ ဒန်ပူကပ်ခြင်း၊ ယာဂုဆွမ်း

www.dhammaransi.com



ကပ်ခြင်း၊ သပိတ် ခွက်ဆေးခြင်း၊ ကျောင်းအိပ်ရာ နေရာတို့ကို သုတ်သင်ခြင်း၊ နေလှန်းခြင်း၊ တံမြက်လှည်းခြင်း၊ နေရာခင်းခြင်း စသည်ဖြင့် ဆရာလေးပါးတို့၌ တပည့်လေးပါးတို့က ပြုရာသော ဝတ်လည်းကောင်း၊

ဆရာလေးပါး

၁။ ရှင်ပြုပေးသောဆရာ-ပဗ္ဗဇ္ဇာစရိယ၊

၂။ ဥပသမ္ပဒါစရိယ-ရဟန်းပြုပေးသော ဆရာ၊

၃။ ဓမ္မာစရိယ-စာချပေးသော ဆရာ၊

၄။ နိဿယာစရိယ-နိဿရည်းပေးသော ဆရာ၊

တပည့်လေးပါး

၁။ ပဗ္ဗဇ္ဇန္တေဝါသိက-ရှင်ပြုပေးအပ်သော တပည့်၊

၂။ ဥပသမ္ပဒန္တေဝါသိက-ပဥ္စင်းပြုပေးအပ်သောတပည့်၊

၃။ ဓမ္မန္တေဝါသိက-စာချပေးအပ်သော တပည့်၊

၄။ နိဿယန္တေဝါသိက - နိဿရည်းယူ၍နေသော တပည့်။

အန္တေဝါသိကဝတ္တဥ္စ-သင်္ကိုဟ်ထောက်ပင့်ချီးမြှင့်ခြင်း စသည်ဖြင့် တပည့်လေးပါးတို့၌ ဆရာလေးပါးတို့က ပြုရာသော ဝတ်လည်းကောင်း၊

www.dhammaransi.com



ဣတိ-ဤသို့၊ ဣမာနိစုဒ္ဒသခန္ဓက ဝတ္တာနိ- ဤတဆယ့်လေး ပါးကုန်သော ခန္ဓကဝတ်တို့ကို၊ ဝုတ္တာနိ-ဟောတော်မူအပ်ကုန်ပြီ၊ ကောနိစ-ဤဝတ်တို့ကိုလည်း၊ သမ္မေသံ-ခပ်သိမ်းကုန်သော ရဟန်း သာမဏေတို့သည်၊ သဗ္ဗဒါစ-အခါခပ်သိမ်းလျှင်၊ ယထာရဟံ ထိုက်သည့်အားလျော်စွာ၊ စရိတဗ္ဗာနိ-ကျင့်အပ်ကုန်၏။

(ဥပဇ္ဈာယ်နှင့် အတူမနေရသော တပည့်တို့သည်၊ အရည် အချင်း ပြည့်ဝသော ဆရာ့ထံ၌ "အာစရိယော မေ ဘန္တေ ဟောတိ" "အာယသ္မတော နိဿာယ ဝစ္ဆာမိ" တပည့်တော်၏ ဆရာ ဖြစ်တော်မူပါ၊ အရှင်ဘုရားကို မှီခို၍နေပါမည်ဟု သုံး ခေါက်ဆို၍ နိဿရည်းယူ၍နေရသည်။)

www.dhammaransi.com

# အခန်း ၄

## ဝတ်ကျေမှ နိဗ္ဗာန်ရောက်

ဤဆိုခဲ့ပြီးသော ဝတ်ကြီး ဝတ်ငယ် အသွယ်သွယ်တို့ကို မဖြည့်ကျင့်သော သာမဏေသည် သီလကို ဖြည့်ကျင့်သည်မမည်။ သီလကို မဖြည့်ကျင့်၍ သီလမစင်ကြယ်သော သာမဏေသည် စိတ်၏ ငြိမ်သက်တည်ကြည်မှုကို မရနိုင်။ စိတ်မတည်ကြည်၍ စိတ်လှုပ်ရှားပျံ့လွင့်နေသော သာမဏေသည် သူတော်ကောင်းတရားဟူသော လမ်းမှန်ကို မမြင်နိုင် မသိနိုင်။ သူတော်ကောင်းတရား အမှန်တရားကို မမြင်မသိသော သာမဏေသည် သံသရာဝဋ်ဆင်းရဲမှ ဘယ်တော့မှ လွတ်မြောက်တော့မည် မဟုတ်ချေ။

ထို့ကြောင့် ဆရာကောင်း သမားကောင်းထံ နည်းနာခံ၍ အသိ အလိမ္မာ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော ဘုရားသားတော်အစစ် ရှင်သာမဏေ ဖြစ်သူသည် ဘုရားမြတ်စွာ၏ အဆုံးအမတော်ဖြစ်သော ဤဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကို ဖြည့်ကျင့်သောအားဖြင့် နိဗ္ဗာန်ထုတ်ချောက် မျက်မှောက်ပြုနိုင်အောင် အားထုတ်ကျင့်ကြံရာသတည်း။

www.dhammaransi.com



ဝတ္တံ အပရိပူရေန္တော၊ သီလံနပရိ ပူရတိ၊
အသုဒ္ဓသီလော ဒုပ္ပညော၊ စိတ္တေကဂ္ဂံ နဝိန္ဒတိ။
ဝိက္ခိတ္တစိတ္တော နေကဂ္ဂေါ၊ သမ္မာ ဓမ္မံ နပဿတိ၊
အပဿမာနော သဒ္ဓမ္မံ၊ ဒုက္ခာနပရိမုစ္စတိ။
တသ္မာ ဟိဝတ္တံပူရေယျ၊ ဇိနပုတ္တော ဝိစက္ခဏော၊
ဩဝါဒံ ဗုဒ္ဓ သေဋ္ဌဿ၊ တတော နိဗ္ဗာန မေဟိတိ။

ဝတ္တံ-ဝတ်ကြီးဝတ်ငယ်ကို၊ အပရိပူရေန္တော-မဖြည့်ကျင့်သော ရဟန်းသာမဏေသည်၊ သီလံ-သီလကို၊ နပရိပူရတိ၊ ဖြည့်ကျင့်သည်မမည်။ အသုဒ္ဓသီလော-မစင်ကြယ်သော သီလရှိသော၊ ဒုပ္ပညော-ပညာမရှိသော ရဟန်း သာမဏေသည်၊ စိတ္တေကဂ္ဂံ-စိတ်၏ ငြိမ်သက်တည်ကြည်ခြင်းကို၊ နဝိန္ဒတိ-မရနိုင်။

ဝိက္ခိတ္တစိတ္တော-လေခတ်သော တံခွန်ကဲ့သို့ ပျံ့လွင့်သောစိတ်ရှိသည်ဖြစ်၍၊ နေကဂ္ဂေါ-မတည်ကြည်သော ရဟန်းသာမဏေသည်၊ သမ္မာ-ကောင်းစွာ၊ ဓမ္မံ-မဂ်ဖိုလ်နိဗ္ဗာန်တရားကို၊ နပဿတိ၊ မမြင်ရနိုင်၊ သဒ္ဓမ္မံ-သူတော်ကောင်းတရားကို၊ အပဿမာနော-မမြင် မ သိ သော ရဟန်းသာမဏေသည်၊ ဒုက္ခာ-ဝဋ်ဆင်းရဲမှ-နပရိမုစ္စတိ-မလွတ်မြောက်နိုင်။

တသ္မာဟိ-တသ္မာဝေ- ထို ကြောင့် သာ လျှင်၊ ဝိစက္ခဏော-အမြော်အမြင် ပညာမျက်စိရှိသော၊ ဇိနပုတ္တော-ဘုရားသားတော်သည်၊ ဗုဒ္ဓသေဋ္ဌဿ-ချီးမွမ်းအပ်သောသူတို့ထက် အထူးသဖြင့် ချီးမွမ်းအပ်သောမြတ်စွာဘုရား၏ဩဝါဒ-အဆုံးအမတော်ဖြစ်သော ဝတ္တံ-ဝတ်ကြီးဝတ်ငယ်ကို၊ ပူရေယျ-ဖြည့်ကျင့်ရာ၏။ တတော-ထိုသို့ ဖြည့်ကျင့်ခြင်းကြောင့်၊ နိဗ္ဗာန်သို့၊ ဧဟိတိ-ရောက်ရလိမ့်သတည်း။

www.dhammaransi.com



## သီလလေးမျိုး

သီလဟူသည် ကိုယ်နှုတ်စိတ်တို့ကို အကုသိုလ် အပြစ်မဖြစ် ရအောင် ထိန်းသိမ်းစောင့်စည်းရကြောင်း ကောင်းသော အကျင့်ပင် ဖြစ်၏။ ကိုယ်ဖြင့်လုပ်ဆောင်မှု ဟူသော ကာယကံ၊ နှုတ်ဖြင့်ပြောဆိုမှု ဟူသော ဝစီကံ၊ စိတ်ဖြင့် ကြံစည်စဉ်းစားမှု ဟူသော မနောကံ၊ ဤကံသုံးပါးတို့တွင် အကုသိုလ် ဟူသော အပြစ်မဖြစ်ရအောင် စောင့်စည်းထိန်းသိမ်းမှု၊ ကုသိုလ်ဟူသော အကျိုးရလေအောင် လေ့ကျင့်ပေးမှုကိုပင် သီလဟု ခေါ်ဆို ရ၏။

ထိုသီလဟူသည် ပါတိမောက္ခ သံဝရသီလ၊ ဣန္ဒြိယသံဝရ သီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယ သန္နိဿိတ သီလ ဟူ၍ လေးမျိုး ရှိ၏။

**၁။ ပါတိမောက္ခ သံဝရသီလ။** ။ဝိနည်း ပါဠိတော်၌ လာသော သိက္ခာပုဒ်တော်များသည် ပါတိမောက္ခ သံဝရသီလ မည်၏။ (အာဇီဝပါရိသုဒ္ဓိသီလ တချို့ ဝိနည်းပါဠိတော်၌ ပါဝင် လျက် ရှိသည်။)

ရှင်သာမဏေများအတွက်မူ လိင်ဆယ်ပါး၊ ဒဏ်ဆယ်ပါး၊ သေခိယသိက္ခာပုဒ်၊ ခန္ဓကဝတ်များကို မကျိုးမပေါက်အောင် စောင့်ရှောက်ထိန်းသိမ်းခြင်းသည် ဤပါတိမောက္ခ သံဝရသီလ ကို ဖြည့်ကျင့်သည် မည်ပေ၏။

ထို့အပြင် အဖြဟမ္မစရိယ သိက္ခာပုဒ်အရ မဂ်သုံးမဂ်မှ တပါး အခြားသောနည်းအားဖြင့် သုက်ကို လုံ့လပြုခြင်း၊ မာတုဂါမ

www.dhammaransi.com



တို့နှင့် ကိုယ်လက်နှိုးနှောခြင်း စသော အမှုများကို ရှင်သာမဏေများအတွက် သီးခြားသိက္ခာပုဒ် တိုက်ရိုက်ပင် မလာသော်လည်း စောင့်စည်းရမည်သာ ဖြစ်ပေသည်။

ဤသိက္ခာပုဒ်တော်များ၊ သီလတော်များကို စောင့်စည်းထိန်းသိမ်းမှု ဟူသည် ဘုရားတည်းဟူသော ရတနာ၊ တရားတည်းဟူသော ရတနာ၊ သံဃာတည်းဟူသော ရတနာ၊ ဤရတနာသုံးပါးအပေါ်၌ ယုံကြည်သော သဒ္ဓါတရား ရှိမှသာလျှင်၊ ဤသို့သော သဒ္ဓါတရား ရှိသူမှသာလျှင် ဤသိက္ခာပုဒ်တော်ဟူသော ဤသီလကို ထိန်းသိမ်းစောင့်စည်းနိုင်မည် ဖြစ်ပေသည်။ ထို့ကြောင့် ဤသီလ လုံခြုံမှုအတွက် သဒ္ဓါတရားသည်သာလျှင် ပဓာန အကြောင်းရင်း ဖြစ်ပေသည်။ (ပါတိမောက္ခ= ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်+သံဝရ= စောင့်စည်းထိန်းသိမ်းမှု+သီလ=အလေ့အကျင့်။)

၂။ ဣန္ဒြိယ သံဝရသီလ။ ။စက္ခုန္ဒြေ=မျက်စိ၌ အစိုးတရရှိမှု၊ သောတိန္ဒြေ=နား၌ အစိုးတရရှိမှု၊ ဃာနိန္ဒြေ-နှာခေါင်း၌ အစိုးတရရှိမှု၊ ဇိဝှိန္ဒြေ=လျှာ၌ အစိုးတရရှိမှု၊ ကာယိန္ဒြေ=ခန္ဓာကိုယ်၌အစိုးတရရှိမှု၊ မနိန္ဒြေ=စိတ်၌အစိုးတရရှိမှုအားဖြင့် ဣန္ဒြေခြောက်ပါးတို့၌ အပြင်က တိုက်ခိုက်လာသော အဆင်း အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့နှင့် ကြံစည်စိတ်ကူးမှု ဟူသော အာရုံခြောက်ပါးအပေါ် ကောင်းသောအာရုံ (ဣဋ္ဌာရုံ)တို့နှင့် တိုက်ဆိုင်သည့်အခါ ကောင်းလျှင် ကောင်းသလို တဏှာ လောဘအဘိဇ္ဈာများ မဖြစ်ပွားရလေအောင်၊ မ ကောင်း သော အာရုံ

www.dhammaransi.com



(အနိဋ္ဌာရုံ)တို့နှင့် တိုက်ဆိုင်သည့်အခါ မကောင်းလျှင်မကောင်း သလို ဒေါသ ဒေါမနဿများ မဖြစ်ပွားရလေအောင် စောင့် စည်း ထိန်းသိမ်းမှုကို ဣန္ဒြိယ သံဝရ=ဣန္ဒြေကို စောင့်စည်းမှုဟု ခေါ်၏။

ဤသို့ ဣန္ဒြေခြောက်ပါးတို့နှင့်စပ်၍ အကုသိုလ် မဖြစ်ရလေ အောင် စောင့်စည်း ထိန်းသိမ်းနိုင်မှု ဟူသည် မလစ်လပ်သော သတိဖြင့် အမြဲမပြတ်ကပ်၍ ရှုမှတ်နေနိုင်မှသာလျှင် လုံခြုံမှု ရှိနိုင် ပေမည်။ ထို့ကြောင့် ဤဣန္ဒြိယ သံဝရသီလ၌ သတိတရား လက် ကိုင်ထားခြင်းသည်သာလျှင် ပဓာန အကြောင်းရင်း ဖြစ်ပေ သည်။ (ဣန္ဒြိယ=စက္ခု စသော ဣန္ဒြေ+သံဝရ=စောင့်စည်း ထိန်းသိမ်းမှု+သီလ=အလေ့အကျင့်)။

၃။ **အာဇီဝ ပါရိသုဒ္ဓိသီလ။** ။အသက်မွေးဝမ်းကျောင်း မှုကို အာဇီဝဟု ခေါ်၏။ မတရားသောနည်းလမ်းဖြင့် ပစ္စည်း ရှာကြံ၍ အသက်မွေးခြင်းသည် မိစ္ဆာဇီဝ=မှားယွင်းသော အသက်မွေးခြင်း မည်၏။ ရဟန်း သာမဏေတို့အနေဖြင့် ဒါယကာ ဒါယိကာမတို့အား ပန်းပေးခြင်း၊ သစ်သီးပေးခြင်း စသော ပစ္စည်း တစုံတရာ ပေးကမ်းသောအားဖြင့် အနုနည်းကို ဖြစ်စေ၊ မလှုပ်မနေနိုင်အောင် လှည့်ပတ်၍ အတင်းတောင်းခြင်း၊ အကျပ် ကိုင်၍ တောင်းခြင်း စသော အကြမ်းနည်းကို ဖြစ်စေ အသုံး ပြုခြင်းကြောင့် အပြန်အလှန် သဘောမျိုးဖြင့် ရရှိလာသော ပစ္စည်းလေးပါး စသည်တို့သည် မစင်ကြယ်သော မသုံးအပ် သော ပစ္စည်းများဖြစ်၏။ ထိုပစ္စည်းများဖြင့် အသက်မွေးမှုသည်

www.dhammaransi.com



မစင်ကြယ်သော၊ မှားယွင်းသော အသက်မွေးမှုဖြစ်၏။ မိစ္ဆာဇီဝ မည်၏။ (ထိုပစ္စည်းများကို ဤနည်းဖြင့် ရှာဖွေသော ကာယကံ ရှင်သာ မသုံးစွဲကောင်းသည် မဟုတ်၊ သိတင်းသုံးဖော် ငါးဦး လုံး၊ တ သာသနာလုံး မသုံးစွဲကောင်းပေ)။

ထိုအထက်ပါနည်းမျိုးဖြင့် အသက်မွေးမှုကို ရှောင်ကြဉ်၍ တရားသဖြင့် ရအပ်သော ပစ္စည်းဖြင့်သာ အသက်မွေးခြင်းသည် မှန်ကန်သော အသက်မွေးမှု သမ္မာအာဇီဝ မည်၏။ ဤကဲ့သို့ သော မှန်ကန်သည့် အသက်မွေးမှု၌ မှားယွင်းသော နည်းလမ်း များ မပါမဝင် စင်ကြယ်သန့်ရှင်းခြင်းကြောင့် ဤအသက်မွေး မှုမျိုးကိုပင် စင်ကြယ်သော အသက်မွေးမှုဟု ဆိုရ၏။ (အာဇီဝ- အသက်မွေးမှု၏+ပါရိသုဒ္ဓိ=စင်ကြယ် သန့်ရှင်းခြင်း)။

အသက်မွေးမှု စင်ကြယ်သန့်ရှင်းစေရန် စောင့်စည်း ထိန်း သိမ်းသော အလေ့အကျင့် သီလကို အာဇီဝပါရိသုဒ္ဓိ သီလဟု ခေါ်ဆိုရ၏။ ဤ၌ တရားသဖြင့် ရှာမှီးခြင်း၊ ဆွမ်းခံဖို့ရန် မပျင်း မရိခြင်း ဟူသော လုံ့လ ဝီရိယ ရှိမှသာလျှင် ဤသီလ လုံခြုံဖွယ် ရှိပေသည်။ လုံ့လ ဝီရိယ ကင်းမဲ့ပြီး ဆွမ်း ခံ ရ မှာ ပျင်းရိသူ၊ လွယ်လွယ်ကူကူ အချောင်နည်းဖြင့် ပစ္စည်းရအောင် ကြံစည် နေသူများအတွက် ဤသီလ လုံခြုံရန် မလွယ်ကူပေ။ သူ၏အသက် မွေးမှုသည်လည်း စင်ကြယ်သန့်ရှင်းမှု မဖြစ်နိုင်ပေ။ သို့အတွက် ဤသီလ လုံခြုံရန် အရေး၌ လုံ့ လ ဝီ ရိ ယ သည် သာ ပဓာန အကြောင်းရင်း ဖြစ်ပေ၏။

www.dhammaransi.com



၄။ **ပစ္စယသန္နိဿိတ သီလ။** ။ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူသော ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာ တင်၍ ဉာဏ်ဖြင့် ဆင်ခြင်သုံးစွဲခြင်းသည် ကောင်းသော အလေ့အကျင့် တခုပင် ဖြစ်၏။ ဤကောင်းသော အလေ့အကျင့်သည်ပင်လျှင် သီလမည်ပေ၏။ ဤသီလသည် မည်သည်ကို အမှီပြု၍၊ အကြောင်း ပြု၍ ရရှိလာပါသနည်းဟူမူ ပစ္စည်းလေးပါးတို့ကို ဆင်ခြင်၍ မှီဝဲသုံးစွဲခြင်းကြောင့် ရရှိလာခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ပစ္စည်းလေးပါးတို့၌မှီ၍ ဖြစ်လာသော သီလကို "ပစ္စယ သန္နိဿိတ သီလ" ဟူ၍ ခေါ်ဆိုရ၏။ (ပစ္စယ=ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူသော ပစ္စည်းလေးပါး၌+သန္နိဿိတ=မှီ၍ဖြစ်သော+ သီလ=အလေ့အကျင့်)။

သို့အတွက် ဤသီလ လုံခြုံဖို့အရေးတွင် ပစ္စည်းလေးပါးတို့ကို ဉာဏ်ဖြင့် သက်ဝင်ဆင်ခြင်မှုသည်သာလျှင် ပဓာန အကြောင်း ရင်း ဖြစ်ပေ၏။ ထို့ကြောင့် ပစ္စည်းလေးပါးတို့ကို ပါဠိသက် သက်ရွတ်နေရုံမျှဖြင့် ပစ္စဝေက္ခဏာ ဆင်ခြင်ရာမရောက်၊ ဉာဏ် ဖြင့် သက်ဝင်အဓိပ္ပာယ် ထင်မြင်လျက် ဆင်ခြင်သုံးစွဲမှသာလျှင် ဆင်ခြင်ရာရောက်၍ ဣဏပရိဘောဂ = ကြွေး ယူ သုံး စွဲ သော အဖြစ်မှလည်း ကင်းလွတ်ပေမည်။ ဤပစ္စယ သန္နိ ဿိ တ သီလ လည်း လုံခြုံနိုင်ပေမည်။

## သုံးစွဲခြင်း လေးမျိုး

ပစ္စည်းလေးပါးတို့ကို သုံးစွဲရာ၌ ၁။ ထေယျပရိဘောဂ၊ ၂။ ဣဏ ပရိဘောဂ၊ ၃။ ဒါယဇ္ဇ ပရိဘောဂ၊ ၄။ သာမိ

www.dhammaransi.com



ပရိဘောဂ ဟူ၍ သုံးစွဲနည်း လေးမျိုးလေးစား ရှိလေသေး၏။ ထိုလေးမျိုးတို့တွင်—

၁။ **ထေယျ ပရိဘောဂ။** ။ပါရာဇိကကျနေသောရဟန်း၊ လိင်ကျနေသော သာမဏေတို့၌ သီလဟူသည် မရှိတော့၊ သူတို့သည် ဒုဿီလ=သီလမရှိသူများ ဖြစ်ကြ၏။ ဗုဒ္ဓ ရှင်တော်မြတ်သည် သီလရှိသော ရဟန်း သာမဏေများအတွက်သာ ပစ္စည်းလေးပါးတို့ကို ဤနည်းဤပုံအားဖြင့် မှီဝဲသုံးစွဲနိုင်၏ဟု ခွင့်ပြုထားခြင်း ဖြစ်ပေသည်။ ဤဒုဿီလ=သီလ မရှိသူများအတွက် ခွင့်ပြုတော်မူသည်မဟုတ်၊ အလှူရှင်များ အနေဖြင့်လည်း သီလမရှိမှန်းသာသိရလျှင် ခွင့်ပြုနိုင်ကြမည် မဟုတ်ပေ။ ထို့ကြောင့် ပိုင်ရှင်တို့ ခွင့်မပြုသော ပစ္စည်းကို မှီဝဲသုံးစွဲခြင်းသည် ထေယျ ပရိဘောဂ = ခိုးယူ၍ သုံးစွဲရာ ရောက်တော့၏။

ထို့ကြောင့် ဤသီလမရှိသော ဒုဿီလတို့၏ ပစ္စည်းလေးပါးတို့ကို သုံးစွဲခြင်းသည် ခိုးယူ၍ သုံးစွဲခြင်း၊ ခိုးသူ၏ အဖြစ်ဖြင့် သုံးစွဲခြင်း မည်ပေ၏။ (ထေယျ=ခိုးယူ၍=ခိုးသူ၏ အဖြစ်ဖြင့်+ ပရိဘောဂေါ = သုံးစွဲခြင်း)။

၂။ **ဣဏ ပရိဘောဂ။** ။ပစ္စည်းလေးပါးတို့ကို ဒုဿီလတို့ အနေဖြင့် မမှီဝဲထိုက်ကြောင်းကား ဆိုခဲ့ပြီ။ သီလရှိသော ရဟန်း သာမဏေတို့သည်ပင်လျှင် ပေါ့ပေါ့တန်တန် သဘောထား၍ အမှုမဲ့ အမှတ်မဲ့ မသုံးစွဲရပေ။ ဘာ့ကြောင့် မှီဝဲရပါသည်။ ဘယ်အတွက် မှီဝဲရပါသည်။ ဘယ်အကျိုးကိုမျှော်ကိုး၍သာ မှီဝဲခြင်း ဖြစ်ပါသည် ဟူသော အကြောင်းကို ဆင်ခြင်

www.dhammaransi.com



နှလုံးသွင်းမှုသာ မှီဝဲ သုံးစွဲထိုက်၏။ မဆင်ခြင်ပဲ သုံးစွဲမှီဝဲလျှင် ဣဏ ပရိဘောဂ = ကြွေးယူ၍ သုံးစွဲရာရောက်ဘော့၏။ (ဣဏ= ကြွေးယူ၍=ကြွေးအဖြစ်ဖြင့် + ပရိဘောဂေါ=သုံးစွဲခြင်း)။

၃။ **ဒါယဇ္ဇ ပရိဘောဂ။** ။သေက္ခ ပုဂ္ဂိုလ် ဟူ သည် အရိယာ ပုဂ္ဂိုလ် ရှစ် ယောက် ရှိ သည့် အနက် အရဟတ္တဖိုလ် (ရဟန္တာ) ပုဂ္ဂိုလ်ကို ချန်လှပ်၍ ကျန်ပုဂ္ဂိုလ် ခုနစ်ယောက်ကို ခေါ်သည်။ ရဟန္တာပုဂ္ဂိုလ်ကို အသေက္ခ ပုဂ္ဂိုလ် ခေါ်သည်။ ဤသေက္ခ ပုဂ္ဂိုလ်တို့၏ ပစ္စည်းလေးပါးတို့ကို မှီဝဲသုံးစွဲခြင်းသည် ဒါယဇ္ဇ ပရိဘောဂ = အမွေခံထိုက်သူ၏ အဖြစ်ဖြင့် သုံးစွဲခြင်း မည်ပေ၏။

ဘုရားရှင်သည် သီလရှိသော ရဟန်း သာမဏေတို့ အတွက် ပစ္စည်းလေးပါးတို့ကို မှီ ဝဲ သုံး စွဲ ရန် ခွင့် ပြု ပြီး ဖြစ်ပေသည်။ ထို့ကြောင့် ဤသေက္ခ ပုဂ္ဂိုလ်တို့သည် ဘုရားရှင်၏အလိုကျများ ဖြစ်ကြသည့်အတွက် ဘုရားရှင် ခွင့် ပြု တော် မူ သည့် အ တိုင်း အမွေကို ခံယူထိုက်သူများ ဖြစ်ကြပေသည်။ ထို့ကြောင့် ဤ သေက္ခ ပုဂ္ဂိုလ်တို့၏ ပစ္စည်းလေးပါးတို့အား မှီဝဲ သုံးစွဲခြင်းကို ဒါယဇ္ဇ ပရိဘောဂ ဘုရားရှင် ခွင့်ပြုတော်မူသည့်အတိုင်း ဘုရား ရှင်၏ အလိုကျ အမွေကို ခံယူထိုက်သူများ အဖြစ်ဖြင့် သုံးစွဲ ခြင်းဟု ခေါ်ရ၏။ (ဒါယဇ္ဇ = အမွေခံထိုက်သူ အဖြစ်ဖြင့်+ပရိ ဘောဂေါ = သုံးစွဲခြင်း)။

၄။ **သာမိ ပရိဘောဂ။** ။ရဟန္တာ ပုဂ္ဂိုလ်တို့၏ ပစ္စည်း လေးပါးတို့ကို သုံးစွဲခြင်းသည်ကား ကိုယ်ပိုင်ပစ္စည်းကို သုံးစွဲ

www.dhammaransi.com



သကဲ့သို့ ပိုင်ပိုင်နိုင်နိုင် ရှိလှပေသည်။ အဘယ်ကြောင့်ဆိုသော် လောကေ အဂ္ဂဒက္ခိဏေယျော = လောကတွင် ရဟန္တာ ပုဂ္ဂိုလ်တို့သည် အမြတ်ဆုံးသော အလှူခံ ပုဂ္ဂိုလ်များ ဖြစ်ကြပေ၏။ ထို့ကြောင့် ထိုရဟန္တာပုဂ္ဂိုလ်တို့၏ ပစ္စည်းလေးပါးတို့ကိုမှီဝဲသုံးစွဲခြင်းကို သာမိ ပရိဘောဂ = ပိုင်ရှင်၏အဖြစ်ဖြင့် သုံးစွဲခြင်းဟု ခေါ်ဆိုရပေ၏။ (သာမိ = ပိုင်ရှင်၏ အဖြစ်ဖြင့်+ပရိဘောဂေါ= သုံးစွဲခြင်း)။

www.dhammaransi.com

# လူနတ်ဦးခိုက် ပူဇော်ထိုက်၏

အခါတပါး ခရီးဝေးသွားသော ရဟန်းတော်တပါးသည် တောကြီးမျက်မည်း ခရီးခဲ၌ ရက်အတော်ကြာ မျက်စိလည်လမ်းမှားကာ အာဟာရပြတ်လျက် နောက်ဆုံးတွင် မတ်တတ်ကလဲသည့် အဖြစ်သို့ ရောက်ရတော့သည်။

တနေ့တွင် လေးမြားအစုံအလင် တပ်ဆင်လျက် တောတွင်းသွားမုဆိုးတယောက်သည် ရဟန်းတော်အပါးသို့ ရောက်လာသည်။ မုဆိုးသည် အလျား မှောက်လျက် လဲနေသော ရဟန်းတော်ကိုမြင်လျှင် ကျားပဲ ကိုက်သွားလေသလား၊ ဝက်ပဲပက်သွားလေသလား ဟူသော အတွေးဖြင့် ပတ်ဝန်းကျင်ကို စုံစမ်းထောက်လှမ်းရာ မည်သို့သောသဲလွန်စမျှ မမြင်ရသဖြင့် 'ကိုယ်တော် - ကိုယ်တော်' ဟု ခေါ်ကြည့်လိုက်သည်။ ရဟန်းတော်ဆီမှ တုန့်ပြန်မှုရ၍ ဘာဖြစ်လို့ လဲနေတာလဲဟု မေးကြည့်သည်တွင်မှ အစာ မစားရ၍ အားပြတ်ပြီးလဲနေသောအဖြစ်ကို သိရသည်။

www.dhammaransi.com



ဤတွင် တောကောင် တကောင်ကောင်၏ အန္တရာယ် ကြောင့်မဟုတ်ပဲ အစာပြတ်၍လဲနေသောအဖြစ်ကို သိရသော အခါ မုဆိုးသည်-

'ဩော်....ကိုယ်တော်နှယ်၊ အစာမစားရလို့လဲနေ၊ ကိုယ်တော့် ဘေးနားမှာ သရက်သီးမှည့်တွေ ဝိုင်းဝိုင်းလည်ပြီး ကြွေကျနေ တာ မမြင်ဘူးလား၊ ကောက်စားပါတော့လား၊ စားစရာတွေ ရှိလျက်သားနဲ့ ယူမှုမစားတာ'ဟု အပြစ်တင်မိတော့သည်။

'အေး၊ လူလိုသာဆိုယင်တော့ ကောက်စား အရသားပေါ့ ကွာ၊ ငါတို့ရဟန်းတွေမှာ ကပ်တဲ့လူမရှိ၊ ကပ်သူက မပေးမကမ်း ယင် ကိုယ့်ဘာသာ ယူမစားကောင်းဘူးကွ၊ ကပ်သူရှိမှ စား ရတာ'

မုဆိုးသည် သူ အပြစ်တင်စောမိသည်ကို စိတ်မကောင်းဖြစ်ပြီး 'ဩော်-ဒီလိုလားကိုယ်တော်၊ ဒီလိုဖြင့် ကျွန်တော် (တပည့် တော်) ကပ်မှာပေါ့၊ ကဲ-ထ'ဟုဆိုကာ ရဟန်းတော်ကို ဖေးမ ထူပေးပြီး သစ်ပင်ရင်းမှီထားကာ သရက်သီးမှည့်တွေကို လိုက် ကောက်ပြီး ရဟန်းတော်ကို ဆက်ကပ်တော့သည်။

ဤတွင် ရဟန်းတော်သည် မုဆိုးဆက်ကပ်သော သရက်သီး မှည့်များကို လက်မခံသေးပဲ အချိန်ကိုကြည့်ကာ—

'အေး-မင်း ကပ် ပေမယ့် ငါစားလို့ မရတော့ဘူး' ဟု ဆို လေ၏။

'ဒါက ဘယ်လိုဖြစ်ရပြန်တာလဲ ကိုယ်တော်'

'အခု မွန်းလွဲနေပြီ၊ မွန်းမလွဲမီသာ ငါတို့မှာ စားရတာ'ဟု ဆိုသည်တွင်—

www.dhammaransi.com



မုဆိုးသည်လည်း စိတ်မကောင်းဖြစ်ရပြန်ချေပြီ။ 'ခက်တော့ ဘာပဲကိုယ်တော်၊ ဒီလိုသာဖြင့် ကိုယ်တော်တို့ဟာ ဒီသရက်သီးကို ဘယ်လိုမှ စားလို့မရတော့ဘူးလား၊ ကိုယ်တော့်မလဲ အားက အတော်ပြတ်နေပြီ'ဟု စိတ်မကောင်းစွာဖြင့် ဆိုလေ၏။

'အေး....၊ တခုတော့ရှိတယ်။ မင်းကရိကထခံပြီး လုပ်နိုင်မယ်ဆိုယင် ဒီသရက်သီးကို အရည်ဖျော်ပြီး အဖတ်မပါအောင် စစ်ပြီး ကပ်ယင်တော့ အရည်လောက်တော့ သောက်ကောင်းပါရဲ့ကွာ'ဟု ပြောသောအခါ လေးမြား အစုံအလင်ဖြင့် သားကောင်တွေ ပစ်ဖို့ခတ်ဖို့ ထွက်လာခဲ့သော မုဆိုးသည် သရက်သီးမှည့်တွေကို ပုဆိုး ဂွင်းသိုင်း ထည့်ပြီး ပခုံးတွင်လွယ်ကာ သစ်ပင်ရင်းမှီထားသော ရဟန်းတော်ကို ပခုံးထက်မှာ ထမ်းပိုးလျက် တက်ကြွရွှင်လန်းသော စိတ်ဖြင့် အိမ်သို့ ခရီးနှင်တော့သည်တကား။

"ရဟန်းကျင့်ဝတ်၊ တပါးတတ်က၊
လူနတ်ဦးခိုက်၊ ပူဇော်ထိုက်၏။"

## ဒသဓမ္မသုတ်ပါဠိတော် နိဿယ

ဒသယိ မေ ဘိက္ခဝေ ဓမ္မာ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိ တဗ္ဗာ။ ကတမေ ဒသ—

၁။ ဝေဝဏ္ဏိယမှိ အဇ္ဈုပဂတောတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စ ဝေက္ခိတဗ္ဗံ။

၂။ ပရ ပဋိဗဒ္ဓါ မေ ဇီဝိကာတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စ ဝေက္ခိတဗ္ဗံ။

၃။ အညော မေ အာကပ္ပော ကရဏီယောတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စ ဝေက္ခိတဗ္ဗံ။

၄။ ကစ္စိ နုခေါ မေ အတ္တာ သီလတော နဥပဝဒန္တီတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စ ဝေက္ခိတဗ္ဗံ။

၅။ ကစ္စိ နုခေါ မံ အနုဝိစ္စ ဝိညူ သဗြဟ္မစာရီ သီလတော နဥပဝဒန္တီတိ ပဗ္ဗဇိတေန အဘိဏှံ ဝစ္စ ဝေက္ခိတဗ္ဗံ။

www.dhammaransi.com



၆။ သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

၇။ ကမ္မဿကောမှိ၊ ကမ္မဒါယာဒေါ၊ ကမ္မယောနိ၊ ကမ္မဗန္ဓု၊ ကမ္မပ္ပဋိသရဏော၊ ယံကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ တဿ ကမ္မဿဒါယာ ဒေါ ဘဝိဿာမိတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စ ဝေက္ခိ တဗ္ဗံ။

၈။ ကထံ ဘူတဿ မေ ရတ္တိန္ဒိဝါ ဝိတိဝတ္တန္တီတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စ ဝေက္ခိတဗ္ဗံ။

၉။ ကစ္စိ နု ခေါ အဟံ သုညာဂါရေ အဘိရမာမိတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စ ဝေက္ခိတဗ္ဗံ။

၁၀။ အတ္ထိ နု ခေါ မေ ဥတ္တရိ မနုဿ ဓမ္မာ အလမရိယ ဉာဏ ဒဿန ဝိသေသော အဓိဂတော၊ ယော ခေါဟံ ပစ္ဆိမေ ကာလေ သဗြဟ္မ စာရီတိ ပုဋ္ဌော နမင်္ကု ဘဝိဿာ မိတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စ ဝေက္ခိတဗ္ဗံ။

ဣမေ ခေါ ဘိက္ခဝေ ဒသဓမ္မာ ပဗ္ဗဇိတေန အဘိဏှံ ပစ္စ ဝေက္ခိတဗ္ဗာ။

ဘိက္ခဝေ-ရဟန်းတို့ (သာမဏေတို့)၊ ဒသ-ဆယ်ပါး ကုန်သော၊ ဣမေ ဓမ္မာ-ဤတရားတို့ကို၊ ပဗ္ဗဇိတေန သာသနာ့ ဝန်ထမ်း ရဟန်းသာမဏေသည်၊ အဘိဏှံ-နေ့ညဥ့်မပြတ်၊ ပစ္စဝေက္ခိတဗ္ဗာ-ဆင်ခြင်အပ်ကုန်၏၊ ကတမေဒသ- အဘယ် ဆယ်ပါးတို့နည်း--

www.dhammaransi.com



၁။ အဟံ-ငါသည်၊ ဝေဝဏ္ဏိယံ—ဖောက်ပြန်သော အဆင်းရှိသူ၏အဖြစ်သို့၊ အဇ္ဈုပဂတော-ကပ်ရောက်ရသည်၊ အမှို-ဖြစ်ပါ၏တကား၊ ဣတိ=ဤအကြောင်းကို၊ ပဗ္ဗဇိတေန-သာသနာ့ဝန်ထမ်း ရဟန်း သာမဏေသည်၊ အဘိဏှံ—နေ့ညဥ့်မပြတ် ပစ္စဝေက္ခိတဗ္ဗံ-ဆင်ခြင်သုံးသပ် နှလုံးသွင်းအပ်၏။

၂။ မေ-ငါ၏၊ ဇီဝိကာ-အသက်မွေးမှုသည်၊ ပရပဋိဗဒ္ဓါ—သူတပါးတို့၌ ဆက်စပ်နေပါ၏တကား။ ဣတိ—ဤအကြောင်းကို၊ ပဗ္ဗဇိတေန-သာသနာ့ဝန်ထမ်း ရဟန်း သာမဏေသည်၊ အဘိဏှံ—နေ့ညဥ့်မပြတ်၊ ပစ္စဝေက္ခိတဗ္ဗံ-ဆင်ခြင်သုံးသပ် နှလုံးသွင်းအပ်၏။

၃။ မေ—ငါသည်၊ အညော—လူတို့၏ အပြုအမူမှ တမျိုးတပါးတခြားသော၊ အာကပ္ပော—အသွင်အပြင် အပြုအမူကို၊ ကရဏီယော—ပြုထိုက်နေပါ၏တကား၊ ဣတိ—ကို၊ ပဗ္ဗဇိတေန-သည်၊ အဘိဏှံ—ပြတ်၊ ပစ္စဝေက္ခိတဗ္ဗံ-၏။

၄။ ကစ္စိ=အသို့နည်း၊ မေ—ငါသည်၊ အတ္တာ-ကိုယ်တိုင်ပင်လျှင်၊ သီလတော-အကျင့်သီလအားဖြင့်၊ နဉပဝဒတိ=ခုခေါ-မစွပ်စွဲပါ၏လော။ ဣတိ—ဤအကြောင်းကို၊ ပဗ္ဗဇိတေန-သည်၊ အဘိဏှံ—ပြတ်- ပစ္စဝေက္ခိတဗ္ဗံ-ဆင်ခြင်သုံးသပ် နှလုံးသွင်းအပ်၏။ (လူကြည်ညိုမှုထက် နတ်ကြည်ညိုမှုက ပို၍ခက်၏။ နတ်ကြည်ညိုမှုထက် မိမိကိုယ်မိမိ ကြည်ညိုမှုက ပိုမို၍ခက်၏။ အခက်ဆုံးဖြစ်၏။ ထို့ကြောင့် မိမိကိုယ်မိမိ အကျင့်သီလ အားဖြင့် ငင်ကြယ်သည်ဟု စိတ်ချနိုင်ပါ၏လော။ မိမိကိုယ်မိမိ ကြည်ညိုနိုင်

www.dhammaransi.com



ပါ၏လော။ အတ္တာနုဝါဒတေးမှ ကင်းဝေးပါ၏လောဟု နှေ့ညဥ့်မပြတ် သုံးသပ်ဆင်ခြင်သင့်၏ဟူလို။ အတ္တာ=မိမိကိုယ်တိုင်+အနုဝါဒ=စွပ်စွဲကဲ့ရဲ့ခြင်း)။

၅။ ကစ္စိ—အသို့နည်း၊ မံ—ငါ့ကို၊ အနုဝိစ္စ—ဉာဏ်ဖြင့် သက်ဝင်၍၊ ဝိညူ—ပညာရှိကုန်သော၊ သဗြဟ္မစာရီဟိ—သတင်းသုံးဘော်တို့သည်- သီလတော—အကျင့် သီလအားဖြင့်၊ နဥပဝဒန္တိနုခေါ—မစွပ်စွဲပါကုန်၏လော၊ ဣတိ-သို့၊ ပဗ္ဗဇိတေန-သည်၊ အဘိဏှံ-ပြတ်၊ ပစ္စဝေက္ခိတဗ္ဗ—၏။ (ပရာနုဝါဒဘေးမှ ကင်းဝေးပါ၏လော ဟူလို။ ပရ=သူတပါးတို့ = အနုဝါဒ=စွပ်စွဲကဲ့ရဲ့ခြင်း)။

၆။ မေ-ငါ၏ သဗ္ဗေဟိ—အလုံးစုံကုန်သော ပိယေဟိ—ချစ်ခင်နှစ်သက် မပစ်ရက်သောသူတို့နှင့် မနာပေဟိ-ချစ်ခင်မြတ်နိုးဆွေမျိုးရင်းချာ ညာတကာ တဝ ဒါယကာ ဒါယိကာမတို့နှင့် နာနာဘာဝေါ—ဇာတ်ချင်းမတူ အမူကွဲပြား တသီးတခြားဖြစ်ရခြင်းသည်။ ဝိနာဘာဝေါ—မပြန်လမ်းသို့ မြန်းရမသွေ သေခြင်းမှန်စွ ကွေကွင်းပြန်ရခြင်းသည်၊ ဟောတိ-မုချမှန်စွာ ဖြစ်ရမှာပါတကား၊ ဣတိ-ဤအကြောင်းကို၊ ပဗ္ဗဇိတေန-သည်၊ အဘိဏှံ-ပြတ်၊ ပစ္စဝေက္ခိတဗ္ဗ-၏။ (ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်း နောက်ဆုံးပါတကား)။

၇။ အဟံ—ငါသည်၊ ကမ္မဿကော—ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိသည်၊ ကမ္မဒါယာဒေါ—ကံပေးအပ်သော အမွေကို ခံယူရသည်၊ ကမ္မယောနိ-ကံသာလျှင် အကြောင်းရင်း ရှိသည်။

www.dhammaransi.com



ကမ္မဗန္ဓု - ကံသာလျှင် အဆွေအမျိုးရှိသည်။ ကမ္မပဋိသရဏော–ကံဟူသော လည်းလျောင်းရာရှိသည်၊ အမှီ–ဖြစ်ပါ၏တကား။ ကလျာဏံဝါ– ကောင်းသည်မူလည်း ဖြစ်သော၊ ပါပကံဝါ–မကောင်းသည်မူလည်း ဖြစ်သော၊ ယံကမ္မံ – အကြင် ကံ ကို ကရိဿာမိ=ပြုခဲ့အံ့၊ ပြုလိုက်အံ့။ တဿကမ္မဿ–ကို၊ ကံကောင်း ကံဆိုး အမျိုးမျိုး၏၊ ဒါယာဒေါ–အမွေခံသည်၊ အမွေကို ခံယူရမည်။ ဘဝိဿာမိ–ဖြစ်ရမှာပါတကား၊ ဣတိ–ကို၊ ပဗ္ဗဇိတေန–သည်၊ အဘိဏှံ–မြဲ၊ ပစ္စဝေက္ခိတဗ္ဗံ–၏။

၈။ မေ=ငါသည်၊ ကထံဘူတဿ– အ ဘယ် သို့ ဖြစ် စဉ်၊ ရတ္တိန္ဒိဝါ–ညဥ့်နေ့တို့သည်၊ ဝီတိဝတ္တန္တိ–လွန်သွားပါကုန်လိမ့်မည်နည်း၊ ဣတိ–ကို၊ ပဗ္ဗဇိတေန–သည်၊ အဘိဏှံ–မြဲ၊ ပစ္စဝေက္ခိတဗ္ဗံ–၏။

(မဂ်ဖိုလ်မမှီး အချည်းနှီး အချိန်တွေ ကုန်သွားလေသလော)

၉။ ကစ္စိ–အသို့နည်း၊ အဟံ–ငါသည်၊ သုညာဂါရေ–ဆိတ်ငြိမ်အေးချမ်း ကျောင်းသင်္ခမ်း၌၊ အဘိရမာမိ–မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ပါ၏လော၊ ဣတိ–ဤအကြောင်းကို၊ ပဗ္ဗဇိတေန–သာသနာ့ဝန်ထမ်း ရှင်ရဟန်းသည်၊ အဘိဏှံ–မြဲ၊ ပစ္စဝေက္ခိတဗ္ဗံ–၏။

၁၀။ ယော အဟံ=အကြင်ငါသည်၊ ဝါ–အကြင်ငါကို၊ ပစ္ဆိမေကာလေ–သေချိန်ရောက်ရာ နောက်ဆုံးအခါ၌၊ သဗြဟ္မစာရိဟိ–သီတင်းသုံးဘော်တို့သည်၊ ပုစ္ဆော-မေးအပ်သည်ရှိသော်၊ မင်္ကု–မျက်မှောင်ကုပ်သျှိုး နှလုံးညှိုးသည်၊ နဘဝိဿာမိ–မဖြစ်ရ

www.dhammaransi.com



ပေအံ့၊ တဿမေ—ထိုငါ၏၊ ဝါ-ထိုငါသည်၊ အဓိဂတော-သိအပ် ရအပ်ပြီးသော၊ အလမရိယဉာဏဒဿန ဝိသေသော-ကိလေသာကို ဖျက်ဆီးခြင်း၌ စွမ်းနိုင်သော၊ မြတ်သော၊ ဉာဏ်အမြင် အထူး ရှိသော၊ ဥတ္တရိမနုဿဓမ္မော-မြတ်သောဈာယီ အရိယာလူတို့၏ ဥစ္စာဖြစ်သော ဈာန်မဂ်ဖိုလ်တရားသည်၊ အတ္ထိ နုခေါ-ရှိထားလေ၏လော၊ ဣတိ-ဤအကြောင်းကို၊ ပစ္စဝေက္ခတော-သာသနာ့ဝန်ထမ်း ရဟန်း သာမဏေသည်၊ အဘိဏှံ-နေ့ညဥ့်ပြတ် အထပ်ထပ်သာလျှင်၊ ပစ္စဝေက္ခိတဗ္ဗံ- ဆင်ခြင် သုံး သပ်နှလုံးသွင်းအပ်၏။ (ဝင္ဆင်းရဲမှ လွတ်မြောက်ရာဖြစ်သော မြတ်စွာဘုရား၏ သာသနာတော်၌ ရှင်ရဟန်းပြုပြီးနေပါလျှင် မိမိ၏ ဆောက်ရာတည်ရာ မဂ်ဖိုလ်တရားကို ကြိုတင်စွာ ရှာကြံကြိုးကုတ်အားထုတ်ထားရမည်ကို ဘုရားရှင် လိုလားတော်မူသည်။)

ဘိက္ခဝေ-တို့၊ ဒသ-ဆယ်ပါးကုန်သော၊ ဣမေ ဓမ္မာ-ဤတရားတို့ကို၊ ပဗ္ဗဇိတေန - သာသနာ့ဝန်ထမ်း ရဟန်းသာမဏေသည်၊ အဘိဏှံ-နေ့ညဥ့်မပြတ်၊ ပစ္စဝေက္ခိတဗ္ဗာ-ဆင်ခြင်အပ်ကုန်၏။ ။

www.dhammaransi.com

## ၃၂ ကောဋ္ဌာသ ပါဠိ

အတ္ထိ ဣမသ္မိံ ကာယေ၊
ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊
မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊
ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖာသံ၊
အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ၊
ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊
အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ၊ မုတ္တံ။

## ၃၂-ကောဋ္ဌာသ မြန်မာပြန်

ဤ ငါ၏ကိုယ်မှာ—
ဆံပင်၊ မွေးညင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေ၊
အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့၊
နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊
အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊

www.dhammaransi.com



သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊
မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်၊
တို့သာ ရှိကုန်သည်တကား။

## ၃၂-ကောဋ္ဌာသ အနက်

ဤမသိမ်ကာယေ--တွင်းပဝန်းကျင်၊ မစင်မကြယ်၊ ရှုံ့ဖွယ်
ပြည့်လျှမ်း၊ အရေလွှမ်းဖုံး၊ ဤ ငါ၏တကိုယ်လုံး၌--

ကေသာ--ဦးခေါင်းထက်နေ၊ ထွက်ရေမျှားပြင်၊ ဆံပင်
အစုတို့သည်၊ အတ္တ-ပုဂ္ဂိုလ် သတ္တဝါ၊ ငါသူတပါး၊ လားလား
မဟုတ်၊ စက်ဆုတ်ဖွယ်သာ၊ ထင်ရှားရှိပါကုန်သည်တကား။

လောမာ--ကိုယ်လုံးတက်အောက်၊ အနှံ့ပေါက်သည့်၊ မြွေး
မြောက်စွာဟု၊ မွေးညှင်းအစုတို့သည်၊ အတ္တ-ပုဂ္ဂိုလ်သတ္တဝါ၊
ငါသူတပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ ထင်ရှား
ရှိပါကုန်သည် တကား။

နခါ--လက်ခြေနှစ်ပါး၊ အဖျား၌တွယ်၊ နှစ်ဆယ်သော
လက်သည်းခြေသည်းတို့သည်၊ အတ္တ-ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူ
တပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ ထင်ရှားရှိပါကုန်
သည် တကား။

ဒန္တာ-သွားဖုံး၌ဘွယ်၊ သုံးဆယ့်နှစ်ချောင်း၊ သွားအပေါင်း
တို့သည်၊အတ္တ-ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊လားလားမဟုတ်၊
စက်ဆုပ်ဖွယ်သာ ထင်ရှားရှိပါကုန်သည်တကား။

တစော--ကိုယ်လုံးရစ်ပတ်၊ အောက်ထပ်အထူ၊ ပေါ်မူအပါး၊
နှစ်မျိုးခြားလျက်၊ အသားပေါ်နေ၊ အရေအစုသည်၊ အတ္တ-

www.dhammaransi.com



ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ ထင်ရှားရှိပါကုန်တကား။ (အရေတူ-အရေပါးဟုလည်း ခေါ်၏။)

မံသံ—အဆင်းနီရင့်၊ ကသစ်ပွင့်ပမာ၊ ကိုးရာသော အသားထစ် အစုသည်၊ အတ္တိ-ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ လားလား မဟုတ်၊ စက်ဆုပ်ဖွယ်သာ ထင်ရှားရှိပါကုန်တကား။

နှာရု—လည်မှဆင်းသက်၊ ဝဲယာယှက်၍၊ ကိုယ်လက်နှံ့ဖြာ၊ ကိုးရာသော အကြောစုသည်၊ အတ္တိ-ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ ထင်ရှားရှိပါကုန်သည် တကား။

အဋ္ဌိ-ခြေဖျားမှတက်၊ ဦးခေါင်းထက်သို့၊ ဆက်ကာဆက်ကာ၊ သုံးရာသော အရိုးစုသည်၊ အတ္တိ-ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ၊ ထင်ရှားရှိပါကုန်သည် တကား။

အဋ္ဌိမိဉ္ဇ—အရိုးတွင်းခေါင်း၊ အဆံပေါင်းသို့၊ ပျော့ပျောင်းပြုန်၊ ခြင်ဆီအစုသည်၊ အတ္တိ-ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ၊ ထင်ရှား ရှိပါကုန်သည် တကား။

ဝက္ကံ—နှစ်လုံးသရက်၊ ညှာတခက်၌၊ ဖြာလျက်တည်ဟန်၊ လည်တံသက်လျှော၊ အကြောကြီးမှ၊ နှစ်ဖြာခွ၍၊ ဟဒယပတ်လည်၊ စဉ်းငယ်နီသော၊ အညှို့နှစ်ခုသည်၊ အတ္တိ-ပုဂ္ဂိုလ် သတ္တဝါ၊ ငါသူတပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ၊ ထင်ရှား ရှိပါကုန်သည် တကား။

ဟာဒယံ—အောက်သို့မျောက်ခုံ၊ ကြာပဒုံ၏၊ အငုံသဏ္ဍယ်၊ ရင်လယ်မှာတည်၊ အဆင်းနီသော၊ နှလုံးသားသည်၊ အတ္ထိ-ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ၊ ထင်ရှားရှိပါကုန်သည်ကကား။

ယကနံ—ကုမုဒြာ၊ ကြာနီပွင့်ဖက်၊ ကြောရပ်သဏ္ဍယ်၊စဉ်းငယ်ဖုံလျက်၊ ကသစ်ရွက်သို့၊ အစဘက်တဖုံ၊ ဖျားအစုံဖြင့်၊ ရင်ခုံလယ်ဗွေ၊ ယာမှာနေသော၊ အသည်းလွှာသည်၊ အတ္ထိ-ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ၊ ထင်ရှားရှိပါကုန်သည်တကား။

တိလောမကံ – အဝတ်လွှာဖြူ၊ ပမာတူသို့၊ နှလုံးအညှိကို၊ နီးဆို၍တည်၊ တလီအသား၊ အရေကြား၌၊ အသားယှက်ထွေး၊ နှစ်မျိုးသောအမြှေးသည်၊ အတ္ထိ-ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ၊ ထင်ရှား ရှိပါကုန်သည်တကား။

ပိဟကံ—ကြောင်ပန်းပွင့်လို၊ အဆင်းညို၍၊ ခွာညိုလျှာဟန်၊ ပုံသဏ္ဌာန်ဖြစ်၊ ခုနစ်သစ်ရှည်လျှား၊ နှလုံးသားနှင့်၊ ဝဲဘက်သင့်လျက်၊ စာအိမ်ထက်ဝယ်၊ သရက်ရွက်တွင်၊ ဘေအပျဉ်မည်ငြား၊ ဝမ်းလျှာအသားသည်၊ အတ္ထိ-ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ၊ ထင်ရှားရှိပါသည်တကား။ (ဘေ၊ သရက်ရွက်၊ အပျဉ်၊ အဖျဉ်း၊ ဝမ်းလျှာဟု အမျိုးမျိုး ခေါ်၏)။

ပပ္ဖါသံ—သဖန်းရှင်းပြင်း၊ အဆင်းနီနီ၊ မညီဖြတ်ခွဲ၊ မုန့်ပြတ်နဲ့သို့၊ အသည်းနှလုံး၊ တွဲရွဲပုံးတွယ်၊ သုံးဆယ်နှင့်နှစ်၊ အသား

www.dhammaransi.com



တစ်ယူသော အဆုတ်သည်၊ အတ္တိ—ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူ တပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ၊ ထင်ရှားရှိပါသည် တကား။

အန္တံ— ယောကျ်ားတို့ဝယ်၊ သုံးဆယ်နဲ့နှစ်၊ မိန်းမဖြစ်မူ၊ နှစ်ဆယ့်ရှစ်တောင်၊ ဖြူရောင်အဆင်း၊ သွေးစကျင်းနေ၊ ခေါင်း ပြတ်မြွေလို၊ လည်မျိုမှသက်၊ ဝစ္စမက်ဝယ်၊ နှစ်ဆယ်တတွန့်၊ လိမ်တွန့်ရစ်နေ၊ အူမခွေအစုသည်၊ အတ္တိ—ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ၊ ထင်ရှား ရှိပါသည်တကား။

အန္တဂုဏံ=ကြာသိမ်မြစ်ဟန်၊ ဆင်းသဏ္ဍာန်နေ၊ အူမခွေကို၊ နေရာတကျ၊ မလျှောကျအောင်၊ ဖွဲ့နှောင်ချည်ထုပ်၊ ခြေသုတ် ကြိုးဝယ်၊ ကြိုးငယ်အလား၊ အူကြားမှာတည်၊ အူသိမ်မည်သော အူအနှံသည်၊ အတ္တိ—ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ လားလား မဟုတ်၊ စက်ဆုပ်ဖွယ်သာ၊ ထင်ရှား ရှိပါသည်ကကား။

ဥဒရိယံ—စားသည့်အစာ၊ ဆင်းစုံသာတည်း၊ လျော့စွာဖွဲ့ထုပ်၊ ဆန်ထုပ်မယွှင်း စာအိမ်တွင်း၌၊ စားလိုက်သမျှ၊ လုံးဝစုလျက်၊ ခွေးစားခွက်ဝယ်၊ ထွေးဟက်စွန့်လတ်၊ ခွေးအန်ဖတ်အတူ၊ အစာ သစ် အစုသည်၊ အတ္တိ—ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ လားလား မဟုတ်၊ စက်ဆုပ်ဖွယ်သာ၊ တင်ရှားရှိပါသည်တကား။

ကရီသံ—စာသစ်အိမ်ထက်၊ ခေါတ်မီးချက်၍၊ ညက်ညက် ကြေမွ၊ သက်လျှောကျသော်၊ အူမအဆုံး၊ ဝါးလုံးအဆစ်၊ လက် ရှစ်သစ်မျှ- ပမာဏချိန်၊ စာဟောင်းအိမ်ဝယ်၊ စုတွယ်နေလျက်၊ မြေညက်အတူ၊ အစာဟောင်းအစုသည်၊ အတ္တိ—ပုဂ္ဂိုလ်သတ္တဝါ၊

www.dhammaransi.com



ငါသူတပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ၊ ထင်ရှား ရှိပါသည်တကား။

မတ္ထလုင်္ဂ—ဦးခေါင်းခွံတွင်း၊ မှိုဖြူဆင်းသို့၊ ရှိရင်းဦးဆက်၊ လေးခန်းထက်ဝယ်၊ မုန့်ညက်ဆိုင်အတု၊ ဦးနှောက်အစုသည်၊ အတ္ထိ—ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ၊ ထင်ရှား ရှိပါသည်တကား။

ပိတ္တံ—မယ်ဇယ်ဆီနဲ့၊ ပျစ်ခဲ့ချဲ့နှင့်၊ အသည်းကိုမှီ၊ အိမ်၌တည်သော၊ ဗဒ္ဓသည်းခြေ၊ ရေတွင်ဆီများ ပျံ့နှံ့သွားသို့၊ ကိုယ်သားကိုယ်ရေ၊ အနှံ့နေလျက်၊ ဝါရွှေညိုးနွမ်း၊ ပျဉ်းပွင့်ပန်းထု၊ အဗဒ္ဓ သည်းခြေအစုသည်၊ အတ္ထိ—ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ၊ ထင်ရှားရှိပါသည်တကား။

သေမှံ—ဝက်ခြေဘနဲ့၊ ရှက်ရေခဲ့သို့၊ ပျစ်ခဲ့ဖြူလျက်၊ စာအိမ်ထက်ဝယ်၊ တစလယ်ခန့်၊ ကျယ်ပြန့်ပျံ့ထူ၊ သလိပ်အစုသည်၊ အတ္ထိ—ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ၊ ထင်ရှား ရှိပါသည်တကား။

ပုဗ္ဗော—အနာဖြစ်သော်၊ သွေးပုပ်ပေါ်၍၊ ရှက်ရော်ဆင်းရောင်၊ ပုပ်ဟောင်နံညှီ၊ ပြည်အစုသည်၊ အတ္ထိ—ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ၊ ထင်ရှား ရှိပါသည်တကား။

လောဟိတံ—ချိပ်ရည်ပျစ်ဆင်း၊ တစလယ်ခင်းမျှ၊ ရင်တွင်းအဆုတ်၊ ညှိုးနှလုံးတို့ထက်၊ တစက်စက်ကျ၊ အသည်းမှလျှင်၊ အောက်ဘွင်ပြည့်စေ၊ စုတည်နေသော သန္နိစိတသွေး၊ (ပျစ်၍စုံနေသောသွေး)၊ ကျဲသောချိပ်ရည်၊ ပ မည်ပိုက်ကျုံး၊ ကိုယ်လုံး

www.dhammaransi.com



အနှံ့ရောက်၊ အကြောလျှောက်သော၊ သံသရဏသွေးသည်(ကဲ့ရဲ့ကြည့်ရှုအစဉ်လှည့်လည်နေသောသွေး)၊အတ္တ—ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ၊ ထင်ရှားရှိပါသည် တကား။

သေဒေါ—မီးပူနေပူ၊ ဥတုပူမှ၊ စ ၍ အ လီ လီ၊ ပူမည်းရှိ၍၊ နှမ်းဆီအဆင်း၊ ဆံခမွေးတွင်းမှ၊ ယိုဆင်းသက်လျှော့၊ ချွေးမည်သော ကောဋ္ဌာသသည်၊ အတ္တ—ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ၊ ထင်ရှားရှိပါသည်တကား။

မေဒေါ—ထက်ခြမ်းခွဲသည့်၊ နနွင်းခဲအတူ၊ ဝဖြိုးသူအား၊ အရေအသား၏၊ အကြားတိုင်းသာ၊ပိန်သူမှာမူ၊ ဖျားရောအသား၊ အခရေကြားတည်၊ အဆီခဲမည်သော ကောဋ္ဌာသသည်၊ အတ္တ—ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ၊ ထင်ရှား ရှိပါသည်တကား။

အဿု—မီးခိုးမှုဝင်၊ ရယ်ရွှင်ငိုကြွေး၊ စပ်ပူရေးကြောင့်၊ ချွေးသို့အဆင်း၊ မျက် စိ တွင်း တည်၊ မျက် ရည် မည် သော၊ ကောဋ္ဌာသသည်၊ အတ္တ—ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ၊ ထင်ရှားရှိပါသည်တကား။

ဝသာ—မီးပူနေပူ၊ ဥတုပူမှ၊ စ၍လီလီ၊ ပူမည်းရှိ၍၊ အုန်းဆီဆင်းနေ၊ လက်ခြေနှာစွန်း၊ ပခုံးစွန်းမှီ၊ ဆီကြည်မည်သော၊ ကောဋ္ဌာသသည်၊ အတ္တ—ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ၊ ထင်ရှား ရှိပါသည် တကား။

www.dhammaransi.com



ခေဠော—ချဉ်ငန်စပ်ခါး၊ ရသာများကို၊စားသော်မြင်သော်၊ အကြံပေါ်၍၊ နာသော်နှလုံး၊ ရှုံ့မှုန်းမယှင်း၊ ရေမြှုပ်ဆင်းသို့၊ လျှာရင်းပျစ်ချွဲ၊ လျှာဖျားကျဲကြည်၊လျှာရည်ဖြစ်သော တံထွေး အစုသည်၊ အတ္ထိ-ပုဂ္ဂိုလ်သတ္တဝါ၊ ငါ သူတပါး၊ လားလား မဟုတ်၊ စက်ဆုပ်ဖွယ်သာ၊ ထင်ရှားရှိပါသည်တကား။

သိင်္ဃာဏိကာ—ငရုတ်စသည်၊ စားမိသည်နှင့်၊ ကလိငိုကြွေး၊ ဓာတ်ချောက်ချား၍၊ ထက်ဖျားဦးနှောက်၊အရည်ဖောက်လျက်၊ ဦးခေါင်းထက်မှ၊ ဆင်းသက်အာစောက်၊ အထက်ပေါက်မြင့်၊ လျှောလျှောက်နှာဖု၊နှပ်အစုသည်၊အတ္ထိ-ပုဂ္ဂိုလ်သတ္တဝါ၊ငါ သူ တပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ်သာ၊ ထင်ရှားရှိပါသည် တကား။

လသိကာ—တရာ့ရှစ်ဆယ်၊ ကိုယ်ဝယ်အောက်ထက်၊ အရိုး ဆက်တည်၊ နယ်ဆီအတု၊ ပစ်ချွဲသော အစေးအစုသည်၊ အတ္ထိ-ပုဂ္ဂိုလ်သတ္တဝါ၊ ငါ သူ တပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ် သာ၊ ထင်ရှားရှိပါသည်တကား။

မုတ္တံ—စားသောက်သမျှ၊ အာဟာရမှ၊ ရသည့်မသွေ၊အရေတာ ချို့၊ ဆီးအိမ်သို့လျှင်၊ စိမ့်၍ ဝင်သော၊ကျင်ငယ်အစုသည်၊အတ္ထိ-ပုဂ္ဂိုလ်သတ္တဝါ၊ ငါ သူ တပါး၊ လားလားမဟုတ်၊ စက်ဆုပ်ဖွယ် သာ၊ ထင်ရှားရှိပါသည်တကား။

www.dhammaransi.com

# စွမ်းနိုင်သူများအတွက် ဓုတင်တဆယ့်သုံးချက်

ဓုတင်ဟူသည် သာယာမှုလောဘတဏှာ၊ တွေဝေမှုမောဟအဝိဇ္ဇာ၊ ထောင်လွှားမှု မာန စသော ကိလေသာ အနှောက်အယှက်တို့ကို တခုမကျန် တွန်းလှန်ခါထွက် သုတ်သင် ဖယ်ရှားတတ်သော အကြောင်းအင်္ဂါဟု အဓိပ္ပာယ်ရပေသည်။

ဓုတင်အကျင့်တရားကို ပွားများကျင့်သုံးလျက်ရှိသော ဓုတင်ဆောင် ပုဂ္ဂိုလ်သည် စားရေးအတွက် အများ နည်းတူမျှပင် မစားသုံးပဲ ချုပ်တည်း ခြိုးခြံလျက် ရသမျှဖြင့်သာ စားသုံးခြင်း၊ ထိုရသမျှကိုပင် နေရာတိုင်းတွင် စားသုံးမှုမပြုမူ၍ တထိုင်တည်း၊ တနေရာတည်း၊ တခွက်တည်း၌သာ တကြိမ်တည်းမျှ စားသုံးသောအားဖြင့် အလွန့်အလွန် ချုပ်တည်းသောအားဖြင့် အလိုကြီးမှု ဟူသမျှကို ခါထွက်သုတ်သင် ချေမှုန်းပြီး ဖြစ်တော့သည်။

www.dhammaransi.com



ထိုနည်းတူစွာ ဝတ်ရေးနှင့် နေရေးတို့တွင်လည်း အများနည်းတူ ရတိုင်းသော ရသလောက်သော ဝတ်စရာ သုံးစွဲစရာ ပရိက္ခရာတို့ကို အပို အမို မထား၊ သိုမှီးသိမ်းဆည်းမှုမပြု ခြိုးခြံမှု တခုကိုသာ ဦးတည်ထားခြင်း။

အများနည်းတူ အေးအေးလူလူ ချမ်းချမ်းသာသာ နေထိုင်မှုဟူသမျှ ဖယ်ရှား၍ သစ်တပင်ရင်း ဝါးတပင်အောက်၌သာ နေထိုင်ကျင့်ကြံခြင်း။ ထိုမှ တဆင့်တက်၍ သစ်ပင်ရင်း ဝါးတပင်အောက်မျှပင် မခိုမကပ် အလွန် တင်းကျပ်စွာ စိတ်ကို ထိန်းချုပ်ခြင်းဖြင့် ပလိဗောဓ-ကြောင့်ကြမှုအဝဝမှ ကင်းဝေးစေလျက် သပက္ခာဘာရော-ဝန်ထုပ်ဝန်ပိုးဆို၍ မိမိ၏ အတောင်နှစ်ဘက်သာလျှင် ဝန်ထုပ် ဝန်ပိုးအဖြစ် ရှိတော့သည့် ငှက်အသွင်လို ကိလေသာ အနှောင်အတွဲမှ ရှောင်လွှဲပြီး ဖြစ်တော့သည်။

သို့အတွက် ဓုတင်အကျင့်ဟူသည် တကိုယ်ထီးတည်း မြို့ရွာမမှီး တောပျော်ကြီးတို့၏ ဂေါစရိအကျင့်၊ စိတ်ဓာတ်ကြံ့ခိုင်စွမ်းနိုင်သူတို့အတွက် အကျင့်သက်သက်သာဟု ဆိုနိုင်ပေသည်။

ထို့ကြောင့် ပစ္စည်းလေးပါးတို့ကို အပိုအမို မလိုလားသော အပ္ပိစ္ဆတာဂုဏ်၊ ရသမျှနှင့် မျှတရောင့်ရဲနိုင်သော သန္တုဋ္ဌိတာဂုဏ်၊ တဏှာလောဘတရား နည်းပါးအောင် ခြစ်ထုတ်ပစ်နိုင်သော သလ္လေခဂုဏ် ဤသို့ များလှ ဂုဏ်ပေါင်းခ၍၊ ဒုက္ခအပြာပြာ ဆင်းရဲစွာကို ရှောင်ခွါကြောက်ရွံ့ နောက်မတွန့်ပဲ ရဲဝံ့စွာ ရင်ဆိုင်၍ ဒုက္ခကို အနိုင်ယူလိုသူများအတွက် ဓုတင်ဘဆယ့်သုံးပါး ပါဠိအနက်ကို ဖော်ပြအပ်ပါသည်။

www.dhammaransi.com



## ဓုတင် တဆယ့်သုံးပါး ပါဠိအနက်

### ၁။ ပံသုကူ ဓုတင်

ဂဟပတိဒါန စီဝရံ ပဋိက္ခိပါမိ၊
ပံသုကူလိကင်္ဂံ သမာဒိယာမိ။

ဂဟပတိဒါနစီဝရံ—အိမ်ရှင် ဒါယကာတို့ လှူဒါန်းသော သင်္ကန်းကို၊ ပဋိက္ခိပါမိ-ပယ်ပါ၏၊ ပံသုကူလိကင်္ဂံ-မြေပုံမှာသွား မြေမှုန့်အားနှယ် စက်ဆုပ်ဖွယ်သို့ရောက်သောသင်္ကန်းကို ဆောင်ခြင်း အလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကို၊ သမာဒိယာမိ၊ ကောင်းစွာ ယူပါ၏၊ ဆောက်တည်ပါ၏။

(သူသူ ငါငါ ဒါယကာတို့ လှူသော ကောင်းမွန်သည့် သင်္ကန်းကို လက်မခံပဲ မြေမှုန့်အလိမ်းလိမ်းကပ်သော ဟောင်းနွမ်း စုတ်ပြတ်သည့် သင်္ကန်းကိုသာ ခြိုးခြံခေါင်းပါးစွာ ဝတ်ရုံခြင်း။)

### ၂။ တေစီဝရိက် ဓုတင်

စတုတ္ထက စီဝရံ ပဋိက္ခိပါမိ၊
တေစီဝရိကင်္ဂံ သမာဒိယာမိ။

စတုတ္ထက စီဝရံ—ဝတ်လောက်ရုံလောက် လေးထည်မြောက် သင်္ကန်းကို၊ ပဋိက္ခိပါမိ-ပယ်ပါ၏၊ တေစီဝရိကင်္ဂံ-သုံးထည်သော သင်္ကန်းကိုသာ ဆောင်လေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကို၊ သမာဒိယာမိ-ကောင်းစွာ ယူပါ၏၊ ဆောက်တည်ပါ၏။

www.dhammaransi.com



(သင်းပိုင်၊ ကေသိ၊ နှစ်ထပ်သင်္ကန်း—ဤသုံးထည်မျှဖြင့်သာ နေလို့ရအောင် နေသည်။ နောက်ထပ် တထည် လေးခုမြောက် ဖြစ်လာသောသင်္ကန်းကို လုံးဝ လက်မခံဟု စွဲမြဲစွာ ဆောက်တည် ထားခြင်း။)

## ၃။ ပိဏ္ဍပါတ် ဓုတင်

အတိရေကလာဘံ ပဋိက္ခိပါမိ၊
ပိဏ္ဍပါတိကင်္ဂံ သမာဒိယာမိ။

အတိရေကလာဘံ-သွားလာလှည့်လည်၍ ရအပ်သော ဆွမ်းမှ အပိုအလွန်ဖြစ်သော လာဘ်ကို၊ ပဋိက္ခိပါမိ-ပယ်ပါ၏၊ ပိဏ္ဍပါတိကင်္ဂံ-သပိတ်၌ ကျလာသော ဆွမ်းကိုသာ ရှာလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်း အင်္ဂါသမာဒါနစေတနာကို၊ သမာဒိယာမိ-၏။

(ဆွမ်းခံ၍ရသော ဆွမ်းမှတပါး ဆွမ်းကျွေး ကွမ်းကျွေး စသော အခြားသော ဆွမ်းဘောဇဉ်တို့ကို လက်မခံ၊မစားသုံးဟု စွဲမြဲစွာ ဆောက်တည်ထားခြင်း။)

## ၄။ သပဒါန ဓုတင်

လောလုပ္ပစာရံ ပဋိက္ခိပါမိ၊
သပဒါနစာရိကင်္ဂံ သမာဒိယာမိ။

လောလုပ္ပစာရံ - အိမ်စဉ်ဖြတ်ကျော် လျှပ်ပေါ်သောသွားခြင်းကို ပဋိက္ခိပါမိ-ပယ်ပါ၏။ သပဒါနစာရိကင်္ဂံ-မလျှပ်မပေါ် မဖြတ်ကျော်ပဲ အိမ်စဉ် ဆွမ်းရပ်ခြင်း အလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်း အင်္ဂါသမာဒါနစေတနာကို၊ သမာဒိယာမိ-၏။

www.dhammaransi.com



(ဆွမ်းကောင်း ဟင်းကောင်း ရမည့်အိမ်၊ တတ်နိုင်သော၊ လှူနိုင် တန်းနိုင်သော အိမ်များကိုသာ မျှော်လင့်၍ ဆွမ်းရပ်ခြင်းမျိုး မပြုလုပ်ပဲ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ အစဉ်အတိုင်း ရွာစဉ်တန်းပေါက် အိမ်စဉ်လျှောက်၍ အလှည့်တည်ငြိမ်စွာဖြင့်သာ ဆွမ်းခံစားခြင်း။)

## ၅။ ကောသန္ဒိက် ဓုတင်

နာနာသနဘောဇနံ ပဋိက္ခိပါမိ၊
ကောသန္ဒိကင်္ဂံ သမာဒိယာမိ။

နာနာသနဘောဇနံ - ယာပိုထ်မတည် လှည့်လည်ပြောင်းကူး အထူးထူးသောနေရာ၌ စားခြင်းကို၊ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ကောသန္ဒိကင်္ဂံ-ဓိဋ္ဌာန်ဆောက် စိုက်ယာပိုထ်မလည်း တနေရာတည်း၌ စားခြင်းအလေ့ရှိသော ပုဂ္ဂိုလ်၏အကြောင်း အင်္ဂါ မာဒါန်စေတနာကို၊ သမာဒိယာမိ-၏။

(ဟိုအိမ်က ကပ်လှူလျှင်လည်း စားလိုက်၊ သည်အိမ်က ကပ်လှူလျှင်လည်း စားလိုက်ဟူသော နေရာအနှံ့ လှူကပ်သမျှ စားသောက်သော အကျင့်ကို ရှောင်ရှား၍ တနေရာတွင် တခါ စားသောက်ပြီးပါက နောက်ထပ် မစားသောက်တော့ပေ။)

## ၆။ ပတ္တပိဏ် ဓုတင်

ဒုတိယိကဘာဇနံ ပဋိက္ခိပါမိ၊
ပတ္တပိဏ္ဍိကင်္ဂံ သမာဒိယာမိ။

ဒုတိယကဘာဇနံ - နှစ်ခုမြောက်သောခွက်ကို၊ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ပတ္တပိက္ခိကင်္ဂံ-တခွက်တည်း၌သာ ဆွမ်းကိုယူခြင်း

www.dhammaransi.com



အလေ့ရှိသော ပုဂ္ဂိုလ်၏အကြောင်း အင်္ဂါသမာဒါနစေတနာကို သမာဒိယာမိ-ကောင်းစွာ ဆောက်တည်ပါ၏။

(ဟင်းပန်းကန်က တမျိုး၊ ငါးပိ တို့စရာ ပန်းကန်က တဖုံ ဟင်းချို စံသည့် အကြော်အလှော်ပန်းကန်က တခု စသည်ဖြင့် ဟင်းခွက် ဆွမ်းခွက်တွေ များစွာဖြင့် စားသုံးခြင်းမျိုးကို မဆို ထားဘိ၊ ဆွမ်း**တ**ခွက် ဟင်းတခွက်လောက်မျှပင် ခွဲခြား၍မထား မစားသုံးပဲ၊ သပိတ်တခုတည်း၌သာ ဟင်းရော၊ ဆွမ်းရော၊ ငါးပိရော စသည်ဖြင့် အချိုရော အချဉ်ပါ အခါး အစပ် အထပ်ထပ် ရောမြှမ်းပြီး လောင်းလှူချင်တာသာ လှူပေရော့ ရသမျှမွှေနှောက်ပြီး အစပ်တည့်သည် မတည့်သည် ပမာဏမထား စားသောက် သုံးဆောင်တော့သည်။ အငန်အရသာများပြား၍ စားမပြင်နိုင်လောက်အောင် ဒူးဒူးဝါးဝါး ငန်နေပါမူ ဤနေ့ အဖို့ ဗိုက်မှောက်၍သာ နေရဖွယ်ရှိတော့သည်။ ထို့အတူ အခါး အစပ် အရသာတို့ လွန်ကဲနေပြန်ကလည်း ဝါး၍ ဖြစ်နိုင်တော့ မည် မဟုတ်ချေ။

အဆက်ပါ ပုံစံမျိုးဖြင့် တခွက်တည်း၌ ရောမွှေစားသောက် နေသည်ကို မြင်လျှင် ဝါလုံးပေါင်း မမှန်မကန်ဖြင့် လူအများ အခေါ်အဝေါ်တွင်နေကြသည့် **ဘတ်လပိုင်**စားသည်၊ **ဒတ်လပိုင်** စားသည်ဟု ပြောဆိုနေကြခြင်းသည် ဤ ပတ္တပိဏ်ဍိကင်(ပတ္တ ပိဏ္ဍ=ပတ္တပိဏ်-ပတ္တပိုဏ် ဓုဘင်ပင် ဖြစ်ပေသည်။)

www.dhammaransi.com



## ၇။ ခလုပစ္ဆ ဓုတင်

အတိရိတ္တဘောဇနံ ပဋိက္ခိပါမိ၊
ခလုပစ္ဆာ ဘတ္တိကင်္ဂံ သမာဒိယာမိ။

အတိရိတ္တဘောဇနံ - ဂိလာနပုဂ္ဂိုလ် ဝိနည်းဓိုရ်တို့၏ ပိုလွန်ကြွင်းကျန်သော ဘောဇဉ်ကို၊ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ခလုပစ္ဆာဘတ္တိကင်္ဂံ-ပယ်ပစ်ရာကာလ၏ နောက်မှရအပ်သောဆွမ်းကို စားလေ့မရှိသော ပုဂ္ဂိုလ်၏ အကြောင်း အင်္ဂါသမာဒါန စေတနာကို၊ သမာဒိယာမိ-၏။

(လှူသိနည်းလှသော ဓုတင်တခုပင်၊ ရဟန်းတော်များတွင် တော်ပြီဟု လက် စသော အမူအရာနှင့်ဖြစ်စေ၊ နှုတ်ဖြင့် ဖြစ်စေ ပယ်ပစ်တားမြစ်ပြီးလျှင် တဖန် ပြန်၍ မစားကောင်း၊ စားလိုခဲ့သော် အတိရိက် ဝိနည်းကံ တခုခု ပြုလုပ်၍စားရ၏။ သို့မဟုတ် ဂိလာနပုဂ္ဂိုလ်၏ အကြွင်းအကျန်ဖြစ်ခဲ့မူ စားကောင်း၏။ ဤကဲ့သို့ ပြုလုပ်၍ စားမှုမျိုးကို ဤဓုတင်ဆောင် ပုဂ္ဂိုလ်အနေဖြင့် အငတ်သာခံတော့မည်။ ဤကဲ့သို့ ခဲရာခဲဆစ် ပြုလုပ်၍ မသုံးဆောင်တော့ ဟူလို။)

## ၈။ အာရညိကင် ဓုတင်

ဂါမန္တသေနာသနံ ပဋိက္ခိပါမိ၊
အာရညိကင်္ဂံ သမာဒိယာမိ။

ဂါမန္တ သေနာသနံ—ရွာနီးကျောင်းကို၊ ပဋိက္ခိပါမိ-၏၊ အရညိကင်္ဂံ တော၌ နေခြင်းအလေ့ရှိသောပုဂ္ဂိုလ်၏ အကြောင်း အင်္ဂါ သမာဒါန စေတနာကို၊ သမာဒိယာမိ-၏။

www.dhammaransi.com



(ရွာအနီးအပါး တခုခုကို ကျက်စားရာ နေရာအဖြစ်ဖြင့် အထောက်အပံ့အဖြစ် အမှီပြု၍ နေခဲ့သော် အစားအသောက် အဆင်ပြေနိုင်ပေသည်။ ဤလို သက်သက်သာသာ ဆွမ်းကွမ်း ရလွယ်သည့်အဖြစ်မျိုးကို ဓုတင်ဆောင် ပုဂ္ဂိုလ်သည် မနှစ်သက်၊ လက်မခံ တောခေါင်ခေါင် တောင်ထိပ်တည်းကြီးတွင်, တော ပျော်ကြီးလုပ်နေရခြင်းကိုသာ နှစ်သက်တော်မူသည်။)

၉။ ရုက္ခမူ ဓုတင်

ဆန္နံ ပဋိက္ခိပါမိ၊
ရုက္ခမူလိကင်္ဂံ သမာဒိယာမိ။

ဆန္နံ—အုတ်၊ ကျောက်၊ သစ်ရွက်၊ မြက်၊ အင်္ဂတေ ငါးထွေသော အမိုးကို၊ ပဋိက္ခိပါမိ-ပယ်ပါ၏။ ရုက္ခမူလိကင်္ဂံ—သစ်ပင်ရင်း၌ နေလေ့ရှိသောပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါန စေတနာ ကို-သမာဒိယာမိ။

အုတ် ကြွပ် မိုး ကျောင်း၊ ကျောက်ပြားမိုးကျောင်း၊ အင်္ဂတေ မိုးကျောင်း၊ မြက် သစ်ရွက်တို့ဖြင့် မိုးထားသောကျောင်း၊ အမိုး ရှိသောကျောင်းများ၌ မနေ၊ သစ်တပင်ရင်း ဝါးတပင်ရင်း အောက်၌သာ ခေါင်းပါးစွာ နေလေ့ရှိသည်။)

၁၀။ အဗ္ဘောကာသိက ဓုတင်

ဆန္နဉ္စ ရုက္ခမူလဉ္စ ပဋိက္ခိပါမိ၊
အဗ္ဘောကာသိကင်္ဂံ သမာဒိယာမိ။

ဆန္နဉ္စ—အုတ်၊ ကျောက်၊ သစ်ရွက်၊ မြက်၊ အင်္ဂတေ ငါးထွေ သောအမိုးကိုလည်းကောင်း၊ ရုက္ခမူလဉ္စ-သစ်ပင်၏အနီးအောက်

www.dhammaransi.com



ကို လည် ကောင်း၊ ပဋိက္ခိပါမိ-ပယ်ပါ၏၊ အဗ္ဘော ကာသိကင်္ဂ-လွင်တီးခေါင်ဟင်းလင်းအပြင်၌ နေခြင်းအလေ့ရှိသောပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကို၊ သမာဒိယာမိ—၏။

(အမိုးအကာနှင့် နေထိုင်သီတင်းသုံးဖို့ကို မဆိုထားဘိ၊ သစ်တပင်ရင်း ဝါးတပင်အောက်၌ပင် မနေတော့ပဲ လွင်တီးခေါင် ဟင်းလင်းကြီး၌သာ သီတင်းသုံးခြင်းဖြင့် အလွန် ပြင်းထန်စွာ ကျင့်ကြံတော်မူခြင်းပါပေ။)

## ၁၁။ သုသာန် ဓုတင်

နသုသာနံ ပဋိက္ခိပါမိ။
သောသာနိကင်္ဂံ သမာဒိယာမိ။

နသုသာနံ-သင်္ချိုင်းမဟုတ်သော အရပ်ကို၊ ပဋိက္ခိပါမိ-ပယ်ပါ၏။ သောသာနိကင်္ဂံ—သင်္ချိုင်း၌ နေလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကို သမာဒိယာမိ-၏။

(သင်္ချိုင်းမြေကိုသာ ရှာဖွေ၍ နေလေ့ရှိသည်။)

## ၁၂။ ယထာ သန္ထတိ ဓုတင်

သေနာသနလောလုပ္ပံ ပဋိက္ခိပါမိ၊
ယထာသန္ထတိကင်္ဂံ သမာဒိယာမိ။

သေနာသနလောလုပ္ပံ-ထစေတုံရှောင် ကောင်း မကောင်း စုံစမ်း မေးမြန်း ကြည့်ရှုခြင်း ဟူသော ကျောင်း၌ လျှပ်ပေါ် လော်လီခြင်းကို ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ယထာသန္ထတိကင်္ဂံ= ခင်းထားတိုင်းသော နေရာအလား ရွေးဖျား ညွှန်ပြချထားတိုင်း

www.dhammaransi.com



သောကျောင်း၌ နေလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်း အင်္ဂါ သမာဒါန စေတနာကို၊ သမာဒိယာမိ-၏။

(လူသိနည်းသောဓုတင်တပါးပင်၊ ကျောင်းနေရာထိုင်ခင်းရရှိသည့်တိုင်ကောင်းသည့်နေရာကိုသာကြိုက်ရာရွေးချယ်ပြီးနေခြင်းမျိုးသည် လျှပ်ပေါ်လော်လီ မကည်ကြည်သောသူတို့၏လုပ်ရပ်ဖြစ်၏။ ဓုတင်ဆောင်ပုဂ္ဂိုလ်အနေဖြင့်မူ ကိုယ့်အတွက် ကျရောက်လာသော နေရာထိုင်ခင်း၌သာ ကောင်းသည်ဖြစ်စေ ညံ့သည်ဖြစ်စေ နေလိုက်တော့သည် ဟူလို။)

၁၃။ **နိသဇ္ဇိ ဓုတင်**

သေယျံ ပဋိက္ခိပါမိ၊

နေသဇ္ဇိကင်္ဂံ သမာဒိယာမိ။

သေယျံ–လျောင်းလှည်းခြင်း၊ကို၊ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ နေသဇ္ဇိကင်္ဂံ–ထိုင်၍နေခြင်းအလေ့ရှိသောပုဂ္ဂိုလ်၏ အကြောင်း အင်္ဂါ သမာဒါန စေတနာကို၊ သမာဒိယာမိ-ကောင်းစွာဆောက်တည်ပါ၏။

(ယောကျ်ားပျင်း ကျောခင်း၊ မိန်းမပျင်း ခြေဆင်း ဟူသည့်အတိုင်း ကျောဆန့် ခြေဆန့် နေခြင်းမျှကိုပင် မပြု၊ ထိုင်မှုတခုတည်းဖြင့်ပင်လျှင် အလွန်ပြင်းတန်စွာ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူသည်။ လျောင်း ထိုင် ရပ် သွား လေးပါးသော ဣရိယာပုထ်တို့တွင် လျောင်းခြင်း ဣရိယာပုထ်သည်သာ သက်သောင့် သက်သာ ရှိသော အနေအထားဖြစ်၍ဤသက်သာသောသေယျ=လျောင်းခြင်း ဣရိယာပုထ်ကို ပယ်တော်မူသည်ဟူလို။)

ဓုတင် တဆယ့်သုံးပါးပြီး၏။

www.dhammaransi.com

# ပဲ့မဝင်ခင် အပြင်ကကျင်းပ

မိမိတို့ မြို့နယ် အသင်းအဖွဲ့များတွင် ကျင်းပ ပြုလုပ်သော မူလတန်း၊ အငယ်တန်း၊ အလယ်တန်း စသော စာမေးပွဲများ၌ အထောက်အပံ့ ဖြစ်စေရန်အတွက် ဤရှင်ကျင့်ဝတ်နှင့် သက်ဆိုင်သော မိမိတို့ သင်ခဲ့ပြီး၊ ကျက်ခဲ့ပြီး၊ ကြည့်ခဲ့ပြီး၊ မှတ်ခဲ့ပြီးသော အကြောင်းအရာများကို မေးခွန်းများအဖြစ် ထုတ်နုတ် ဖော်ပြထားပါသည်။

စာကိုကြည့်သွားစဉ်၊ ကျက်မှတ်သွားစဉ်က ရပြီးပြီ၊သိပြီးပြီ၊ လုံလောက်ပြီဟု စိတ်တွင် အထင်ရှိနေတတ်ပါသည်။ သို့သော် မေးခွန်းအဖြစ်နှင့် အမေးခံလိုက်ရသည့် အခါတွင်မှ ဝါးတားတား၊ မှုန်ဝေဝေဖြင့် ဇဝေဇဝါ ဖြစ်တတ်ပါသည်။

ဤကဲ့သို့ မဖြစ်ရလေအောင် ဖော်ပြမည့် မေးခွန်းနှင့်အဖြေများကို ဆက်လက်၍ လေ့လာထားသင့်ပေသည်။ ဤသို့ လေ့လာထားခြင်းဖြင့် စာမေးပွဲခန်းထဲကျမှ ဇဝေဇဝါနှင့် မသေမချာ ဖြစ်မှုမျိုးများ ကင်းဝေးနိုင်မည် ဖြစ်ပေသည်။

ထို့ကြောင့် ဤမေးခွန်းများသည် ပွဲမဝင်ခင် အပြင်ကကျင်းပ ဟူဘိသကဲ့သို့ မေးခွန်းနှင့်ကြိုလျှင် ရင်ခုန်ရသော အဖြစ်မှ ကင်းဝေးစေလျက် စာမေးပွဲအတွက် အတွေ့အကြုံ ရစေကာ လက်တွေ့ကျကျ နမူနာပြနေသော ဆရာတယောက် အနားမှာ ရှိသည့်အလား များစွာ အားထားရပေါလိမ့်မည်။

www.dhammaransi.com



ဗုဒ္ဓ ရှင်တော်မြတ်သည်ပင်လျှင် သတ္တဝါဝေနေ စရိုက် အထွေထွေကို သူ့စရိုက်နှင့် သူ့အလိုက် ကိုက်ညီရလေအောင် တရားတပုဒ် ဟောထုတ်ရာတွင်ပင် အမေးအဖြေ ပြုတန်လျှင် အမေးအဖြေ ပြုလုပ်၍ ဟောထုတ်ခဲ့သော သာဓကပေါင်း များစွာ ရှိခဲ့ပေသည်။

ဤမျှဆိုလျှင် အမေးအဖြေတို့၏ အကျိုးသွားကို တန်ဖိုး ထားကာ လေးစားနိုင်ပြီဟု ယုံကြည်ပါသည်။

www.dhammaransi.com

# ရှင့်ကျင့်ဝတ် အမေးအဖြေများ

မေး။ ။ရှင်လောင်းကို ဆံချခါနီး၌ အဘယ်ကမ္မဋ္ဌာန်းကိုပေး၍ ဆံချလေ့ ရှိကြသနည်း၊ ယင်းကမ္မဋ္ဌာန်းကို ရေးပြပါ။

ဖြေ။ ။တစပဉ္စက ကမ္မဋ္ဌာန်းကိုပေး၍ ဆံချလေ့ ရှိကြပါသည်။ အတ္တိ ဣမသ္မိံ ကာယေ—ကေသာ=လောမာ—နခါ—ဒန္တာ—တစော၊ ဤငါ၏ကိုယ်မှာ— ဆံပင်၊ မွေးညင်း၊ ခြေသည်းလက်သည်း၊ အမွေး၊ သွား၊ အရေ(အရေထူ—အရေပါး)တို့သာ ရှိကုန်သည်တကား။

မေး။ ။အဘယ့်ကြောင့် တစပဉ္စက ကမ္မဋ္ဌာန်းဟု ခေါ်ပါသနည်း။

ဖြေ။ ။'တစ'လျှင် ငါးခုမြောက် ရှိသောကြောင့် တစပဉ္စက ကမ္မဋ္ဌာန်းဟု ခေါ်ပါသည်။

မေး။ ။သင်္ကန်းဝတ်သောအခါ ဆင်ခြင်၍ ဝတ်ရပုံကို စကားပြေဖြင့် ရေးပြပါ။

www.dhammaransi.com



ဖြေ။ ။အချမ်းအပူကို ပယ်ပျောက်ရန် အကျိုး ၄ ၁ လည်းကောင်း၊ မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ကင်းတို့၏ ကိုက်ခဲခြင်း အတွေ့ကို ပယ်ပျောက်ရန် အကျိုး ၄ ၁ လည်းကောင်း၊ အရှက် အကြောက်ကို ဖျက်ဆီးတတ်သော ကျဉ်းမြောင်းရာ အရပ်ကို ဖုံးလွှမ်းခြင်း အကျိုး ၄ ၁ လည်းကောင်း (ဟိရိ ဂုဏ်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းခြင်း အကျိုး ၄ ၁ လည်းကောင်း) ဤသင်္ကန်းကို ဖုံးလွှမ်းဝတ်ရုံပါသည်။

မေး။ ။'ယမဟံ ဝဒါမိ တံ ဝဒေဟိ' ပါဠိကို မြန်မာလိုရေးပြပါ။

ဖြေ။ ။'အကြင်စကားကို ငါဆိုမည်။ ထို ငါဆိုသော စကားကို (ငါဆိုသည့်အတိုင်း) လိုက်ဆို'။

မေး။ ။သာမဏေ၏ ဆယ်ပါးသီလတွင် ရှေ့ပိုင်းခြောက်ပါးကို မြန်မာလို ရေတွက်ပြပါ။

ဖြေ။ ။၁။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ရခြင်း၊

၂။ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်ရခြင်း။

၃။ မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ရခြင်း။

၄။ လိမ်လည်ပြောဆိုခြင်းမှ ရှောင်ကြဉ်ရခြင်း။

၅။ သေရည်အရက် သောက်စားခြင်းမှ ရှောင်ကြဉ်ရခြင်း။

၆။ နေ့လွဲညစာ စားခြင်းမှ ရှောင်ကြဉ်ရခြင်း။

www.dhammaransi.com



မေး။ ။နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသူက၊ ဒဿနတို့ကို မြန်မာလို ရေးပြပါ။

ဖြေ။ ။နစ္စ—ကခြင်း၊ သူတပါးကို ကစေခြင်း၊
ဂီတ=သီဆိုခြင်း၊ သူတပါးကို သီဆိုစေခြင်း၊
ဝါဒိတ—တီးမှုတ်ခြင်း၊ သူတပါးကို တီးမှုတ်စေခြင်း၊
ဝိသူက—ဒဿန=သာသနာတော်၏ ကြောင့် တံကျင် သဖွယ် ဖြစ်သော ကခြင်း၊သီခြင်း၊ တီးမှုတ်ခြင်းတို့ကို ကြည့်ရှု နားထောင်ခြင်း။

မေး။ ။မာလာဂန္ဓ ဝိလေပန သုံးပုဒ်ကို ဓာရဏ မဏ္ဍန ဝိဘူသန သုံးပုဒ်နှင့် တွဲစပ်၍ မြန်မာလို ရေးပါ။

ဖြေ။ ။မာလာ ဓာရဏ=ပန်းပန်ခြင်း၊ ဂန္ဓ မဏ္ဍန=အမွှေး၊ နံ့သာပျစ်တို့ဖြင့် နိမ့်ရာအရပ်ကို ပြည့်ဖြိုးစေခြင်း၊ ဂန္ဓ ဝိလေပန ဝိဘူသန=အမွှေး နံ့ သာ ဆီ တို့ ဖြင့် အရေ အဆင်း လှပစေခြင်းငှာ လိမ်းကျံခြင်း။

မေး။ ။မည်မျှလောက် မြင့်သော အ တိုင်း အ တာ ကို 'ဥစ္စာ သယန'ဟု ခေါ်ပါသနည်း။

ဖြေ။ ။တ ထောင့် ထွာ ထက် (၂၇ လက်မထက်) မြင့်သော နေရာကို ဥစ္စာသယနဟု ခေါ်ပါသည်။

မေး။ ။မဟာသယန ဟူသည် မည်ကဲ့သို့သောနေရာကို ခေါ် ပါသနည်း။

www.dhammaransi.com



ဖြေ။ ။အခြေဥ္ခြ ခြသေ့၊ သစ်ကျား၊ သားရဲရုပ် တပ်သော နေရာ (ကြီးကျယ်ခမ်းနား ဆန်းပြားသော အခင်းတို့ ဖြင့် ခင်းထားသောနေရာ)ကို မဟာသယန ခေါ်ပါ သည်။

မေး။ ။ဇာတရူပ ရဇတ သိက္ခာပုဒ်တွင် ရဇတ အရ မည်သည့် ငွေကို ယူရမည်နည်း။

ဖြေ။ ။ရဇတ အရ အရောင်းအဝယ်ပြုလုပ်နိုင်သော ပြည်ပိုင် အစိုးရတို့က ငွေကြေးပိုက်ဆံဟု သတ်မှတ် ပြဋ္ဌာန်း သမျှကို ရဇတအရ ယူရပါမည်။

မေး။ ။ဥပဇ္ဈာယ်ယူပုံ ပါဠိကိုရေး၍၊ ဥပဇ္ဈာယ်ယူခြင်း၏ အဓိပ္ပာယ်ကို ရှင်းပြပါ။

ဖြေ။ ။ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။
ငါ၏ အပြစ်ကြီးငယ်တို့ကို နေ့ည ကြည့်ရှု ဆုံးမ မည့် ဆရာဟု စိတ်ထဲ၌ မှတ်ယူ ထားခြင်းကို ဥပဇ္ဈာယ် ယူခြင်းဟု ခေါ်ပါသည်။

မေး။ ။ရဟန်း သာမဏေတို့၏ ပစ္စည်းလေးပါးနှင့် ပုတီးစိပ် လေးပုဒ်တို့၏ အဓိပ္ပာယ်ကို သဘောမျှ ရှင်းပြပါ။

ဖြေ။ ။ရဟန်း သာမဏေတို့၌ မရှိလျှင် မဖြစ် စားဝတ် နေ ရေးအတွက် လိုအပ်သော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးတို့ကို ပစ္စည်းလေးပါးဟု ခေါ်ပါသည်။
ထိုပစ္စည်းလေးပါးတို့ကို သုံးဆောင်တိုင်း၊ သုံးစွဲတိုင်း ဆင်ခြင်ရသော ဆင်ခြင်ပုံ ဆင်ခြင်နည်းကို (ပစ္စဝေက္ခဏာ) ပုတီးစိပ်လေးပုဒ်ဟု ခေါ်ပါသည်။

www.dhammaransi.com



မေး။ ။အကြောင်းခိုင်လုံ တစုံတရာမျှ မရှိပဲ အာဟာရ အတွက် ဖျော်ရည် ဘိလပ်ရည်တို့ကို သောက်ကောင်း ပါ သလား။ မည်သည့် အကြောင်းရှိမှ သောက် ကောင်းပါသနည်း။

ဖြေ။ ။အကြောင်းတစုံတရာမရှိပဲ စားချင်သည့် အကြောင်း သက်သက်ဖြင့် မသောက်ကောင်းပါ။ "ဆာ လောင် မွတ် သိပ် ခြင်း ကို ပယ် ဖျောက် ရန် သာသနာ့ဝန်ကို ထမ်းဆောင်နိုင်ရန် အကျိုးငှာ" ဟူသော အကြောင်းရှိမှ သောက်ကောင်းပါသည်။

မေး။ ။ရောဂါမရှိပဲ စတုမဓု၊ထန်းလျက်၊ကြံသကာ၊သကြား လုံးစသည်တို့ကို စားကောင်းပါသလား။ဆာလောင် မွတ်သိပ်လျှင် စားကောင်းပါသလား။

ဖြေ။ ။မစားကောင်းပါ။ လေနာစသော ရောဂါရှိမှ ဤရောဂါကိုပယ်ပျောက် ရန်၊သာသနာ့ဝန်ထမ်းဆောင်ရန်ဟူသောအကြောင်း ရှိမှသာ (အရည်ဖျော်၍) သောက်ကောင်းပါသည်။

မေး။ ။သက်န်းနှင့်သက်ဆိုင်သော ပစ္စဝေက္ခဏာ ပါဠိတွင် ဥဏှသနှင့် အာတပအပူတို့ကို ခွဲခြားပြပါ။

ဖြေ။ ။ဥဏှသ အပူသည် မီး၏ အပူဖြစ်၍၊ အာတပ အပူ သည် နေ၏ အပူ ဖြစ်ပါသည်။

မေး။ ။ဟိရိကုပ်ဟူသည် အဘယ်ကို ခေါ်ပါသနည်း။

www.dhammaransi.com



ဖြေ ။ ။ရှက်အပ်သောအရာဌာနဥ္ဆ ရှက်တတ်ခြင်းကို ဟိရိဟု ခေါ်၍ ထိုသို့ ရှက်တတ်ခြင်းသည်ပင် အမျိုးကောင်း သားသမီးတို့၏ ဂုဏ်ပင်ဖြစ်သောကြောင့် ဟိရိဂုဏ်ဟု ခေါ်ပါသည်။

မေး။ ။"ဣဿာပရိဘောဂ"၏ အဓိပ္ပာယ်ကို ရှင်းပြပါ။

ဖြေ ။ ။ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာတင် ဆင်ခြင်၍ မသုံးစွဲလျှင် ဣဏ=ကြွေးယူ၍+ပရိဘောဂ = သုံးစွဲခြင်း မည်ပေတော့သည်။.

မေး။ ။လေးဖြာဓာတ်ဆောင်အရ ဓာတ်ကြီး လေးပါးနှင့် ဣရိယာပထအရ ဣရိယာပုထ်လေးပါးကို အဓိပ္ပာယ်နှင့်တကွ ရေးပြပါ။

ဖြေ ။ ။ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသော မြေ ရေ လေ မီးတို့ကို ဓာတ်ကြီး လေးပါးဟု ခေါ်ပါသည်။

လျှောင်း၊ ထိုင်၊ ရပ်၊ သွား၊ လေးပါးဣရိယာဟူသည့် အတိုင်း တိဋ္ဌ—ရပ်ခြင်း၊ စရံ-သွားခြင်း၊ နိသိန္နော-ထိုင်ခြင်း၊ သယာနော—အိပ်ခြင်း (လျှောင်းခြင်း) တို့ကို ဣရိယာပုထ်လေးပါးဟု ခေါ်ပါသည်။

မေး။ ။ဗြဟ္မစရိယာ ကျင့်နှစ်ဖြာ—အရ အကျင့် နှစ်ပါးကို ဖော်ပြပါ။

ဖြေ။ ။ ဝါစပေကျမ်းဂန်သင်အံလေ့ကျက်ဆောင်ရွက်ပို့ချခြင်း ဟူသော ဂန္ထဓုရအကျင့်နှင့် ဘာဝနာ ကမ္မဋ္ဌာန်း

www.dhammaransi.com



စီးဖြန်းခြင်းဟူသော ဝိပဿနာဓုရ အကျင့်နှစ်ပါးကို ခေါ်ပါသည်။

မေး။ ။ဂိလာနပစ္စယ ဆေးပစ္စည်း ဟူသည်ကို ငါးမျိုးထက် မနည်း ဖော်ပြပါ။

ဖြေ ။ ။ပျားရည်၊ သကာရည်၊ လျက်ဆား၊ ထောပတ်၊ ဆီဦး၊ ဆီ။

မေး။ ။လိင်ကျခြင်းဟူသော စကား၏ အဓိပ္ပာယ်ကို ရှင်းပြပါ။

ဖြေ ။ ။သူ့အသက်သတ်ခြင်း စသော ပြစ်မှု ဆယ်ပါးတွင် တပါးပါးကို ကျူးလွန်သောသာမဏေသည် အသွင်ကို ဖျက် လူထွက်စေအပ်ခြင်း၊ လိင်=သာမဏေ၏ အသွင်သဏ္ဌာန်မှ လျှောကျခြင်းကို လိင်ကျခြင်းဟု ခေါ်ပါသည်။

မေး ။ ။ဘိက္ခုနီမကို ကျူးလွန်ခြင်းသည် အဗြဟ္မစရိယသိက္ခာပုဒ်နှင့်ပင် လုံလောက်ပါလျက် အဘယ်ကြောင့် ဘိက္ခုနီဒူသက သိက္ခာပုဒ်ကို တသီးတခြား ထပ်၍ ဆိုရပါသနည်း။

ဖြေ ။ ။ဘိက္ခုနီမ၌ မေထုန်ကျင့်မှု၏ ပိုမို၍ အပြစ် ကြီးမားကြောင်းကို ပြလိုသောကြောင့် သီးခြား ထပ်၍ ပညတ်တော်မူပါသည်။

မေး။ ။လူမ တိရစ္ဆာန်မတို့၌ ကျူးလွန်ခြင်းထက် ဘိက္ခုနီမ၌ ကျူးလွန်ခြင်းက မည်ကဲ့သို့သော အပြစ်များ ပိုမို၍ ကြီးမားပါသနည်း။

www.dhammaransi.com



ဖြေ ။ ။လူမ တိရစ္ဆာန်မတို့၌ ကျူးလွန်သော သာမဏောသည် နောင်အခါ စောင့်စည်းလိုစိတ်ရှိပါက သာမဏေ အဖြစ်နှင့် ဆက်လက်နေခွင့် ရသည့်အပြင် ရဟန်း ဘောင်သို့ပင် တက်ရောက်နိုင်ပါသေးသည်။ ဘိက္ခုနီမ၌ ကျူးလွန်မိသောသာမဏေမှာမူ နောင်တ အခါခါ မည်မျှပင် ရသော်လည်း ရဟန်းပြုဖို့ မဆို ထားဘိ သာမဏေအဖြစ်နှင့်ပင် ဆက်လက် နေခွင့် မရှိတော့ပါ။

မေး။ ။ဒဏ်ထိုက်ခြင်းဟူသော စကား၏ အဓိပ္ပာယ်ကို ရှင်း ပြပါ။

ဖြေ ။ ။ဝိကာလဘောဇန စသော ပြစ်မှုဆယ်ပါးတွင် တပါး ပါးကို ကျူးလွန်မိသော သာမဏေကို သဲဒဏ် ရေ ဒဏ် စသည် ထမ်းစေ၍ နောင် မပြုဝံ့အောင် နှိပ်ကွပ် သောအားဖြင့် ဒဏ်ပေးထိုက်လောက်အောင် ပြစ်မှု ကျူးလွန်မိခြင်းကို ဒဏ်ထိုက်ခြင်းဟု ခေါ်ပါသည်။

မေး။ ။ဥစ္ဆေဒဒိဋ္ဌိအကြောင်းကို ရှင်းပြပါ။

ဖြေ ။ ။"မည်သူမဆို ဤဘဝမှ သေလျှင် ဘဝပြတ်တော့ ၏။ နောက်ထပ် မဖြစ်ရတော့"ဟူသော ခံယူချက် သည် ဥစ္ဆေဒဒိဋ္ဌိဖြစ်၏။

မေး။ ။အဘယ်ကြောင့် သေခိယ ခေါ်ပါသနည်း။ သေခိယ ၏ အဓိပ္ပာယ်ကို ရှင်းပြပါ။

www.dhammaransi.com



ဖြေ။ ။သင်အပ်၊ ကျင့်အပ်၊ သင်ထိုက်၊ ကျင့်ထိုက်သော ကြောင့် သေခိယဟု ခေါ်ပါသည်။
သင်နေရုံ၊ အရကျက်နေရုံဖြင့် ကိစ္စမပြီးသေး၊ သိက္ခာပုဒ်အတိုင်း လိုက်နာ ပြုကျင့်ထိုက်သည်၊ အားထုတ်ထိုက်သည် ဟူသော အဓိပ္ပာယ်ကိုလည်း ဆောင်ပါသည်။

မေး။ ။သင်းပိုင်ကို ဒူးဆစ်အောက်၌ မည်မျှလောက် ချ၍ ဝတ်ရပါမည်နည်း။

ဖြေ။ ။ဒူးဆစ်အောက်၌ လက်ရှစ်သစ်ချ၍ ဝတ်ရပါမည်။

မေး။ ။ဩက္ခိတ္တစက္ခု သိက္ခာပုဒ်အရ စက္ခုန္ဒြေချပြီးသွားခြင်း ဟူသည် ရှေ့ကို မည်မျှလောက်ကြည့်၍သွားခြင်းမျိုး ဖြစ်ပါသနည်း။

ဖြေ။ ။ရထားတံပိုးတပြန်လောက်၊ လေးတောင်ခန့် ကြည့်၍ သွားခြင်းကို စက္ခုန္ဒြေချပြီး သွားခြင်းဟု ခေါ်ပါသည်။

မေး။ ။လူတွေ ပုဆိုးမ,၍သွားသလို သာမဏေများသင်္ကန်းကို မ,၍ ရွာတွင်းသို့ သွားကောင်းပါသလော။ အဘယ် သိက္ခာပုဒ်က ဆိုကဲ့သို့ မ,၍ ပင့်၍ မသွားရန် တားမြစ်ထားပါသနည်း။

ဖြေ။ ။လူတွေ ပုဆိုးမ,၍သွားသလို သာမဏေများသင်္ကန်းကို မ,၍ ရွာတွင်းသို့ မသွားကောင်းပါ။ဤကဲ့သို့မသွားရန် ဥက္ခိတ္တကာယ သိက္ခာပုဒ်က တားမြစ်ထားပါသည်။

www.dhammaransi.com



မေး။ ။အပြဟမ္မစရိယသိက္ခာပုဒ်နှင့် ပတ်သက်၍ မဂ်သုံးမျိုးကို ဖော်ပြပါ။

ဖြေ။ ။ဝစ္စမဂ်=ကျင်ကြီးပေါက်၊ ပဿာဝမဂ်=ကျင်ငယ်ပေါက်၊ မုခမဂ်=ပါးစပ်ပေါက်တို့ ဖြစ်ပါသည်။

မေး။ ။သေရည်မှန်းမသိကြ၍ သောက်မိကြသော ရဟန်းနှင့် သာမဏေတို့၌ အပြစ်ရပုံခြင်း တူမတူ ရှင်းပြပါ။

ဖြေ။ ။ရဟန်းမှာ သေရည်မှန်း မသိသော်လည်း သောက်မိလျှင် ပါစိတ်အာပတ်သင့်၍ သာမဏေမှာမူ သေရည်မှန်းမသိ၍ သောက်မိခြင်းကြောင့် သီလမပျက်၊ လိင်မကျပါ။

မေး။ ။မည်ကဲ့သို့ နင်း၍သွားခြင်းကိုဖဝါးစွန်းနင်းခြင်း(ဖဆွံ့နင်းခြင်း)ဟု ခေါ်ပါသနည်း။

ဖြေ။ ။ခြေဖျားဖြင့်သာ ထောက်၍ သွားခြင်းကို လည်းကောင်း၊ ခြေဖျားကိုထောင်၍ ဖနောင့်ဖြင့်သာနင်း၍ သွားခြင်းကိုလည်းကောင်း၊ ဖဝါးစွန်းနင်းခြင်း(ဖဆွံ့နင်းခြင်း) ဟု ခေါ်ပါသည်။

မေး။ ။အဘယ်ကဲ့သို့ နေထိုင်ခြင်းမျိုးကို လက်အာယောဂပတ်၊ ပုဆိုး(အဝတ်) အာယောဂပတ်ဟု ခေါ်ပါသနည်း။

ဖြေ။ ။ဒူးနှစ်ဘက်ကိုထောင်၍ လက်နှစ်ဘက်ဖြင့် ပတ်ဖွဲ့၍ ထိုင်ခြင်းကို လက်အာယောဂပတ်ဟုခေါ်၍ ပုဆိုးအဝတ်ကြိုး စသည်တို့ဖြင့် ပတ်ဖွဲ့၍ ထိုင်ခြင်းကို ပုဆိုး(အဝတ်) အာယောဂပတ်ဟု ခေါ်ပါသည်။

www.dhammaransi.com



မေး။ ။ခဲဖွယ် ဘောဇဉ် စားသောက်မှုနှင့်ပတ်သက်၍ **ကာလ** နှင့် **ဝိကာလ**တို့ကို အချိန်သတ်မှတ်ပိုင်းခြားပြပါ။

ဖြေ။ ။အရုဏ် တက်ချိန်မှ စ၍ မွန်း တည့် တိုင် အောင် သော အချိန်သည် ခဲဖွယ်ဘောဇဉ် စား ကောင်း သော **ကာလ**မည်၏။

မွန်းလွဲချိန်မှစ၍ အရုဏ်မတက်မီ အချိန်အတွင်းသည် **ဝိကာလ**=ရဟန်းသာမဏေတို့အတွက် ခဲဖွယ် ဘောဇဉ်တို့ကို စားသောက်နိုင်သော အချိန်မဟုတ်။

မေး။ ။အာဟာရနှင့် ပတ်သက်၍ ကာလိကလေးမျိုးတို့ကို အာဟာရနှင့် တွဲစပ်ပြပါ။

ဖြေ။ ။၁။ ယာဝကာလိက=ထမင်း၊ မုန့် စသည်များ၊

၂။ ယာမ ကာလိက=ဖျော်ရည်၊ ဘိလပ်ရည် စသည် များ၊

၃။ သတ္တာဟကာလိက=စတုမဓု စသည်များ၊

၄။ ယာဝဇီဝက=ဆေး-ရေစသည်များ။

မေး။ ။မည်မျှလောက်ကြီးသော ဆွမ်းလုတ်ကို အတိမဟန္တ ဟု ခေါ်ပါသနည်း။

ဖြေ။ ။ဒေါင်းဥလောက်ကြီးသော ဆွမ်းလုတ်ကို အတိမဟန္တ ဟု ခေါ်ပါသည်။

မေး။ ။ကျန်းမာပါလျက် ဆွမ်းနှင့် ဆွမ်းဟင်းတို့ကို အဘယ် သူတို့ထံတွင် တောင်းကောင်း၍ အဘယ်သူတို့ထံမှ မတောင်းကောင်းပါသနည်း။

www.dhammaransi.com



ဖြေ။ ။ဆွေမျိုး တော်စပ်သူနှင့် ပစ္စည်းလေးပါးဖြင့် ဖိတ်ထားသူများထံတွင် တောင်းကောင်း၏ ဉာတိ ပဝါရိတဟုခေါ်ပါ၏။ အခြားသူများထံတွင် မတောင်းကောင်းပါ။

မေး။ ။ပါဒုကနှင့် ဥပါဟနကို ခွဲခြားပြပါ။

ဖြေ။ ။သဲကြိုးမပါသော အဖျားး၌ ဘုတပ်သော သစ်သားဖိနပ်ကို ပါဒုက=ခြေနင်းဟုခေါ်၏ ထိုမှကြွင်းသော သဲကြိုးတပ်သော နောက်ပိတ်စသောဖိနပ်အမျိုးမျိုးကို ဥပါဟန=ဖိနပ်ဟု ခေါ်ပါသည်။

မေး။ ။တရားမဟောရန် တားမြစ်သတ်မှတ်ထားသောသိက္ခာပုဒ်တို့ကို သချာမျှဖော်ပြ၍ တရားအရ မည်သည့်တရားကို ယူရပါမည်နည်း။

ဖြေ။ ။၁၆ပုဒ် ရှိပါသည်။
တရားအရ ပါဠိတော်နှင့် အဋ္ဌကထာတို့၌ တိုက်ရိုက်လာသော ပါဠိစကားကိုသာ ယူရပါသည်။

မေး။ ။အစားအသောက်နှင့်ပတ်သက်၍ ပညတ်သော သိက္ခာပုဒ်များကို အရေအတွက်မျှ ဖော်ပြ၍ ရေတွင်းရေကန်၌ တံတွေး နှပ် စသည်ကို ထွေးညှစ်သော သာမဏေတွင် မည်သည့်အပြစ် ရှိပါသနည်း။

ဖြေ။ ။၂၆ ပုဒ်ရှိပါသည်။
ဒဏ်ထိုက်ပါသည်။

မေး။ ။အောက်ပါတို့၏ အဓိပ္ပာယ်ကို ရေးပြပါ။

www.dhammaransi.com



(က) အာဂန္တု၊ (ခ) အာဝါသိက၊
(ဂ) သစ်ဘဏ္ဍာ၊ (ဃ) မြေဘဏ္ဍာ၊

ဖြေ။ ။(က) သူတပါးတို့၏ ကျောင်းတိုက်သို့ ခေတ္တခဏ သွားရောက်သော ရဟန်း သာမဏေတို့ကို အာဂန္တု-ဧည့်သည်။

(ခ) မိမိတို့နေမြဲ ကျောင်း၌ အတော် ကြာကြာနေသော ရဟန်း သာမဏေတို့ကို အာဝါသိက= ကျောင်းနေပုဂ္ဂိုလ်။

(ဂ) သစ်သားဖြင့်ပြုလုပ်ထားသော ခုတင်၊ ကုလားထိုင်၊ စားပွဲ စသည်ကို သစ်ဘဏ္ဍာ၊

(ဃ) မြေဖြင့် ပြုလုပ်ထားသော အိုး ခွက် ပန်းကန် စသည်ကို မြေဘဏ္ဍာဟု ခေါ်ပါသည်။

မေး။ ။တောကျောင်းနေပုဂ္ဂိုလ်တို့သည် အဘယ်သူတို့အတွက် အဘယ်ကြောင့် သောက်ရေသုံးရေ တည်ထားရပါသနည်း။

ဖြေ။ ။သူခိုး ဒမြ စသူတို့အတွက် တောင်းလာ၍ မရခဲ့သော် အန္တရာယ်ပြုတတ်သောကြောင့် သောက် ရေ သုံး ရေ တည်ထားရပါသည်။

မေး။ ။တောကျောင်းနေ ပုဂ္ဂိုလ်သည် အ ရပ် မျက် နှာ နှင့် နက္ခတ်တာရာတို့ကို သိမထားလျှင် မည်သို့ ဖြစ်နိုင်ပါသနည်း။

www.dhammaransi.com



ဖြေ။ ။သူခိုးဒမြ စသူတို့ကမေး၍ မပြောပြနိုင်လျှင် အန္တရာယ် ပြုသွားနိုင်ပါသည်။

မေး။ ။မထေရ်ကြီးနှင့် တကျောင်းတည်းနေသော သာမဏေ သည် မထေရ်ကြီး၏ ခွင့်ပြုချက်မယူပဲ တံခါးဖွင့်၍ စာကျက်စာအံပြုသော် မည်သည့်အပြစ် ရှိပါသနည်း။

ဖြေ။ ။ဒုက္ကဋ်ထိုက်ပါသည်။

မေး။ ။အနုမောဒနာပြုခြင်း၏ အဓိပ္ပာယ်ကို ရှင်းပြပါ။

ဖြေ။ ။အလှူဒါယကာတို့ ဝမ်းမြောက် ဝမ်း သာ ရှိအောင် တရားဟောမှုကိုအနုမောဒနာပြုခြင်းဟုခေါ်ပါသည်။

မေး။ ။သဒ္ဓိဝိဟာရိက တပည့်နှင့် အန္တေဝါသိက တပည့်တို့၏ သဘောသွားကို ရေးပြပါ။

ဖြေ။ ။ဥပဇ္ဈာယ်ဆရာနှင့် အတူနေသော တပည့်သည်၊ သဒ္ဓိ ဝိဟာရိက တပည့်မည်၏။
ဆရာလေးမျိုးတို့၏ အတွင်းနေ၊ အနီးနေ တပည့်လေး မျိုးတို့ကို အန္တေဝါသိက တပည့်ဟု ခေါ်ပါသည်။

မေး။ ။ဆရာလေးမျိုးနှင့် တပည့်လေးမျိုးတို့ကို ဖော်ပြပါ။

ဖြေ။ ။၁။ ပဗ္ဗဇ္ဇာစရိယ=ရှင်ပြုပေးသော ဆရာ၊
၂။ ဥပသမ္ပဒါစရိယာ–ရဟန်းပြုပေးသော ဆရာ၊
၃။ ဓမ္မာစရိယာ=စာချပေးသော ဆရာ၊
၄။ နိဿယာစရိလ=နိဿရည်းပေးသော ဆရာ။
၁။ ပဗ္ဗဇ္ဇာဒန္တေဝါသိက=ရှင်ပြုပေးအပ်သေတပည့်၊

www.dhammaransi.com



၂။ ဥပသမ္ပဒန္တေဝါသိက= ရဟန်း ပြုပေးအပ်သော တပည့်၊

၃။ ဓမ္မန္တေဝါသိက =စာချပေးအပ်သော တပည့်။

၄။ နိဿယန္တေဝါသိက= နိဿ ရည်း ယူ၍နေသော တပည့်။

မေး။ ။ပဲဟင်းကို ဆွမ်း၏ လေးဖို့တဖို့ထက် ပို မို ခံယူ၍ စားသော သာမဏေအား ဒုက် ဘယ် နှစ် ချက် ထိုက်ပါသနည်း။

ဖြေ။ ။ပဲဟင်းကို ဆွမ်း၏ လေး ပုံတ ပုံ ထက် ပိုမို ခံယူခြင်းကြောင့် ဒုက်တချက်၊ ပိုမို စားသုံးခြင်းကြောင့် ဒုက်တချက်၊ ဒုက်နှစ်ချက် ထိုက်ပါသည်။ (သမသူပတပဋိဂ္ဂဟဏ နှင့် သမသူပကဘုဉ္ဇန—ခံယူမှုနှင့် စားမှု)။

မေး။ ။ဆွမ်းကို မရိုမသေ ခံယူ၍ မရိုမသေ စားသော သာမဏေသည် ဒုက် ဘယ် နှစ် ချက် ထိုက် ပါ သ နည်း၊ သိက္ခာပုဒ် အထောက်အထားနှင့် ဖြေဆိုပါ။

ဖြေ။ ။သက္ကစ္စ ပဋိဂ္ဂဟဏ—သိက္ခာပုဒ်အရ မရိုမသေ ခံယူမှုအတွက် ဒုက်တချက်၊ သက္ကစ္စ ဘုဉ္ဇန—သိက္ခာပုဒ်အရ မရိုမသေ စားမှုအတွက် ဒုက်တချက်၊ ပေါင်း ဒုက် နှစ်ချက် ထိုက်ပါသည်။

မေး။ ။သပိတ်၌ သတိမူ အမှတ်ထား၍ ဆွမ်းခံရန်နှင့်သပိတ်၌ သတိမူ အမှတ်ထား၍ ဆွမ်းစားရန် မည်သည့် သိက္ခာပုဒ်များက ညွှန်ကြားထားပါသနည်း။

www.dhammaransi.com



ဖြေ။ ။ပတ္တသညီ ပဋိဂ္ဂဟာဏ သိက္ခာပုဒ်နှင့် ပတ္တသညီဘုဥ္စန သိက္ခာပုဒ်များက ညွှန်ကြားထားပါသည်။

မေး။ ။ဆွမ်းကိုစားရာတွင် ဆွမ်းဦးမှ နှိုက်၍စားသော သာမဏေနှင့် ဆွမ်းကို ဟိုနားကနှိုက်စား၊ သည်နားက နှိုက်စားသော သာမဏေတို့ကို မည်သည့် သိက္ခာပုဒ်များက ဒဏ်ထိုက်စေပါသနည်း၊ သိက္ခာပုဒ်နှင့် တွဲစပ်ပြပါ။

ဖြေ။ ။ဆွမ်းဦးမှနှိုက်စားသော သာမဏေသည် **ထူပကတ** သိက္ခာပုဒ်အရ ဒဏ်ထိုက်စေပါသည်။
ဆွမ်းကို ဟိုနားကနှိုက်စား၊ သည်နားက နှိုက်စားသော သာမဏေသည် **သပဒါန** သိက္ခာပုဒ်ဖြင့် ဒဏ်ထိုက်စေပါသည်။

❊ ◆ ❊

www.dhammaransi.com

# နိဂုံး

ရှင်သာမဏေတို့ ကျင့်ဆောင်ဖွယ်ရာဖြစ်သော ရှင်ကျင့်ဝတ်ကား ဤတွင် အဆုံးသတ်ခဲ့ပေပြီ။ ဤ ရှင်ကျင့်ဝတ်ပါ သိက္ခာပုဒ်တော်များနှင့် ဝတ်ကြီး ဝတ်ငယ် အသွယ်သွယ်တို့ကို ဝိနည်းပါဠိတော်မှ ထုတ် နုတ် ၍ ရှေး ဆ ရာ တော် ကြီး များ သည် ရှင်သာမဏေများ ကျင့်နိုင်ရုံ စီစဉ်၍ ထားခဲ့ကြခြင်း ဖြစ်သည်။

ဤ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကို ဖြည့်ကျင့်မှ၊ ဝတ်ကျေမှသာ အပြစ်ကြီး အပြစ်ငယ်တို့မှ ကင်းလွတ်နိုင်ပေမည်။ ဝတ်ကြီးဝတ်ငယ်တို့ကို မဖြည့်ကျင့်လျှင် အပြစ်ကြီး အပြစ်ငယ် တင်ရှိ၍ သီအလည်း စင်ကြယ်တော့မည် မဟုတ်ချေ။ သီလ မစင်ကြယ်လျှင် စိတ်မတည်နိုင်၊ စိတ်မတည်လျှင် လမ်းမှန်ကို မမြင်နိုင်၊ လမ်းမှန်ကို မမြင်လျှင်ဒုက္ခမှ မလွတ်မြောက်နိုင်ပေ။

ထို့အတူ သိက္ခာပုဒ်တို့တွင်လည်း လိုက်နာပြုကျင့်ဖွယ်တို့ကို မလိုက်နာ မပြုကျင့်၊ ရှောင်ကြဉ်ဖွယ်တို့ကို မရှောင်ကြဉ်ပဲ ကျူးလွန်ခဲ့ပြန်ပါကလည်း ဒဏ်ထိုက်ပေတော့မည်။ အသင်္ကန်ကိုဖျက် လူထွက်စေလောက်သော ပြစ်မှုတို့ကို ကျူးလွန်ပြန်ပါကလည်း လိင်ကျပေတော့မည်။ လိင်ကျလျက်နှင့် အသင်္ကန် မပြောင်းပဲ သို့မဟုတ် သရဏဂုံ ထပ်မယူ၊ ဥပဇ္ဈာယ် ထပ်မယူပဲ နေပြန်ကလည်း လိင်္ဂထေနက=လိင်ခိုးရာ (အသင်္ကန်ခိုးရာ)ကျရောက်ပေတော့မည်။ လိင်ခိုးသည်ဟူသည် အမြင်အားဖြင့် ပေါ့ပေါ့ပင်ဟုထင်စရာရှိသော်လည်း နက်နက်နဲနဲ စိစစ်၍ လိင်ခိုး အစစ်အမှန်ဖြစ်ချေက ရဟန်းတပါး ပါရာဇိကကျသည်ထက်ပင်ဆိုးသေး၏။

www.dhammaransi.com

ထိုနည်းတူစွာပင် ပစ္စည်းလေးပါးတို့ကို သုံးဆောင်ခြင်း၊ သုံးစွဲခြင်းကား မပြတ်ပင် သုံးဆောင် သုံးစွဲ နေရမည်ပင် ဖြစ်သကဲ့သို့ ပစ္စဝေက္ခဏာတင်၍ ဆင်ခြင် နေရမည် မှာလည်း သုံးစွဲတိုင်း၊ သုံးဆောင်တိုင်း မပြတ်ပင် ဆင်ခြင်နေရမည်သာ ဖြစ်၏။ တရက်တလေ သတိလွတ်၍ မဆင်ခြင်မိသည်နှင့် ဣဏ ပရိဘောဂကြွေး တင်ခြင်းကား နောက်က ထက်ကြပ်မကွာ ကပ်၍ ပါလာတော့မည်ဖြစ်ပေသည်။ ကြွေးတင်သောသူသည် တရပ်တပါးသို့ ဖဲသွားရန် မလွယ်ကူသကဲ့သို့ ဣဏပရိဘောဂ ဟူသော စားသောက်သုံးစွဲမှုကြွေးတင်သော ရဟန်း သာမဏေ အဖို့တွင်လည်း သံသရာဟူသောရေအလျဉ်မှနိဗ္ဗာန်တည်းဟူသော ကမ်းတဘက်သို့ ခရီးဆက်ဖို့ လွယ်ကူလှတော့မည် မဟုတ်ချေ။

ထို့ကြောင့် ဤ ရှင်ကျင့်ဝတ်၌ ပါဝင်သော ဗုဒ္ဓရှင်တော် မြတ်၏ အာဏာတော်မြတ်၊ အမိန့်တော်မှတ်၍၊ ပညတ် ထုတ် ဖော်၊ ဟောကြားတော်မူအပ်သော သိက္ခာပုဒ် ကျင့်ဝတ်တော် များ၊ ကိုယ်ကျင့်တရားများကို ဖြည့်ကျင့်သော ရှင်သာမဏေ စသည်မဟူ ကျင့်ကြံသူ ဟူသမျှတို့သည် လွန်စွာစုံမက် ကိုယ့် အသက်ကို ရက်ရက်မသေ့ စွန့်လိုက်ရစေကာမူ ဗုဒ္ဓရှင်တော်မြတ် ၏ ကိုယ်ကျင့်တရား သိက္ခာပုဒ်တော်များကို လေးစားမပျက် ဦးထိပ်ရွက်ကာ အသက်ထက်ပင် ခိုင်မြဲမြတ်နိုး တန်ဖိုးဂုဏ်မြှင့် သဒ္ဓါဝင့်ကာ ကျင့်နိုင်ကြပါစေ၊ (ပါတိမောက္ခသံဝရ သီလ)၊

သတိပြု၍ ပြစ်မှုအများ ရှောင်ရှားနိုင်ကြပါစေ၊ (ဣန္ဒြိယ သံဝရသီလ)၊ လုံ့လကြိုးကုတ်၊ အားထုတ် နိုင်ကြပါစေ၊ (အာဇီဝ ပါရိသုဒ္ဓိသီလ)၊ ဉာဏ်သက်ဝင်၍ ဆင်ခြင်သမှု၊ ပြုနိုင်ကြပါစေ၊ (ပစ္စယ သန္နိဿိတ သီလ)။ ။

www.dhammaransi.com



| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၂ | ၁ | ဘာစပဥ္စက | တစပဥ္စက |
| ၂ | ၁၀ | ဟာစပဥ္စက | တစပဥ္စက |
| ၄ | ၄ | ပဗ္ဗာဇေတ | ပဗ္ဗာဇေထ |
| ၄ | ၄ | အနုကမ္ပံ | အနုကမ္ပံ |
| ၄ | ၅ | ဥပဒါယ | ဥပါဒါယ |
| ၄ | ၁၁ | ကနုကမ္ပံ | အနုကမ္ပံ |
| ၄ | ၁၂ | ပဗ္ဗဇေထ | ပဗ္ဗာဇေထ |
| ၅ | ၃ | အနုကမ္ပံ | အနုကမ္ပံ |
| ၅ | ၄ | ဘန္တေ | ဘန္တေ |
| ၅ | ၈ | အနုကမ္ပံ | အနုကမ္ပံ |
| ၅ | ၁၄ | မောစနတ္ထာရ | မောစနတ္ထာယ |
| ၇ | ၄ | သာမဏေရ | ဒသသာမဏေရ |
| ၁၁ | ၃ | ပိုက်ဆောက်ထားခြင်း | စိုက်ဆောက်ထားခြင်း |
| ၁၁ | ၁၅ | နိဂ္ဂဟိကန္တ | နိဂ္ဂဟိတန္တ |
| ၁၃ | ၃ | အဒိန္နဒါနာ | အဒိန္နာဒါနာ |
| ၁၃ | ၁၁ | ဝိဘူသနဋ္ဌာန | ဝိဘူသနဋ္ဌာနာ |
| ၁၅ | ၁၃ | ဆိုအပ်သောတချိန်၌ | ဆိုအပ်သောအချိန်၌ |
| ၁၆ | ၇ | စတုမဓု | စတုမဓု |
| ၁၆ | ၁၀ | ထိခြင်း | သိခြင်း |
| ၁၉ | ၂ | ဇာတုမာသက | ဇတုမာသက |
| ၂၀ | ၁၁ | ဟောတိ | ဟောဟိ |
| ၂၂ | ၇ | အရာကို | ဆရာကို |
| ၂၄ | ၅ | ပရိဘော | ပရိဘောဂ |
| ၂၆ | ၅ | သရိသပ | သရိသပ |

www.dhammaransi.com



| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၂၆ | ၁၄ | ဝါက+အာတပ | ဝါတ+အာတပ |
| ၂၇ | ၅ | ဝိဟိံသုပရတ္တိယာ | ဝိဟိံသူပရတိယာ |
| ။ | ၆ | နဂ္ဂဟာယ | နုဂ္ဂဟာယ |
| ။ | ၇ | ဘပိဿတိ | ဘဝိဿတိ |
| ။ | ၈ | ဖာသုပိဟာရောစ | ဖာသုဝိဟာရောစ |
| ။ | ၁၅ | သက်ဝေ့ | လက်ဝေ့ |
| ၂၉ | ၈ | ဝိဟိံသူပရတ္တိယာ် | ဝိဟိံသူပရတိယာ |
| ၃၀ | ၁၄ | ဂန္ထဓူရ | ဂန္ထဓုရ |
| ။ | ၁၇ | ဝိပဿနာဓူရ | ဝိပဿနာဓုရ |
| ၃၁ | ၄ | သိတဿ | သီဘဿ |
| ။ | ၅ | သရိသပ | သရီသပ |
| ။ | ၁၄ | သရိသပ | သရီသပ |
| ။ | ၁၈ | ဥတုဆေးကျမ်း | ဥတုဘေးဘျမ်း |
| ၃၂ | ၃ | နာရာမတ္တံဝေ | နာရမတ္တံဝေ |
| ။ | ၆ | နေပူလု | နေပူဟု |
| ။ | ၁၀ | ဂီလာန | ဂိလာန |
| ။ | ၁၁ | ဗာမိကာနံ | ဗာဓိကာနံ |
| ၃၃ | ၂ | ဂီလာနပစ္စယ | ဂိလာနပစ္စယ |
| ။ | ၉ | ဝေယျာဗာမိကာနံ | ဝေယျာဗာဓိကာနံ |
| ။ | ၁၀ | ဂီလာနဝစ္စယ | ဂိလာနပစ္စယ |
| ၃၄ | ၁၀ | နာကျင်ခံခက် | ကျင်နာခံခက် |
| ။ | ။ | ဖြစ်ပြီးဖြစ်တာ | ဖြစ်ပြီးဖြစ်လာ |

www.dhammaransi.com



| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၃၅ | ၂ | ပါဏာတိပါတိ | ပါဏာတိပါတီ |
| | ၂ | အဒိန္နာဒါယိ | အဒိန္နာဒါယီ |
| ။ | ၂ | အဗြဟ္မစာရိ | အဗြဟ္မစာရီ |
| ။ | ၃ | မုသာဝါဒိ | မုသာဝါဒီ |
| ။ | ၃ | သုရာဓမေရယမဇ္ဇပါယိ | သုရာမေရယမဇ္ဇပါယီ |
| ၃၇ | ၁၉ | ဘိက္ခုနိဒူသက | ဘိက္ခုနီဒူသက |
| ၄၀ | ၁ | ဒဏ္ဍတမ္မံ | ဒဏ္ဍကမ္မံ |
| ။ | ၅ | ဘိက္ခုနံအလာဘာယ | ဘိက္ခူနံအလာဘာယ |
| ။ | ၉ | ဘိက္ခုနံအနတ္ထာယ | ဘိက္ခူနံ အနတ္ထာယ |
| ။ | ၇ | ဘိက္ခုနံ အဝါသာယ | ဘိက္ခူနံ အဝါသာယ |
| ။ | ၇ | ဘိက္ခု အက္ကောသတိ | ဘိက္ခူ အက္ကောသတိ၊ |
| ။ | ၇ | ဘိက္ခု ဘိက္ခုတိ | ဘိက္ခူ ဘိက္ခူဟိ |
| ၄၁ | ၁၅ | ရှေ့ပိုင်းတွင် | နောက်ပိုင်းတွင် |
| ၄၂ | ၅ | ဘိက္ခုနံ ရဟန်းတို့၏ | ဘိက္ခူနံ ရဟန်းတို့၏ |
| ၄၃ | ၂-၃ | ဘိက္ခု-ရဟန်းတို့ကို | ဘိက္ခူ-ရဟန်းတို့ကို |
| ။ | ၄ | ဘိက္ခုဟိ-ရဟန်းတို့နှင့် | ဘိက္ခူဟိ-ရဟန်းတို့နှင့် |
| ၄၄ | ၈ | အန္တာရဃရေ | အန္တရဃရေ |
| ၄၅ | ၃ | သင့်ခြင်း | သင်ခြင်း |
| ။ | ၁၂ | အိမ်ရှင်အာဝါသိထ | အိမ်ရှင်အာဝါသိက |
| ။ | ၁၉ | ပြုကျင့်လိုက်သော | ပြုကျင့်ထိုက်သော |
| ၄၈ | ၅ | နိသီဒါဿာမိတိ | နိသီဒိဿာမိတိ |
| ။ | ၁၃ | အပြင်ဘက်လက်ဖျား | အပြင်ဘက်ခြေဖျား |
| ၄၉ | ၅ | ပရိမဏ္ဍ ဝဋ္ဋေါ | ပရိမဏ္ဍလဝဋ္ဋေါ |
| ၅၁ | ၁၉ | မကြားရသော | ကြားရသော |

www.dhammaransi.com



| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၅၁ | ၂၀ | မတာသဒ္ဒ | မဟာသဒ္ဒ |
| ၅၂ | ၅ | နကာယပ္ပံစာလက် | နကာယပ္ပစာလက် |
| ။ | ၅ | အန္တရာဂရေ | အန္တရာယရေ |
| ။ | ၇ | နဗာပုပ္ပံစာလက် | နဗာဟုပ္ပစာလက် |
| ။ | ၁၃ | နံသိသပ္ပစာလက် | န သိသပ္ပစာလက် |
| ။ | ၂၀ | လက်ရိုးကို | လက်ရုံးကို |
| ၅၃ | ၁၃ | နိုသီဒိဿ.မီတိ | နိသီဒိဿာမီတိ |
| ။ | ၁၇ | နိုသီဒိဿာမီတိ | နိသီဒိဿာမီတိ |
| ၅၄ | ၁ | န နိုသီဒိဿ.မိ | န နိသီဒိဿာမိ |
| ။ | ၅ | န နိုသီဒိဿာမိ | န နိသီဒိဿာမိ |
| ။ | ၉ | နိုသီဒိဿာမီတိ | နိသီဒိဿာမီတိ |
| ။ | ၁၈ | န နိုသီဒိဿာမိ | နနိသီဒိဿာမိ |
| ။ | ၂၀ | သက္ကစ္စံ | သက္ကစ္စံ |
| ၅၅ | ၁၀ | ပဲနောက်တင်းနှင့် | ပဲနောက်ဟင်းနှင့် |
| ။ | ၇ | ဘုဥ္ဇိသာမိ | ဘုဥ္ဇိဿာမိ |
| ။ | ၁၂ | န တုပကတော | န ထူပကတော |
| ။ | ၁၄ | ပတ္တသည် | ပတ္တသညီ |
| ၅၆ | ၁၇ | သမသုပကာ | သမသူပကာ |
| ၅၇ | ၃ | သမသုပကံ | သမသူပကံ |
| ။ | ၁၂ | သမသူပကာ | သမသူပကာ |
| ။ | ၁၆ | ပဝါရိတ | ပဝါရိတ |
| ။ | ၇ | ဣ န ဩလောကေ | န ဩလောကေ |
| ၆၀ | ၁၂ | ပရိငတ္တလ | ပရိမဏ္ဍလ |
| ၆၂ | ၂ | န ပပိက္ခိဿာမိ | န ပက္ခိပိဿာမိ |

www.dhammaransi.com



| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၆၃ | ၂၁ | နယတ္ထ နိစ္လေ့ဟက် | နဟတ္ထနိလ္လေဟက် |
| ။ | ၄ | ရှုတ်ရှုက်အသံကိုပြု၍ | ရှုတ်ရှုတ်အသံကိုပြု၍ |
| ။ | ၁၀ | သရဏီယာ-၏ | ကရဏီယာ-၏ |
| ။ | ၁၉ | သသိတ္တကံ | သသိတ္တကံ |
| ။ | ၂၀ | နသဋ္ဌေသာမိ | နဆဋ္ဌေဿာမိ |
| ။ | ၈ | ကြဲသည်ကြဲ | ဟိုကြဲသည်ကြဲ |
| ၆၆ | ၁ | ဒေါ်သေဿာမိတိ | ဒေဿေဿာမိတိ |
| ။ | ၁၈ | နဒေဿာမိ | နဒေဿေဿာမိ |
| ။ | ၁၆ | ဥပါဟနာဂုဋ္ဌဿ | ဥပါဟနာရုဋ္ဌဿ |
| ၆၉ | ၃ | နဆမာယ | နဆမာယံ |
| ။ | ၆ | ဒေသေဿာမိတိ | ဒေသေဿာမိတိ |
| ၇၁ | ၃ | ပဿဝံ့ဝါ | ပဿာဝံဝါ |
| ။ | ၃ | ခေဠံဝါ | ခေဠံဝါ |
| ။ | ၄ | ကရိဿာမိဝါ | ကရိဿာမိတိ |
| ။ | ၅ | ပဿဝံဝါ | ပဿာဝံဝါ |
| ၇၂ | ၄ | ခေဋ္ဌဝါ | ခေဠံဝါ |
| ။ | ၉ | ခေဋ္ဌဝါ | ခေဠံဝါ |
| ။ | ၁၁ | ပါဒုဘာဝဂ္ဂေါ | ပါဒုကာဝဂ္ဂေါ |
| ။ | ၁၄ | ကတံ | ကထံ |
| ။ | ၁၅ | အာ၁န္တုကဝတ္တံ | အာဂန္တုကဝတ္တံ |
| ။ | ၁၆ | ဘတ္တဂ္ဂဝတ္တံ | ဘတ္တဂ္ဂဝတ္တံ |
| ။ | ၁၆ | အာရညိကဝတ္တံ | အာရညိကဝတ္တံ |
| ။ | ၂၀ | စရိတဗ္ဗာနိ | စရိတဗ္ဗာနိ |

# ( ၆ )

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၄၃ | ၁ | ခန္ဓကဝတ္ထာနိနာမ | ခန္ဓကဝတ္တာနိနာမ |
| ။ | ၆ | ဦးခေါင်း၌တပ်အပ် | ဦးခေါင်း၌တင်အပ် |
| ။ | ၈ | ရဟန်းသာမဏေသို့ | ရဟန်းသာမဏေတို့ |
| ။ | ၁၉ | စသည်တို့ကိုမှီးခြင်း | စသည်တို့ကိုသိုမှီးခြင်း |
| ၄၄ | ၁၆ | စလည်တို့ကိုမှီးခြင်း | စသည်တို့ကိုသိုမှီးခြင်း |
| ။ | ၂၁ | ဆွမ်းအလိုငှာ | ဆွမ်းအလိုငှာ |
| ။ | ၂၂ | အာရညိကငတ္တဥ္စ | အာရညိကဝတ္တဥ္စ |
| ၄၅ | ၂၂ | ဇန္တာသရ | ဇန္တာဃရ |
| ၄၆ | ၁ | ဝစ္စကုဋိဝတ္တဥ္စ | ဝစ္စကုဋိဝတ္တဥ္စ |
| ။ | ၂ | သင်္ကန်းကိုတင် | သင်္ကန်းကိုတင်ခြင်း |
| ။ | ၂ | သင်းပိုင်ကိုပင့်၍ မ,ဝင်ခြင်း | သင်းပိုင်ကိုပင့်၍ မဝင်ခြင်း |
| ။ | ၃ | စသည်ဖြင့်၍ | စသည်ဖြင့်မသုတ်သင်ခြင်း |
| ။ | ၁၂ | သဒ္ဓိပီတာရိက | သဒ္ဓိဝိဟာရိက |
| ။ | ၁၅ | သဒ္ဓိဝိဟာရိက | သဒ္ဓိဂိဟာရိက |
| ၄၇ | ၁၂ | ဥပသမ္ပဒန္တေဝါသိက | ဥပသမ္ပဒန္တေဝါသိက |
| ၄၈ | ၃ | ကောနိစ | တောနိစ |
| ။ | ၈ | ဟောတိ | ဟောဟိ |
| ၈၀ | ၂ | အသုဒ္ဓသိလော | အသုဒ္ဓသီလော |
| ။ | ၂ | စိတ္တေကပ္ပံ | စိတ္တေကဂ္ဂံ |
| ။ | ၉ | အသုဒ္ဓသိလော | အသုဒ္ဓသီလော |
| ။ | ၁၅ | သဗ္ဗမ္မံ | တဒ္ဓမ္မံ |

www.dhammaransi.com



| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၈၁ | ၁၅ | ပစ္စယသန္နိဿိတိ | ပစ္စယသန္နိဿိတ |
| ။ | ၁၃ | သံ၀ါရသီလ | သံ၀ရသီလ |
| ။ | ၂၂ | မာတုကာမ | မာတုဂါမ |
| ၈၃ | ၄ | ဝေဝဏ္ဏိယမှို အဇ္ဈုပဂတော | ဝေဝဏ္ဏိယမှို အဇ္ဈုပဂတော |
| ။ | ၈ | ကရဏီယောတိ | ကရဏီယောတိ |
| ၈၄ | ၄ | ကမ္မပဋိဿရဏော် | ကမ္မပဋိဿရဏော |
| ။ | ၁၂ | အမိဂတော | အဓိဂတော |
| ၈၅ | ၂ | အဇ္ဈုပဂတေ | အဇ္ဈုပဂတော |
| ။ | ၂ | အမှို | အမှို |
| ။ | ၆ | ပရပဋိဗန္ဓာ | ပရပဋိဗဒ္ဓါ |
| ၈၆ | ၁ | အတ္တာနုဝါဒဘေးမှ | အတ္တာနုဝါဒဘေးမှ |
| ။ | ၇ | န ဥပဝဒန္တိနုခေါ | န ဥပဝဒန္တိနုခေါ |
| ။ | ၁၈ | ပစ္စဝေက္ခိတဗ္ဗ·ဓါ။ | ပစ္စဝေက္ခိတဗ္ဗံ·ဓါ။ |
| ၈၇ | ၂ | အမှို | အမှို |
| ။ | ၃ | ပါပတံဝါ | ပါပကံဝါ |
| ။ | ၅ | ဘဿကမ္မဿ-ကို၊ ကံကောင်း | တဿကမ္မဿ· ထိုကံကောင်း |
| ။ | ၇ | ဘပိဿာမိ | ဘဝိဿာမိ |
| ။ | ၇ | ဣတိ-ကို | ဣတိ-သို့ |
| ။ | ၁၀ | ရတ္ထိန္ဒိဝါ | ရတ္တိန္ဒိဝါ |
| ။ | ၁၁ | ဣတိ-ကို | ဣတိ-သို့ |
| ။ | ၂၀ | ပစ္ဆိမေတာလေ | ပစ္ဆိမေကာလေ |
| ။ | ၂၁ | သဗြဟ္မစာရိဟိ | သဗြဟ္မစာရီဟိ |

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၉၈ | ၄ | ဥပ္ပတ္တံရိမန္ဒသာခမ္မော | ဥတ္တာရိမန္ဒသာခမ္မော |
| ။ | ၆ | အတ္ထိနခေါ | အတ္ထိနုခေါ |
| ။ | ၁၁ | ဆောက်ရာတည်ရာ | ထောက်ရာတည်ရာ |
| ၉၉ | ၄ | နှာရ | နှာရ |
| ။ | ၄ | ပက္ကံ | ဝက္ကံ |
| ။ | ၅ | တဒယံ | ဟဒယံ |
| ။ | ၆ | ကရိသံ | ကရီသံ |
| ။ | ၆ | မတ္တံလုင်္ဂံ | မတ္ထလုင်္ဂံ |
| ။ | ၈ | အသုံ | အသု |
| ။ | ၈ | လသိကာ | လသိကာ |
| ၁၀၀ | ၇ | ထွက်ရေများပြင် | တွက်ရေများဖြင် |
| ။ | ၈ | ပုဂ္ဂိုလ်သတ္တံဝါ | ပုဂ္ဂိုလ်သတ္တဝါ |
| ။ | ၂၁ | အောက်ထပ်အတူ | အောက်ထပ်အထူ |
| ၁၀၁ | ၁၁ | အဋ္ဌိ | အဋ္ဌိ |
| ။ | ၁၉ | ဝတ္တံ | ဝက္ကံ |
| ၁၀၂ | ၅ | ကြာနီပွင့်ဖက် | ကြာနီပွင့်ဖတ် |
| ။ | ၄ | စဉ်းငယ်ဖုံလျက် | စဉ်းငယ်နီလျက် |
| ။ | ၁၀ | ဘိကောမကံ | ကိလောမကံ |
| ။ | ၁၁ | နီးဆို့ရှိတည် | ဖုံးဆို့ရှိတည် |
| ၁၀၃ | ၁ | တစ်ယူသော | တစ်ဟူသော |
| ။ | ၆ | ဝစ္စမက်ငယ် | ဝစ္စမဂ်ငယ် |
| ။ | ၁၁ | ဖွဲ့နှောင်ခုည်ထုပ် | ဖွဲ့နှောင်ချည်တုပ် |
| ။ | ၁၅ | လျှော့စွဲဖွဲ့ထုပ် | လျှော့စွာဖွဲ့တုပ် |
| ။ | ၂၀ | ကရိသံ | ကရီသံ |

www.dhammaransi.com



| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၁၀၄ | ၃ | မတ္တလုင်္ဂ | မတ္ထလုင်္ဂံ |
| ။ | ၉ | ပျဉ်းပွင့်ပန်းထု | ပျဉ်းပွင့်ပန်းအတု |
| ။ | ၁၈ | ငါသူကပါး | ငါသူတပါး |
| ။ | ၂၁ | ရင်တွင်းအဆုတ် ညှိုး | ရင်တွင်းအဆုတ်ညှို့ |
| ။ | ၂၂ | သန္ဓိစိတသွေး | သန္ဓိစိတသွေး |
| ။ | ၂၃ | စုံနေသောသွေး | စုနေသောသွေး |
| ၁၀၅ | ၁၀ | ဖျားရာအသား | များရာအသား |
| ။ | ၁၁ | ကောဋ္ဌာသည် | ကောဋ္ဌာသသည် |
| ၁၀၆ | ၆ | ကလီငိုငြား | တလီငိုငြား |
| ။ | ၈ | အထက်ပေါက်မြင့် | အထက်ပေါက်ဖြင့် |
| ၁၀၇ | ၅ | အနောက်အကျတို့ကို | အနောက်အကျူတို့ကို |
| ။ | ၅ | တွန်းလှန်ခါထွက် | တွန်းလှန်ခါတွက် |
| ။ | ၁၆ | ခါထွက်သုတ်သင် | ခါတွက်သုတ်သင် |
| ၁၀၈ | ၁၈ | သန္တုဋ္ဌ ိတာ | သန္တုဋ္ဌိတာ |
| ၁၀၉ | ၅ | ဂဟပသိဒါနစိငရံ | ဂဟပတိဒါနစီဝရံ |
| ။ | ၁၅ | တေစိဝရိက် | တေစီဝရိက် |
| ။ | ၁၆ | စတုတ္တက | စတုတ္ထက |
| ။ | ၁၇ | တေစိဝရိကင်္ဂ | တေစီဝရိကင်္ဂံ |
| ။ | ၁၈ | စတုတ္တကစီဝရံ | စတုတ္ထကစီဝရံ |
| ။ | ၁၉ | တေစိငရိကင်္ဂ | တေစီဝရိကင်္ဂံ |
| ၁၁၁ | ၆ | ကောသနိုက် | ကောသနိုက် |
| ။ | ၈ | ကောသနိုကင်္ဂ | ကောသနိကင်္ဂံ |
| ။ | ၁၃ | မာဒါန္နစေတနာကို | သမာဒါနစေတနာကို |
| ။ | ၁၉ | ဒုတိယ်ကာဘဝဇနံ | ဒုတိယကာဘာဝဇနံ |

www.dhammaransi.com



| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၁၁၁ | ၂၂ | ပတ္တပိက်ဍကင်္ဂ | ပတ္တပိဏ္ဍိကင်္ဂ |
| ၁၁၃ | ၄ | ဂိလာနုပုဂ္ဂိုလ် | ဂိလာနပုဂ္ဂိုလ် |
| ၁၁၅ | ၁၀ | ထဝေစတုံရှောင် | ထဝေစတုံရှောင်း |
| ၁၂၁ | ၈ | စာရဏ မဏ္ဍန | ဓာရဏ မဏ္ဍန |
| ၁၂၄ | ၁၆ | တင်္ဂုရှုပ်ခြင်း | တိင်္ဂုရှုပ်ခြင်း |
| ၁၂၇ | ၁၀ | ဆိုကဲ့သို့မျှ | ထိုကဲ့သို့မျှ |
| ၁၂၈ | ၁၄ | တေမူ | တေမု |
| ၁၃၀ | ၃ | ပငါရိယမှတပါး | ပဝါရိတမှတပါး |
| ၁၃၂ | ၁၀ | ဥပသမ္ပဒါစရိယာ | ဥပသမ္ပဒါစရိယ |
| ။ | ၁၈ | ဓမ္မာစရိယာ | ဓမ္မာစရိယ |
| ။ | ၂၀ | နိဿယာစရိတ | နိဿယာစရိယ |
| ။ | ၂၁ | ပဗ္ဗဇ္ဇဒန္တေဝါသိက | ပဗ္ဗဇ္ဇန္တေဝါသိက |
| ၁၃၄ | ၃ | ဆွမ်းဦးမှု | ဆွမ်းဦးမှု |

www.dhammaransi.com

# ဖတ်ရှုသင့်သည့် ဘာသာရေးဆိုင်ရာ စာအုပ်များ

၁။ ဆ ဆက္ကသုတ္တန် ၈ ကျပ်

(ပါဠိတော်နှင့် မြန်မာပြန်)

**စစ်ကိုင်း ရွှေစေတီဆရာတော် မြန်မာပြန်သည်။**

[ဤဒေသနာတော်ကို ပိုင်ပိုင်နိုင်နိုင် သိထားလျှင် ဝိပဿနာ အရာတွင် အရေးပါအရာရောက်လှပါသည်။]

၂။ ရွှေစည်တရားတော်များ ၁၅ ကျပ်

[မန္တလေးမြို့၊ ရွှေစည်ဆရာတော် လယ်ဘီ အရှင်ကုလိသ၏ တရားများ]

၃။ ရွှေစည်ဝတ်ရွတ်စဉ် ၁၀ ကျပ်

[ရွှေစည်ဆရာတော် လယ်တီအရှင်ကုလိသ]

၄။ မဝ္ဂဒီပနီနှင့် သြဝါဒကထာ ၈ ကျပ်

လယ်တီဆရာတော်ဘုရားကြီး ပြေကြား ရေးသားသည်။

[သာသနာတော် သန့်စင်ရေးအတွက်လိုအပ်ချက်တို့ကို ရှင်းလင်း ဖွင့်ဆိုထားသည်။]

၅။ ရဟန်းမြတ်တို့ ကျင့်ရာကျမ်း ၆ ကျပ်

ပထမ ရွှေကျင် ဆရာတော်ဘုရားကြီး ရေးသားတော်မူသည်။

အမြို့မြို့ ဆိုင်တိုင်းမှာ မေးဝယ်ပါ။

စာပေလောက စာအုပ်တိုက်

အမှတ် ၁၇၃၊ ၃၃ လမ်း၊

ရန်ကုန်မြို့။

မျက်နှာဖုံးကြိုတင်ခွင့်ပြုအမှတ် (၀၇၈၂)